www.burmeseclassic.com

တံခွန်မှုး
စာအုပ်တိုက်

ချစ်သူက
ပြဋ္ဌာန်းတဲ့
ချစ်ခြင်း
ယဉ်ကျေးမှု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တံခွန်တိုင်

လူတစ်ယောက်ကို
ကိုယ်ပြန်ချစ်နိုင်သည်ဖြစ်စေ
မချစ်နိုင်သည်ဖြစ်စေ
ချစ်တတ်သူတစ်ယောက်ကိုတော့
လေးစားသမှုနဲ့
ယဉ်ကျေးစွာ တုန့်ပြန်သင့်ပါတယ်

ချစ်သူက
ပြဋ္ဌာန်းတဲ့
ချစ်ခြင်း
ယဉ်ကျေးမှု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၁၃၀၇၁၁၁၁
စာမူခွင့်ပြုအမှတ်
၅၀၀၉၈၄၀၈၁၁
မျက်နှာဖုံးပြုလုပ်ချက်
လှဝေသစ်
ထုတ်ဝေသူ
ဦးပြည့်လင်း(၀၄၄၀၃)၊
တံခွန်တိုင်စာပေ၊
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂၊
မိုးစမ္မာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ၊
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
တန်ဖိုး
၄၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
ဒီဇင်ဘာ၊ ၂၀၁၁-ပထမအကြိမ်


**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
တည်တံ့ခိုင်မြဲသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်ပေအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ထက်သန်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


လွန်းထားထား(ဆေးတက္ကသိုလ်) ၈၉၅·၈၃
ချစ်သူကပြဋ္ဌာန်းတဲ့ ချစ်ခြင်းယဉ်ကျေးမှု
/လွန်းထားထားဆေးတက္ကသိုလ်-ရန်ကုန်
တံခွန်တိုင်စာပေ၊ ၂၀၁၁။
၂၆၂-စာ၊ ၁၂·၀၀ x ၁၈·၀ စင်တီ
(၁)ချစ်သူကပြဋ္ဌာန်းတဲ့ ချစ်ခြင်းယဉ်ကျေးမှု


ပြည့်လင်း စီစဥ်ထုတ်ဝေသည်


တံခွန်တိုင် စာအုပ်တိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁ ၃၉၄၆၅၀၊ ၀၉ ၇၃ ၂၀၀ ၈၈၄၊ ၀၉ ၇၃၀ ၆၉၈၂၂



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရမှတ်တမ်း

ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အမေနဲ့အဖေ ...။
ဘဝရဲ့အဓိပ္ပာယ်တွေကို
မိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ မှတ်တမ်းတင်လျက် ...။



ပြင်းပြင်းရှရှ ...ခံစားမှု
အချစ်လုံးချင်း ဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူက ပြဋ္ဌာန်းတဲ့ ချစ်ခြင်းယဉ်ကျေးမှု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ယဉ်ကျေးမှု

(၁)



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ကို ကိုယ် ပြန်ချစ်နိုင်သည်ဖြစ်စေ . . .
မ ချစ်နိုင်သည်ဖြစ်စေ ...
ချစ်တတ်သူ တစ်ယောက်ကိုတော့
လေးစားသမှုနဲ့ ယဉ်ကျေးစွာ တုန့်ပြန်သင့်ပါတယ် ....

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လွန်းထားထား
(ဆေးတက္ကသိုလ်)

## ယဉ်ကျေးမှု(၁) ...

ဘေး

သ်း ဂရုမ

ဂုကြော

ကျောင်းဝင်း ပရဝုဏ်ထဲကို ရိုးရာရဲ့ ပြိုင်ကားအနီရဲရဲကလေး ခပ်ကြွမ်းကြွမ်းမောင်းဝင်လာပြီဆိုတာနဲ့ . . . ကျောင်းထဲမှာ ရှိနေသူတွေရဲ့ အနေအထားတွေက တစ်မျိုးပြောင်းကုန်တတ်တော့တာ။ ခြေလှမ်းလက်စကိုရပ်ပြီး ကားအနီးကလေးဆီလှမ်းပြီး စောင့်ကြည့်တဲ့သူ . . . ရည်းစားနဲ့ စကားလက်ဆုံကျနေရာကနေ ပြောလက်စ,စကားကို တီခနဲရပ်တန့်ပြီး ကားအနီက



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





လေးဆီကို (ဘယ်လို မြူစူမှုမျိုးကိုမှ ဂရုမစိုက်တော့ဘဲ အဲဒီ တဒင်္ဂကလေးအတွက် အရာရာကို ရင်ဆိုင်ဖို့ပြင်ဆင်ပြီး) မမှိတ်မသုန်စိုက်ကြည့်နေသူ . . . ဒီအချိန် ဒီနေရာကို တမင် ဟာကာရည်ရွယ်ချက်နဲ့လာရပ်စောင့်ကြည့်နေသူတွေအားလုံးရဲ့ အာရုံက ကားတံခါးကို ဖျတ်ခနဲဖွင့်ပြီး ထွက်ကျလာမယ့် ဒေါက် ချွန်ချွန်မြင့်မြင့်ကြီးနဲ့ ခြေဖမိုးလှလှတစ်စုံရယ် . . . ပြီးတော့ လှပတဲ့ ခြေသလုံးသားနုနုကလေးတွေကနေတဆင့် ကိုယ်ခန္ဓာ ပေါ်လွင်လှပစွာ အချိုးကျနလွန်းတဲ့ dress ကလေးနဲ့ လိုက်ဖက်အောင် နှစ်ခါပြန်ငေးရတဲ့ မျက်နှာလှလှကလေးဆီ အဆင့်ဆင့် ကျရောက်လို့ . . .။ ပြီးလိုက်တော့မယ့်ဟန် ကော့ညွှတ်နေတဲ့ နှုတ်ခမ်းထူထူတွေနဲ့ ညို့အားပြင်းလှတဲ့ မျက်ဝန်းတစ်စုံကြောင့် 'ရိုးရာမေ'ကို လူသိများတာပါ။ ကျောလယ်အထိ အမြဲဖြန့်ချထားတဲ့ ဆံပင်ကြေးညိုရောင် ထူထူအိအိနဲ့ နဖူးပေါ်မှာ ထူထူအိအိဝိုက်ဝိုက်ကလေး ချထားတတ်တဲ့ ဆံပင်တွေအောက်က ညို့မျက်ဝန်းတွေနဲ့ ဆုံမိတိုင်း ကောင်ကလေးတွေ ပင့်သက်ဖြာစွာ ကစဉ့်ကလျား ကျဆုံးရတတ်တာကို ရိုးရာအသိ။ ရိုးရာကို မြင်သူတိုင်း နှစ်ခါပြန် လှည့်မကြည့်ဘဲ မနေနိုင်တာကိုက ရိုးရာရဲ့ သင်္ကေတလို



ဖြစ်နေတာ။ ကော့ညွှတ်နေတဲ့ နှုတ်ခမ်းအစုံဟာ ဘယ်အချိန်မှာများ ပြုံးလိုက်မလဲလို့ ရင်တဖိုဖိုနဲ့ စောင့်ကြည့်နေချင်စရာတဲ့။ ပြုံးလိုက်တဲ့အခါ ပါးချိုင့်ကလေး ပါးပါးကလေး ခွက်ဝင်သွားတာကို သူတို့ ရင်မောကြရတယ်တဲ့လေ။

ရိုးရာကတော့ ကားပေါ်ကဆင်းလာပြီးရင် ဘေးဘီဝဲယာကိုလည်း မကြည့် . . . ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်တတ်ဘဲ . . . မော်ဒယ်လ်တစ်ယောက်လို ခပ်ကြော့ကြော့သာ လျှောက်လှမ်းတတ်မြဲ။ ဘယ်သူတွေ ဘယ်နှစ်ကြိမ်လည်ပြန်ငေးပြီး . . . ဘာတွေဖြစ်ကျန်ခဲ့သလဲဆိုတာကို . . . တကယ်စိတ်မဝင်စား။ တီးတိုးပြောကျန်ခဲ့တဲ့စကားတွေ မသိမသာကပ်ပါလာတဲ့ ခြေလှမ်းတွေကိုလည်း ဂရုမစိုက်ချင်။ အကယ်၍ တစ်ယောက်ယောက်က သူ့ရဲ့ကောင်းဆန်ပြပြီး ဖွတ်လိုက်လာပြီဆိုရင်တော့ စိတ်အနှောင့်အယှက်ဖြစ်ရပြီပေါ့။ ခပ်ထူထူ မျက်ခုံးတန်းနှစ်ဘက်ကို ပင့်ခနဲလုပ်ပြီး အဲဒီသူကို မထီတရီ ကြည့်မိတတ်တယ်။

"ရိုးရာမေ . . ."

"ဘာလဲ . . . ဆို"

"ကျွန်တော် ရိုးရာနဲ့ စကားပြောခွင့်ရချင်လို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဆိုင်မှာ ခဏထိုင်ပေးနိုင်မလားဟင်"

အဲဒီကောင်လေးရဲ့ မျက်ဝန်းတွေထဲ ရိုးရာက ညှို့ခနဲ စိုက်ကြည့်မိတယ်။ သူ့မျက်ဝန်းတွေမှာ ဆာလောင်နေတဲ့ မြတ်နိုးမှုတွေအပြည့် . . .။ ခက်တာက . . . ရိုးရာအတွက် သူက ဆွဲဆောင်မှု ရှိမနေခြင်းပါ။ ရိုးရာက 'စိတ်မဝင်စားဘူး' ဆိုတာကိုလည်း ရိုးရိုးရှင်းရှင်းကလေးပြောပြတတ်သူမဟုတ်။

"ကျွန်မ အခု ကော်ဖီမသောက်ချင်သေးဘူးရှင့် . . .၊ ဒီလိုလုပ်လေ . . . ရှင် . . . ကော်ဖီဆိုင်ကနေ သွားစောင့်နေနှင့်လိုက် . . .၊ ကျွန်မ ကော်ဖီဆာလာတော့ လာသောက်မယ်လေ၊ တစ်ခုတော့ရှိတယ်၊ ကျွန်မ မလာမချင်း ရှင် စောင့်နေရမှာနော်၊ စောင့်နိုင်ပါ့မလား"

"စောင့်နိုင်ပါတယ် ရိုးရာ"

"OK! ဒါဆို သွားစောင့်နေလိုက်၊ ကျွန်မ ဘယ်အချိန်လာမလဲဆိုတာတော့ မသေချာဘူး။ ဒါပေမယ့် ရှင် စောင့်နေပေါ့ . . . ဟုတ်လား"

"လာဖြစ်အောင်တော့ လာခဲ့ပေးပါ ရိုးရာ . . . ကျွန်တော် ပြောစရာတွေ တကယ်ရှိလို့ပါ"

"လာမယ်လို့ ကျွန်မ ကတိမပေးဘူး၊ ရှင် စောင့်နိုင်





ရင်စောင့်၊ မစောင့်လည်း ကိစ္စမရှိဘူး"

"စောင့်မှာပါ . . .၊ ရိုးရာ မလာမချင်းစောင့်ပါ့မယ်"

အဲဒီကောင်လေး ထွက်သွားတော့ ရိုးရာ ပါးချိုင့်ကလေးထင်းသွားအောင် ပြုံးမိတယ်။ ယောကျ်ားတွေဟာလေ . . . တစ်ခါတစ်ရံ အံ့သြစရာကောင်းလောက်အောင်ကို တုံးတတ်သေးတာ . . .။ လာမယ်လို့ ကတိမပေးတဲ့ လာမယ်ဆိုတာ မသေချာတဲ့ မိန်းကလေးတစ်ယောက်ကို မလာမချင်း ထိုင်စောင့်မယ် ဆိုတာဟာ ဘယ်လောက်မိုက်မဲတဲ့ အတွေးလဲ. . .။ အဲဒါကို တုံးလိုက်တာ . . . လို့ ပြောတော့လည်း သူတို့ လက်မခံချင် . . .။

ရိုးရာ အတန်းထဲ ဝင်လိုက်တော့လည်း အတန်းထဲက ကောင်လေးတွေရဲ့ ခေါင်းတွေ ရိုးရာဘက် တိမ်းစောင်းလာကုန်ပြန်တာကို ပြုံးချင်စွာနဲ့ မသိချင်ဟန်ဆောင်ရတယ် . . .။ အတန်းဝမှာ ရိုးရာကို လာကြည့်သူတွေနဲ့ အမြဲစည်ကားနေတဲ့ ကော်ရစ်ဒါဆီ ဖျတ်ခနဲ မျက်ဝန်းတဝင့်လှမ်းကြည့်မိတယ်။ သူတို့ကတော့ အဲဒါကို သာယာကျေနပ်နေတာ။ ရိုးရာမှာတော့ လွတ်လပ်မှုတွေ ပျောက်ဆုံးလို့။ အမြဲတမ်းစောင့်ကြည့်ခံနေရတဲ့ လူတစ်ယောက်ရဲ့ ဘဝကို ဘယ်သူသိပုံချင်



www.burmeseclassic.com

www.burmeseclassic.com





ပါ့မလဲ။ လက်ထဲက mobile ဖုန်းတွေနဲ့ ရိုးရာမသိအောင် ခိုးရိုက်ထားတဲ့ ဗီဒီယိုဖိုင်လေး... ဗီဒီယိုခိုးရိုက်သွားတက်တာကို ဘယ်လိုလိုက်ပြီး တားမြစ်မလဲ။ တချို့ဆို ရိုးရာမသိဘဲ internet ပေါ်တောင် ထင်ထားလိုက်သေးတာ။ မင်းသမီးလည်းမဟုတ် ... အဆို တော်လည်းမဟုတ် ... မော်ဒယ်လ်လည်းမဟုတ်ဘဲ ရိုးရာပုံ တွေ internet ပေါ်ရောက်လာတော့ ဘယ်သူ့ကို အမှုက်ဒေါသ ထွက်ရမှန်းမသိ ...။ မိန်းကလေးတစ်ယောက်ရဲ့ လွတ်လပ် ခွင့်ကို ထိပါးစေခြင်းဟာ ယောကျ်ားလေးတွေရဲ့ အချစ်လား။ အဆိုးမြင်တယ်ပဲဆိုဆို ... တုန့်ပြန်မှုကြမ်းတယ်လို့ပဲပြော ပြော ... ရိုးရာကတော့ ကိုယ့်ကို လာကြောင်လာသမျှ သကောင့်သားတွေကို ခပ်ပါးပါးကလေးတော့ ပညာပြန်ပေး လိုက်ရမှ ...။ ဒါတောင် သူတို့ အလွယ်တကူ နောက်ဆုတ် ချင်တာမဟုတ်။

"ရိုးရာရယ် ... နင့်ကိုလိုက်တဲ့သူတွေ ဒီလောက်ပေါ တာ၊ တစ်ယောက်လောက် ဇိုက်တိုင်းကျရွေးပြီး ရည်းစား ထားလိုက် ... အေးရော၊ ပိုင်ရှင်ရှိသွားပြီဆိုရင် ဒီကောင်တွေ ငြိမ်သွားမှာ"

'သော်က' က ကော်ရစ်ဒါဆီ တစ်ချက်လှမ်း ကြည့်ရင်း ဆိုတယ်။ ရိုးရာက စားပွဲပေါ်မှာ နေ့တိုင်းလာတင်ထားတတ်တဲ့ နှင်းဆီနီတစ်ပွင့်ကို ထုံးစံအတိုင်း ပွင့်ဖတ်တွေ ဘစ်ဖတ်ချင်း ချွေဖွဲ့ဆော့ကစားနေရင်း ... ပခုံးတွန့်ပြုံးမိ တယ်။

"ဖြစ်မှဖြစ်ရလေ သော်ကရယ်၊ နင့်ပြဿနာဖြေရှင်းပုံ ကလဲ မပါးနပ်လိုက်တာ၊ အဲဒါ ထွက်ပေါက်ရှာတဲ့နည်း လို့ခေါ်တယ်ဟဲ့၊ တခြားလူတွေ မလိုက်နိုင်တော့အောင် တစ်ယောက်ယောက်ကို ငါ့နှလုံးသားတစ်ခုလုံး ပြောင်းဆန် ဝှန်းဒိုင်းကြဲသွားအောင် ကြွေမသွားဘဲ ငါ့ရဲ့အချစ်ကို ဘယ် တော့မှ မအပ်နှင်းဘူး၊ ကြားလား ကလေးမ၊ မှတ်ထားလိုက် နော်"

"အဲဒီလိုလူမျိုးကရော ပေါ်လာဦးမှာမို့လားဟယ်၊ နင် က ဘယ်သူ့ကိုမှလည်း ချစ်တတ်တာ မဟုတ်ဘဲနဲ့"

ဒီတစ်ခါတော့ ထာဝရက ရှုံ့မဲ့မဲ့ကလေး ဝင်ပြော ခြင်းပါ။ ရိုးရာက အလေးအနက်ပြုံးရင်း ...

"ငါ့အချစ်က တော်တော်တန်ဖိုးကြီးတာဟဲ့၊ တော်ရုံလူ နဲ့ မထိုက်ဘူးလေ"

လို့ ပြောမိတယ်။ အဲဒီလူဟာ ဘယ်သူများ ဖြစ်နိုင် မလဲလို့လည်း ရိုးရာ စိတ်ကူးယဉ်နေတတ်သူမျိုး မဟုတ်။





www.burmeseclassic.com

www.burmeseclassic.com



ပစ္စုပ္ပန်ကိုပဲ လက်တွေ့ကျကျ ဖြတ်သန်းရင်း ပူပန်ကြောင့်ကြ ကင်းကင်းနေထိုင်တတ်သူလေ။

• ~ • ~ •





ထုံးစံအတိုင်း အင်းလျားပတ်ဝန်းကျင်က အမြဲကို စည်ကားသက်ဝင်နေတတ်တာ။ ရိုးရာတို့သုံးယောက်က အင်းလျားကို အကြောင်းအမျိုးမျိုးနဲ့ လာတတ်ကြတယ်။ လေညင်းခံချင့်လို့ လမ်းလျှောက်ချင်လို့ အေးအေးဆေးဆေး စကားပြောချင်လို့ ကော်ဖီဆိုင်ထိုင်ချင်လို့ . . . စသဖြင့်ပေါ့။ ဒါပေမယ့်လည်း လွတ်လွတ်လပ်လပ်တော့ ဘယ်တော့မှမရှိခဲ့။ အနှောင့်အယှက်ကလေးတွေက အနားမှာ အမြဲလိုလို ရစ်သီရစ်သီရှိတတ်တယ်လေ။ အခုလည်း တစ်ယောက်ယောက်ချဉ်း ကပ်လာပြီဆိုတာကို ရိုးရာသိတယ်။ စိတ်ထဲက ရှုပ်သွားရင် ရိုးရာက မျက်ခုံးကလေးတွန့်ပြီး နှုတ်ခမ်းကလေးကို ပြုံးတော့မလို ကော့ချီထားတတ်တယ်။

"ရိုးရာ . . ."

"အင်း . . . ပြော"

"ရိုးရာ တကယ်ရက်စက်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com





"လာပြန်ပြီ . . .၊ ဘာကိုတုံး အဆက်အစပ်လည်း မရှိဘူး၊ ဘာတွေလာပြောနေတာတုံး"

"ဟိုတစ်နေ့ကလေ ကျွန်တော် စကားပြောချင်တယ်ဆိုတော့ အင်းလျားက တတိယမြောက်ခုံတန်းကလေးမှာ သွားစောင့်နေဆို၊ ကျွန်တော့်မှာ တစ်နေကုန်ကို ထိုင် စောင့်နေရတာ၊ ရိုးရာက အချိန်လည်း အတိအကျ မပေး . . . မလာမချင်း စောင့်ဆိုတော့ ဇွဲနပဲနဲ့ ထိုင်စောင့်နေခဲ့တာ . . . မိုးချုပ်ကာနီးမှ မလာနိုင်တော့ ဘူးဆိုတာ သေချာသွားမှ ပြန်ခဲ့ရတာ၊ ရိုးရာ အဲဒါ တမင်သက်သက် ပညာပြတဲ့သဘောလား"

"ရှင်က ဘယ်လိုထင်လို့လဲ"

ရိုးရာက မျက်လုံးတွေကို ညှိလိုက်သလို မေးစင်းပြီး ပြန်မေးလိုက်တော့ သကောင့်သားမှာ ရိုးရာရဲ့ ညို့ကွန်ယက်ထဲ ငြိခနဲ ကပ်ပါလာသလို နှုတ်ဆွံ့သွားပါတယ်။

"ရှင့်ကို ကျွန်မက လာပါ့မယ်လို့ . . . ကတိကဝတ် ပြုခဲ့မိလို့လား၊ လာစောင့်နေပါလို့ အတင်းအကျပ် အမိန့်ပေးခဲ့မိသလား၊ အရာရာဟာ ရှင့်သဘောဆန္ဒအတိုင်းပဲလေ၊ ရှင် စောင့်ချင်သပဆို စောင့်လို့ရတယ်၊ မစောင့်နိုင်ရင် . . . ပြန်နိုင်တယ်၊ ရှင့်ကို ဘယ်သူကမှ ဖွတ်ခိုင်းစေခဲ့တာမဟုတ်ဘူး၊

ကျွန်မဘက်မှာလည်း ကျွန်မရဲ့ သဘောဆန္ဒအတိုင်းပေါ့၊ ကျွန်မ လာချင်မှလာမယ်၊ ကျွန်မ မလာလို့ ရှင်စိတ်မဆိုးသင့်သလို ရှင်လာ မစောင့်နေလို့လည်း ကျွန်မဘက်က ဘာမှ ဖြစ်မှာ မဟုတ်ဘူးလေ၊ နားလည်တယ်မှုလား၊ ရှင် သိပ်ပြောချင်နေ တဲ့ စကားတွေကို ကျွန်မက နားမထောင်ချင်ဘူးဆိုရင်လည်း ကျွန်မမှာ နားမထောင်ခွင့်ရှိရမှာပေါ့ . . . မဟုတ်ဘူးလား"

"ဒါပေမယ့် ကျွန်တော့်ဘက်က သိပ်ပြောချင်နေတာကျတော့ရော"

"ပြောပေါ့ . . .၊ ရှင်ဘာသာရှင် တစ်ယောက်တည်း ပြောနေပေါ့"

"ကျွန်တော် အရူးမှ မဟုတ်တာ"

"ရှင် မရူးမှန်း ကျွန်မ သိသားပဲ၊ ကဲပါလေ . . . ရှင် ကျွန်မကို သိပ်ပြောချင်နေသလဲ"

"ဟုတ်ကဲ့ . . ."

"ဒါဆိုရင် . . . ကျွန်မခိုင်းတာတစ်ခုအရင်လုပ်ပေး"

ကောင်လေးရဲ့ မျက်ဝန်းတွေ လက်ခနဲ တောက်ပသွားပြန်တော့ ရိုးရာ သက်ပြင်းဖွဖွချမိပြန်တယ်။ ယောကျ်ားလေးတွေဟာလေ အမှတ်မရှိဘူးလို့လည်း အပြောမခံချင်ပြန်





www.burmeseclassic.com

www.burmeseclassic.com



ဘူး။

"ခုနက အဲဒီကန်ထဲ ကျွန်မရဲ့ ပစ္စည်းကလေးတစ်ခု ပြုတ်ကျသွားတယ်၊ အဲဒါ ရှင် ပြန်ဆယ်ပေးနိုင်မလား"

"ဘာပစ္စည်းလေးလဲ . . . ရိုးရာ"

"ရေထဲ အရင်ဆင်းလိုက်၊ ရေထဲကျမှ ကျွန်မ ပြောမယ်"

သူ နည်းနည်းတော့ တွန့်ဆုတ် တွေဝေနေပုံရတယ်။ သူ အရှုးလုပ်ခံရဦးမှာလားပေါ့။ အနီးအနားဝန်းကျင်က မျက်လုံးတော်တော်များများကလည်း ဘာတွေဆက်ဖြစ်မလဲလို့ ဒေါက်ထောက်ကြည့်နေကြတာမဟုတ်လား။ သူလည်း အများရှေ့မှာ ရေထဲဆင်းရမှာကျတော့ ချီတုံချတုံဖြစ်နေပုံရတယ်။ ပွဲကြည့်ပရိသတ်က မနည်းဘူးကိုး။ ရိုးရာကတော့ သူ လာပွားနေမှာကို နားမထောင်ချင်လို့ကို တမင်သက်သက် ညစ်လိုက်တာပါ။ သူ ရေထဲ တကယ်ဆင်းမယ်ဆိုလည်း ဆင်းပစေပေါ့လေ။ မဆင်းလည်း ကိစ္စတော့မရှိပါဘူး။ သူ့ တော်ကီတွေကို နားပူခံပြီး နားထောင်စရာ မလိုတော့ဘူး ပေါ့။ အဲဒီလို . . .။

ဒါပေမယ့် အဲဒီ ကျေးဇူးရှင်လေးက ဗွတ်တရွတ်





တော့ နိုင်ပုံပေါ်တယ်။ အရှက်နည်းနည်းနဲ့ မျက်နှာပြောင်ရဲသူ ခေါ်ရမှာပေါ့လေ။

"အိုကေ . . . ကျွန်တော် ဆင်းရှာပေးမယ်"

ဆိုပြီး အင်းလျားကန်ထဲ ဆင်းသွားလေရဲ့။ ရိုးရာတစ်ချက်ပြုံးလိုက်တယ်။ အဲဒီအပြုံးကို လူတော်တော်များများက "မှော်အပြုံး"လို့ တင်စားကြတယ်တဲ့ . . . တဆင့်စကားနဲ့ ပြန်ကြားရတာပါ။ ရေထဲဆင်းသွားတဲ့ ကောင်လေးနဲ့ ကန်စပ်ပေါ်က ညှို့သခင်မကလေးကို လူတွေ ကြည့်ကောင်းကောင်းနဲ့ ဝေဖန်ချက်အမျိုးမျိုးပေးပြီး စောင့်ကြည့်နေကြလေရဲ့။ ရိုးရာကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်သူပီပီ . . . ထိုင်နေရာကနေ ခပ်ကြော့ကြော့ကလေးထ,တယ်။ ရေထဲကနေ တစ်ခုခု လှမ်းအော်မေးနေတဲ့ကောင်လေးကို နှုတ်ခမ်းကလေးလှုပ်ရုံ တိုးတိုးကလေး တစ်ခုခုပြောဟန်နှင့် ပြောခဲ့ပြီး အဲသည် နေရာကနေ ထပ်ထွက်လာခဲ့တယ်။ သော်ကနဲ့ ထာဝရ ကတော့ ထုံးစံအတိုင်း တဖျစ်တောက်တောက် ပွစိပွစိနဲ့ပေါ့။

"ရိုးရာရယ် နင်ကတော့ လုပ်ထားခဲ့ပြန်ပြီ၊ ဟိုမှာ ရေထဲမှာ သနားစရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . သူ့ကို ငါတွန်းချတာမှ မဟုတ်တာ၊ သူ့ဘာသာသူ သူ့ဆန္ဒအတိုင်း ဆင်းသွားတာလေ"

"ရိုးရာ . . . နင်ကတော့လေ တစ်နေ့တခြား အဆိပ်ပြင်း သထက်ပြင်းလာသလိုပဲနော်၊ အဲသည်လောက်တော့ မရက်စက်သင့်ဘူးထင်ပါတယ်ဟာ၊ ကိုယ်နားမထောင်ချင်ရင်လည်း နားမထောင်ချင်ဘူးလို့ ခပ်ပြတ်ပြတ် ငြင်းလိုက်ပေါ့၊ ကြာရင် နင့်ကို သိပ်လှသလောက် သိပ်ရက်စက်တတ်တဲ့ အပြင်းစားမိန်းမလို့ နာမည်ဆိုးတွင်သွားလိမ့်မယ်"

"တွင်ပါစေပေါ့ကွယ်၊ ငါ ဂရုမစိုက်ပေါင်၊ ဘယ်သူမှ ငါ့ကို မကြိုက်တော့လေ . . . လိုက်မယ့်သူမရှိတော့လေ . . . ငါ သဘောကျလေပဲ၊ ရှုပ်လွန်းလို့"

ရိုးရာက ခပ်ကြောကြော ခြေလှမ်းမပျက် ဆက်လျှောက်ဆဲ . . .။ ရင်ထဲမှာ ဘာခံစားမှုမှကို မရှိ။

•⁓•⁓•





ကျူးရင့်က သူတို့ပြောသမျှကို ဂရုတစိုက် တလေးတနက် နားထောင်နေမိပါတယ်။ သုံးလေးယောက်မက,တော့ပါ။ သူ့ကို လာလာပြီး ရင်ဖွင့်တိုင်တည်ကြတာ။ ကြားရသမျှလည်း ဘယ်တော့မှ သက်သက်သာသာမရှိ . . .။ အင်မတန်သွေးအေးရက်စက်သော မိန်းမလှလှကလေးတစ်ယောက်ဟု YUFL ထဲမှာ သတင်းကြီးနေသမျှကို သူ တဆင့်စကားတွေနှင့်ကြားနေခဲ့ရတာ ကြာပါပြီ။ ကိုယ်နဲ့လည်း ဘာမှမဆိုင် . . . သူမ ဘယ်လောက်တောင် လှနေလို့လည်းဟုတောင် စိတ်ဝင်တစားမရှိတာမို့အင်္ဂလိပ်စာတန်းတွေဘက်တောင် သွားမကြည့်မိခဲ့ပါ။ သူက ပြင်သစ်ဘာသာ ယူထားမိသူ . . .။ အဲဒီတော့ တကူးတကမှ သွားမကြည့်မိရင် တစ်ကျောင်းတည်းဆိုပေမယ့် ဆုံဖို့ မသေချာပါ။ ကိုယ့်ကို မထိသရွေ့ ဘာမှမဆိုင်သလို နေနိုင်တတ်သလောက် ကိုယ်နဲ့ပတ်သက်သူတွေကို ထိပါးလာရင်တော့ သူ ဆတ်ဆတ်ထိမခံတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခု ခံလာရတာက သူ့အချစ်ဆုံးသူငယ်ချင်း 'ရွှေရေးညီ' . . .။ ဒီကောင်ကိုက အနေအထိုင်မတတ် . . . သွား ပတ်သက်ခဲ့တာ . . .။ ခံရပြီဆိုမှ မရှုနိုင်မကယ်နိုင် မျက်နှာမျိုးနှင့် သူ့ဆီမှာ ရင်ဖွင့်တော့တာ။

"ငါလည်း သူသတင်းကြီးလွန်းတော့ . . . မနေနိုင် မထိုင်နိုင်နဲ့ သွားကြည့်မိတာကွာ၊ သွားကြည့်မိတော့လည်း ရေရေလည်လည်ကို ကြွေဆင်းသွားတာ၊ မနှိုင်းကောင်း နှိုင်းကောင်းကွာ၊ နတ်ဘုရားမ, တစ်ပါးလို လှတာ၊ အရမ်းလည်း ညှို့တယ်၊ အဲဒီညှို့ဓာတ်ကို ဘယ်သူမှ မလွန်ဆန်နိုင်ကြဘူး၊ ငါလည်း အဲဒီမှာတင် ရောဂါရသွားတာ၊ virus ဝင်သွားတဲ့ အတိုင်းပဲ၊ ဘယ်အချိန်မှာ ဘာဖြစ်သွားမှန်း မသိလိုက်ဘူး၊ သိတဲ့အချိန်မှာ virus က ငါ့တစ်ကိုယ်လုံးမှာ ပျံ့နှံ့နေပြီ၊ အဲဒီတော့ ငါ အသည်းအသန် လိုက်မိတာပေါ့၊ လိုက်မိတော့လည်း ခံရတာပေါ့ကွာ၊ မနေ့ညကဆို ငါ တစ်ရေးမှ မအိပ်လိုက်ရဘူး၊ ငါ သူ့ဆီ ဖုန်းဆက်မိတယ်ကွာ၊ သူ့ အသံကလေး ကြားချင်လို့ပါ၊ သူ ခိုင်းခဲ့တာကိုလည်းကြည့်၊ သူနဲ့ နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောခွင့် ရချင်တယ်လို့ . . . ငါတောင်းဆိုမိတော့ အဲဒါဆိုရင်





မနက်ဖြန်ကျရင် သူ လွှတ်ဖို့ စက္ကူ လေယာဉ်ပျံကလေးတွေ တစ်ရာတစ်ခု လုပ်လာခဲ့ပေးတဲ့၊ ငါ့မှာ ညတွင်းချင်း စက္ကူလေယာဉ်ပျံကလေးတွေ ခေါက်ရ ချိုးရတာ . . . လက်အံကိုသေရောပဲ၊ သူက အဖြူရောင်သက်သက် မဟုတ်ဘူးနော်တဲ့ . . . အရောင် အသွေးစုံဆိုလို့ . . . ငါ့မှာ ကာလာတွေ တစ်ညလုံး ထိုင်ခြယ်ရတယ် . . . တကယ်ကို ဘုရားရူး . . . တစ်ရေးမှကို မအိပ်လိုက်ရတာပါ၊ ဒီနေ့မနက် . . . အဲဒီ စက္ကူလေယာဉ်ပျံအိတ်ကြီးတစ်အိတ်နဲ့ သူတို့ အတန်းဘက် သွားတော့ သူ့ကို မတွေ့ရဘူး၊ ကျောင်းမလာဘူးတဲ့၊ ငါ တင်းတာပေါ့ကွာ၊ တမင်သက်သက် ပညာပေးတဲ့ အပေါက်မျိုး ခံလိုက်ရတာကွာ"

"မင်းက . . . ရက်စက်တတ်မှန်း သိသိကြီးနဲ့သွားနွယ်မိတာကိုးကွ၊ ငါ အကြံပေးမယ်၊ မင်း အဲဒီကောင်မလေးကို သိပ် serious မဖြစ်သေးခင် နောက်ဆုတ်လိုက်တော့၊ ထောင်ချောက်ဆင်တတ်တဲ့ မုဆိုးမှန်း သိသိကြီးနဲ့ ဘာလို့ သားကောင်အဖြစ်ခံပြီး ဝင်တိုးမလဲကွာ၊ ငါ လည်း သူ့သတင်းတွေကြားနေရတာပဲ၊ မင်းတစ်ယောက်တည်းကို လုပ်တာမှ မဟုတ်တာ၊ သူ့ဆီ ချဉ်းကပ်သမျှ ငတိတွေတိုင်းကို ပညာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတာ၊ သူ့ဘာသာသူ နတ်ဘုရားမ, လောက်ပဲလှလှ၊ အဲဒီလောက် ရက်စက်တတ်တဲ့ နှလုံးသားမျိုး ရှိနေမှတော့ . . . မင်း ချစ်ကိုမချစ်သင့်ဘူး၊ အဆိပ်ပဲ . . . အဆိပ်မှန်း သိရင် ရှောင်လိုက်ပေါ့ကွ"

"ရှောင်လို့မရလို့ ခက်တာပေါ့ကွာ၊ ငါ သူ့ကို တကယ် ရူးနေမိတာ"

"ရူးရင်လည်း သေလိုက်ကွာ၊ ငါ့ ဘာလို့လာညည်းနေ သေးလဲ၊ ကိုယ့်ဘာသာကိုယ် ရအောင်လိုက်ပေါ့ကွာ၊ ဟိုက ပညာပေးရင်လည်း ခံလိုက်ပေါ့၊ မင်း ဝဋ်ရှိလို့ ခံရတာလို့မှတ်"

"ကျူးရင့် . . . မင်း စကားပြော မရင့်စမ်းနဲ့ကွာ၊ ငါ တကယ်ခံစားရလို့ မင်းကို အားကိုးတကြီး ရင်ဖွင့်နေတာနော်၊ ဘော်ဒါချင်း မင်း ဒီလိုပဲ ထိုင်ပြီး လက်ပိုက်ကြည့်နေတော့ မလို့လား၊ ဘာမှ မကူညီပေးတော့ဘူးလား"

"မင်းရဲ့လေဒီက ဒီလောက် ပညာတွေ တတ်နေတာ ကွာ၊ ငါက ဘာကူညီရမှာတုံး"

"မင်းက ပညာရှိလေကွာ၊ မင်း သူ့ကို နိုင်မယ့်နည်းလေး ဘာလေးတော့ စဉ်းစားပေးလို့ရမှာပေါ့၊ မင်းက ငါတို့ထက် ၁၀ မြင့်တဲ့ကောင်လေ၊ အတွေးအခေါ် ရှိပြီးသားဆိုတော့ ပွဲကြမ်း





နေတဲ့ မိန်းကလေးတစ်ယောက်ကို ယဉ်ကျေးလိမ္မာလာအောင် ဘယ်လိုပညာတွေ ထုတ်သုံးသင့်သလဲဆိုတာ အိုးစားပေးဦး လေကွာ၊ ဆင်ရိုင်းတစ်ကောင်ကို ချွန်းနဲ့အုပ်ပြီး ယဉ်ပါးလာ အောင် သိမ်းသွင်းယူသလိုမျိုးပေါ့၊ မင်းက ဆရာကြီးကွာ၊ ပညာတွေ အထာတွေ ပရိယာယ်တွေ မင်း ကျွမ်းကျင်ပါတယ်"

"ဟာ . . . ဒီကောင်တော့ ခက်နေပြန်ပြီ၊ ငါ့ကို အချွန်နဲ့ လာမ,နေပြန်ပြီ၊ မင်းဟာက မုန်တိုင်းတစ်စင်းကို လေပြည်လေညင်းကလေး ဖြစ်သွားအောင် ဂါထာမန္တာန် လာရွတ်ခိုင်းတာနဲ့ တူနေပြီ"

"လုပ်ပါကွာ . . .၊ မင်း တတ်နိုင်ပါတယ်၊ မင်းအကူ အညီကို တကယ်လိုတာပါကွာ၊ မင်း သူ့ကို ပညာနည်း နည်းတော့ ပြန်ပေးဖို့ လိုအပ်နေလို့ပါ၊ ခက်တာက သူ့ကို နိုင်အောင် လွှမ်းမိုးနိုင်မယ့် ပညာရှင်အဆင့်ထဲက တစ် ယောက်နဲ့မှ သူ မဆုံဖူးသေးတာပဲကွ၊ သူ ပညာပေးတာကိုပဲ . . . မရှုမလှခံလိုက်ရတဲ့သူတွေ တော်တော်များနေပြီ၊ သူက ကြိုးဝိုင်းထဲမှာ အောင်ပွဲခံနေတဲ့ လက်ဝှေ့သမားလိုပဲ . . .၊ သူ့ကို အလဲထိုးမယ့်သူမပြောနဲ့ ရင်ပေါင်တန်း ယှဉ်ပြိုင်ဖို့ စိန်ခေါ်နိုင်တဲ့သူတောင် ပေါ်မလာနိုင်ဘူး၊ အဲဒါကြောင့် မင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုငါ စစ်ကူတောင်းတဲ့ သဘောပါ ကျူးရင့်ရှာ၊ ငါ မင်းနဲ့ အလောင်းအစားတောင် လုပ်လိုက်ချင်သေးတယ်၊ မင်း သူ့ကို မျက်နှာချင်းဆိုင် မဆုံဖူးသေးလို့ ခုလို သွေးအေးနေနိုင်တာပါ။ မင်း သူ့အညို့ကို ခံဖူးပြီးသွားရင် မင်း ဒီလိုမျက်နှာထားနဲ့ကို နေနိုင်တော့မှာ မဟုတ်ဘူး၊ ငါလောင်းရဲတယ် ဟေ့ကောင်၊ မင်းလည်း သူ့ ခြေရင်းမှာ ကြွေကျနေတဲ့ ပန်းကြွေတစ်ပွင့် ဖြစ်သွားဦးမှာ အသေအချာပဲ”

ရွှေရေးညီက သူ မခံချင်အောင် တမင် ပိုပိုသာသာတွေ ပြောနေတာလည်းဖြစ်နိုင်ပါတယ်။ သူကတော့ ပခုံး တွန့်ပြီးတော့ ပြုံးမိတယ်။ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုအပြည့်ရှိတဲ့သဘောဆောင်ထားတဲ့ မတုန်မလှုပ် အပြုံးမျိုးဆိုပါတော့။ တစ်ခုတော့ ရှိပါတယ်။ သူက ပညာချင်းယှဉ်ရတဲ့ စိန်ခေါ်ပွဲတွေ . . . ကစားပွဲတွေကိုတော့ စိတ်ဝင်စားလေ့ရှိတတ်ပါတယ်။ ဒီလောက် ပွဲဆူနေတဲ့ အပြင်းစားလေဒီကို . . . သူ နှလုံးရည်ချင်းယှဉ်ကြည့်ဖို့ . . . နည်းနည်းတော့ စိတ်ဝင်စားလာမိတယ် . . .။ တကယ်တော့လည်း သူ့မအတွက် ချစ်ခြင်းနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုတချို့ ပြဌာန်းပေးချင်မိတာလည်း ပါတယ်လေ။



# ယဉ်ကျေးမှု

## (၂)



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ရဲ့ ရင်ထဲက ခံစားမှုတိုင်းကို တန်ဖိုးထားပေးပါ။

ဘာလို့လည်းဆိုတော့ လူတိုင်းမှာ တန်ဖိုးရှိတဲ့ နှလုံးသား တစ်စုံရှိတယ်။

ကိုယ် မနှစ်သက်တဲ့အရာတစ်ခုကို သူများကိုလည်း မပေးမိပါစေနဲ့။

သူလည်း နှစ်သက်မှာ မဟုတ်ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com

လွှန်းထားထား
(ဆေးတက္ကသိုလ်)

ယဉ်ကျေးမှု(၂) ...

ယောက်ျားလေးထုရဲ့ ကိုယ်စားလို့ သုံးနှုန်းရမှာကလည်း ခမ်းနားလွန်းပါတယ်လေ . . .။ ပွဲတစ်ပွဲက မလှမပ . . . မသေမသပ် ဖြစ်နေတယ်လို့ ယူဆမိလို့ ပွဲကိုဝင်ထိန်းပေးခြင်းဆိုရင် လုံလောက်ပါမယ်။ ဒီပွဲမှာ သူပါဝင်လာပြီဆိုတော့ ရွှေရေးညီက အရှမ်းသဘောကျတယ် . . .။ သူကလည်း ဘာရယ်တော့ မဟုတ်ပါဘူး။ ပညာတွေ သိပ်ပေးတတ်လွန်းတဲ့ ဆရာမကြီးကို ပညာနည်းနည်း ယှဉ်ချင်ရုံလောက်ပါ။


www.burmeseclassic.com

ပထမဆုံး ခြေလှမ်းအနေနဲ့ သူမရှိရာ အင်္ဂလိပ်စာတန်းတွေဘက် သွားခဲ့မိတာ . . . ဘာအခက်အခဲမှ မရှိ။ လာချင်တော့လည်း အနီးကလေး။ ဘယ်သူကမှ တကူးတက လမ်းပြပေးရတာမျိုးမဟုတ်ဘဲ . . . သူမကို မြင်လိုက်ရချိန်မှာ အဲဒါဟာ သတင်းကြီးနေတဲ့ အပြင်းစားလေဒီလေးပဲ . . . ဆိုတာ သူ့ရင်ထဲ အလိုလို သိစိတ်တမ်မျိုးနဲ့ သေချာသိလိုက်ပါတယ်။ လူပြောသူပြောမှားရလောက်အောင်လည်း သူမ တကယ်ကိုလှပါတယ်။ YUFL တစ်ဝင်းလုံးမှာ အထွန်းလင်းဆုံး လမင်းတစ်စင်းလိုကို သူမအလှက ထင်းထင်းပပ ရှိလွန်းလှတယ်။ မြင်ရသူတကာက လည်ပြန်ငေးကြရတာလည်း သူ့မျက်မြင်ပဲ။ သူမရှိတဲ့ အနားတဝိုက်မှာကို လှုပ်လှုပ်ခတ်ခတ်နဲ့ ပွဲဆူနေစေတဲ့ ညို့ဓာတ်အပြည့်နဲ့ သိပ်လှလွန်းတဲ့ သူမ . . .။ ဒါပေမယ့် သူမကို မြင်တဲ့အခါ သူပါ ကြွေဆင်းသွားမယ်ဆိုတဲ့ ရွှေရေးညီရဲ့စကားကိုတော့ သူ လက်မခံလိုပါ။ သူ့ရဲ့ လက်ဝဲဘက်ရင်အုံက အေးအေးဆေးဆေး။ လုံးဝလှုပ်လှုပ်ရှားရှားမရှိ။

သူမတို့အုပ်စုက အတန်းထဲကနေ ကန်တင်းဆီ ကူးဖို့ပြင်နေချိန်မှာ သူ ရောက်သွားခဲ့တာ။ ကန်တင်းသွားမယ်





ဆိုတာကို သိလိုက်တော့ သူမရဲ့နောက်ကနေ ကပ်မလိုက်တော့ဘဲ ရှေ့ကနေကျော်ဖြတ်ပြီး လျှောက်လာခဲ့တယ်။ သူမတို့နောက်ကနေ ပါလာတယ်ဆိုတာကို စကားသံများအရ သူကြားသိနေရတယ်လေ။

လူတစ်ယောက်ကို ပညာပေးတော့မယ်ဆိုမှတော့ ဉာဏ်နီဉာဏ်နက်တွေသာမက ဉာဏ်ဝါဉာဏ်ပြာတွေပါ အသွေးအရောင်စုံစုံလင်လင် ထုတ်သုံးရတော့တာ။ သူမတို့ထက် အနည်းလေး ခြေတစ်လှမ်းတော့ ကြောနေမှ ဖြစ်မှာလေ။

ကန်တင်းရောက်တော့ သူမတို့ကို ဆိုင်ထဲအရင်ဝင်သာအောင် သူ ခဏစောင့်လိုက်တယ်။ သူမတို့ ထိုင်ဖို့နေရာရပြီဆိုမှ သူ အေးအေးဆေးဆေးပဲ အဲဒီစားပွဲဆီ ခုံတစ်ခုံအသာဆွဲပြီး သွားထိုင်လိုက်တာ။ စ,ထိုင်ပြီဆိုကတည်းက စကားတစ်ခွန်းမှ မဆိုဘဲ သူမမျက်နှာကိုပဲ ကွက်ပြီး မမှိတ်မသုန် စေ့စေ့စိုက်ကြည့်နေတော့တာ။ သူမက မျက်ခုံးတစ်ချက်တွန့်ချိုးပြီး သူ့ကို ညို့မျက်ဝန်းတွေနဲ့ ပြန်စိုက်ကြည့်တယ်။ ပြီးလိုက်တော့မယောင် . . . နှုတ်ခမ်းထူထူတွေကို ကျွေးသွတ်ပြီးထားဟန်က အင်္ဂလိနာဂျိုလီဟန်မျိုး။ သူကတော့



www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ မျက်နှာကလေးတစ်ခုကိုပဲ ကသိုဏ်းရှုနေသလို ... ရှုနေမိတော့တာ။ နည်းနည်းကြာလာတော့ သူမက သည်းမခံနိုင်တဲ့ ဟန်မျိုးနဲ့။

"ဘယ်လိုဖြစ်နေတာလဲ၊ ရှင် ဘာလာကြည့်နေတာလဲ"

လို့ လေသံခပ်ဆတ်ဆတ်နဲ့ မေးတယ်။ သူမ ဒီလိုပဲ မေးလိမ့်မယ်ဆိုတာ သူ သိပြီးသားပါ။ သူ့မှာ အဖြေကလည်း အဆင်သင့် ပြင်ဆင်လာခဲ့ပြီးသား။

"ဩော် ...၊ တရားသဘောကို လာရှုကြည့်တာပါ"

"ဘာ ..."

"ဩော် ... ခုအချိန်မှာ မင်းဟာ သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေပေမယ့် ... တစ်နေ့ကျရင် အရေခွံတွေတွန့်ပြီး ... ဆံပင်တွေဖြူ ... သွားတွေကျိုးပြီး ... အိုရဦးမှာပဲ ... နာရဦးမှာပဲ ... သေရဦးမှာပဲလို့ မမြဲတဲ့တရားကို လာပြီးတော့ နှလုံးသွင်းကြည့်နေတာပါ၊ တွေးကြည့်မိရင် တော်တော်တရားရပါတယ်၊ ခုတောင် တရားတော်တော်ရသွားလို့ ပြန်လိုက်ဦးမယ်နော်၊ နောက်လည်း ကိုယ်တရားရှုချင်တိုင်း မင်းကို လာကြည့်မယ်





နော်"

သူက သူမကို စကားပြောခွင့် မပေးဘဲ သူပြောချင်ရာစွတ်ပြောပြီး အနိုင်ပိုင်းထွက်လာခဲ့တာ။ သူမရဲ့ မျက်လုံးတွေ ဝင်းဝင်းတောက်သွားတာ၊ မျက်နှာကလေးတစ်ခုလုံး နီမြန်းသွားပြီး ဒေါသတကြီး ဝုန်းခနဲ ထရပ်လိုက်တာတွေကို မြင်လိုက်တာမို့ သူ ခပ်သွက်သွက်ပဲ ထ,ထွက်လာခဲ့တယ်။

"ဟေ့ ... နေဦး၊ ရှင့်ကို ဘယ်သူက ပြောချင့်ရာပြောပြီး ထ,သွားခွင့်ပြုလို့လဲ"

သူမ လှမ်းပြောတာကို မကြားချင်ဟန်ဆောင်ပြီး သူက ရှေ့ကနေ ခပ်သွက်သွက်၊ ယောကျ်ားခြေလှမ်းကြဲကြီးတွေနဲ့ ဆက်လျှောက်သွားနေတာမို့ သူမ ပိုပြီးတော့ အခံရခက် ခံပြင်းလာဟန်ရှိပါတယ်။ ခုချိန်မှာ သူက ပြေးသူ ... သူမက လိုက်သူပေါ့။ မိန်းကလေးတစ်ယောက်ရဲ့ ဒေါက်မြင့်ဖိနပ်ချွန်ချွန်တွေနဲ့ ခြေလှမ်းတွေဟာ သူ့ကို ဘယ်လိုမှ လိုက်မမီနိုင်မှာမဟုတ်ဘူးလေ။ သူက ခပ်ပြုံးပြုံး မျက်နှာပေးနဲ့ ရှေ့ကနေ လူစည်ကားတဲ့နေရာတွေဆီ ပတ်ပြီးလျှောက်နေတာ။ သူမကတော့ ဒေါသဇောနဲ့ဆိုတော့ ... ဘာကိုမှသိပ်ဂရုမစိုက်မိမယ်မထင်။

"လုပ်ပါဦး ...၊ ကျွန်တော့်နောက် သူ

www.burmeseclassic.com





အတင်းလိုက်နေတယ်ဗျို့၊ ဖွတ်ပဲ"

သူက မျက်နှာချင်းဆိုင်က လူတွေ ကြားသာအောင်လည်း ခပ်တိုးတိုးလှမ်းပြောလိုက်သေးတာ။ လူတိုင်း သတိမထားမိဘဲမနေနိုင်လောက်အောင် ပွဲကတော့ ကျောင်းထဲမှာ တော်တော်လှုပ်လှုပ်ခတ်ခတ်ကလေးဖြစ်သွားခဲ့တာပါ။ သူမ ကတော့ မမိအောင်ပြေးလေ . . . အသေရရ အရှင်ရရ ဆိုတဲ့ဖောနဲ့ ဖွတ်လျှောက်လိုက်နေတာ။ သူမကို စိတ်ဝင်တစား ရှိကြတဲ့ ကျောင်းသားတိုင်း ပါးစပ်အဟောင်းသား အံ့အား တသင့်တွေ ဖြစ်လို့။ သူကလည်း တမင်မျှားပြီးတော့ကို ကျောင်းကို တစ်ပတ် ပတ်နေလိုက်တာ။

"ရှင် . . . ယောကျ်ားဖြစ်ပြီး သတ္တိမရှိဘူးလား၊ ကျွန်မကို ရင်မဆိုင်ရဲလို့ ရှောင်ပြေးနေတာ တစ်ကျောင်းလုံး အသိနော်"

"ရော် . . . မင်း ကိုယ့်နောက် သည်းကြီးမည်းကြီး ဖွတ် လျှောက်လိုက်နေတာ . . . မရှက်ဘူးလားကွာ၊ သူများတွေ ဘယ်လိုထင်မလဲ"

သူက ခပ်ပြုံးပြုံး လှည့်ကြည့်ပြီး ပြန်ပြောလိုက်တော့ သူမခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားတယ်။



"ကောင်းပြီ . . . ရှင့်ဆီမှာ . . . ကျွန်မ အကြွေးတင်သွားပြီ၊ ရှင်ပြန်ဆပ်ဖို့မမေ့နဲ့၊ ရှင်နဲ့ ကျွန်မ တွေ့ဦးမှာပါ၊ ခြေညောင်းခံပြီး လျှောက်လိုက်မနေတော့ဘူး၊ ရှင် ကျွန်မဆီ ရောက်လာစေရမယ်"

သူမက အဲဒီလိုပြောပြီး ချာခနဲ လှည့်ထွက်သွားပါတယ်။ အဲဒါ သူ့ရဲ့ ပထမခြေလှမ်း အောင်မြင်ခဲ့တယ်ဆိုတာရဲ့ သက်သေပေါ့။

• ⁂ • ⁂ •



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယခြေလှမ်းမစခင်မှာ သူမဆီ တိုက်ရိုက်ရင်ဆိုင်ဆုံတွေ့တဲ့နည်းကို သူ တတ်နိုင်သမျှ ရှောင်ပါတယ်။ သူမကတော့ သူ့ကို ကောင်းကောင်းမှတ်မိသွားခဲ့ပုံရတယ်။ သူ့ကို ဖျတ်ခနဲတွေ့လိုက်တာနဲ့ မျက်လုံးတွေအရောင် လက်ခနဲတောက်ပသွားတတ်ပြီး လူကပါ ဆတ်ခနဲ ဖြစ်သွားတတ်တယ်။ သူက အသာလေးပဲ ရှောင်ထွက်လာခဲ့တာဆိုတော့ သူမ ဘယ်လောက် ကသိကအောက် ဖြစ်ရှာမလဲဆိုတာ တွေးလိုက်ရုံနဲ့ သူ မပြုံးဘဲမနေနိုင်ဘူး။ လူ့သဘာဝက ရှောင်ပြေးတတ်သူကို ဆုံချင်ပြီး ထွက်ပြေးသူနောက်ကို လိုက်ချင်မိတတ်တာလေ။ ပဟေဠိဆိုရင်လည်း အလိုလို အဖြေညှိနေမိတတ်တာ။

သူ့ရဲ့ ဒုတိယခြေလှမ်းကတော့ ကြိုတင်ပြင်ဆင်မှုပါပြီးသားဆိုပါတော့။ တိုက်ဆိုင်တာလား သူကံကောင်းတာလားမသိစွာ သူမကို သူတွေ့ချိန်မှာ သူမရှေ့မှာ လူငယ်တစ်





ယောက်ရှိနေခဲ့တယ်။ သူမကို စကားပြောခွင့်ရဖို့ သူမနဲ့ အပေးအယူလုပ်နေတာဆိုရင်လည်း မမှားဘူးပေါ့။ အနားရောက်သွားချိန်မှာ သူ တစ်စွန်းတစ်စတော့ ကြားခွင့်ရလိုက်တယ်။

"မိုးပျံပူဖောင်းကလေးတွေ ... ရောင်စုံ အလုံးပေါင်း တစ်ရာ့တစ်လုံး ယူလာခဲ့လေ ... မနက်ဖြန်"

သူမ စကားမဆုံးခင် သူက အဲဒီလူငယ်ကို ပခုံးဖက်ပြီး အသာဆွဲခေါ်လာခဲ့တာမို့ သူမ စကားတန်းလန်းကြီးနဲ့ ဘာအံ့တသြ ဖြစ်ကျန်ခဲ့တာ။ လူငယ်က သူ့ဆီကနေ ရုန်းထွက်ရင်း ...

"ဟာ ... ဘာလဲကွ ငါ ဒီမှာ စကားပြောနေတာ မတွေ့ဘူးလား၊ မင်း ဘာလုပ်တာလဲ၊ တမင်သက်သက် နှောင့်ယှက်တာလား"

နဲ့ စွာနေတာ ...။

"မဟုတ်ပါဘူး သူငယ်ချင်းရာ၊ မနက်ဖြန် မိုးပျံပူဖောင်းတွေ အလွယ်တကူ ရနိုင်မယ့်နေရာ မင်းကို ညွှန်ပေးမလို့ပါ၊ ဒါပေမယ့် မင်း ကတိတစ်ခုတော့ ပေးရမယ်နော်၊ မင်း သူ့ဆီပြန်သွားတဲ့အခါ ... သူက မင်းကို အတင်းမေးလိမ့်မယ်၊ ငါ မင်းကို ဘာပြောသွားသလဲ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပေါ့၊ အဲဒါကို မင်းလုံးဝပြန်မပြောရဘူး၊ ဘာမှ မပြောပါဘူးလို့ပဲ ပြောင်လိမ်ရမယ်၊ အဲဒါ လို့ဂုက်ချက်ပဲ၊ တကယ်လို့ မင်းကို ငါက ဘောလုံးတွေ ရနိုင်တဲ့နေရာကို ညွှန်ပေးမလို့ပြောတာပါ . . . လို့သာ မင်းအမှန်အတိုင်း ဝန်ခံလိုက်ရင် . . . မင်း ရေရေ လည်လည် ကိုးပြီ၊ ငါ ပြောတာ သဘောပေါက်လား၊ သူ့ရဲ့အထာကိုငါကောင်းကောင်းသိတယ်၊ မင်း ဇွတ်ငြင်းလေ . . . သူ ပိုစိတ်ဝင်စားလေပဲ . . . အဲဒါ မင်းအတွက် ဂုက်ဖဲပဲ"

ကောင်လေးကို သူ **twist** ကလေးထည့်လိုက်တာ လှလှပပကလေးပဲ ဝင်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆို တော့ သူမဆီ ကောင်လေးလှမ်းကြည့်တဲ့ အချိန်မှာ သူမရဲ့ မျက်ဝန်းတွေက စိတ်ဝင်စားမှုနဲ့ တောက်ပနေခဲ့တာကိုး . . .။

"အိုကေ၊ ဒါဆို မင်းကို ငါ ဘယ်လို ဆက်သွယ်ရမှာလဲ"

"ရော့ . . . ဒါ ငါ့ ဖုန်းနံပါတ် . . .၊ မင်း ဆက်လိုက်လေ၊ ငါ ပြောပြမယ်"

သူက ကောင်လေးရဲ့ ပခုံးကို နှစ်ချက်လောက် ပုတ်ပြီး သူမဆီလည်း တစ်ချက်လှမ်းကြည့်ပြုံးခဲ့ပြီး လှည့်ထွက် လာခဲ့တယ်။ အဲဒီကောင်လေးကို သူမ အတင်းအကြပ်မေး





တော့မှာပဲဆိုတာ သူ သိနေပြီးသား။ ကောင်လေးလက်ထဲထည့် ပေးခဲ့တဲ့ သူ့ ဖုန်းနံပါတ်ဆီကိုလည်း သူမ ဆက်လာလိမ့်မယ်ဆို တာ . . .

• ~ • ~ •



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်လာတော့ နံပါတ်ကို ကောက်ကြည့်မိပြီး အံ့ဩ သူမပဲလို့ . . . သူ့ စိတ်ထဲက အလိုလိုသိတာပါ။ ဟို ကောင်လေးလည်း ဖြစ်နိုင်ပေမယ့် သူမကတော့ဖြစ်နိုင်ချေပို များတာပေါ့လေ။ သူ . . . အသာတကြည်ပဲ ဖုန်းပြောလိုက်ပါ တယ်။

"ဟယ်လို"

"ရှင်လား . . . "

"ခြင် မဟုတ်ဘူး . . . ကျူးရင့်၊ မင်းကရော ဘယ်သူ လဲ"

"ကျွန်မ ဘယ်သူလဲ . . . ရှင်တကယ်မသိဘူးပေါ့"

"အင်းလေ၊ ဘယ်လိုလုပ် သိနိုင်မှာလဲ . . . ကိုယ့်ဆီ ဒီလိုပဲ မိန်းကလေးတွေကစပြီး ဆက်ဆက်နေတာကိုး။ ခေတ်ကာလသမီးတွေများ တကယ်မလွယ်ပါဘူး . . . လိုက်ပြီဆိုရင် အရှူးအမူး၊ တစ်ကျောင်းလုံးကို ပတ်ပြီး နောက်





ကနေ တကောက်ကောက်လိုက်တာ၊ ကိုယ့်မှာ ပြေးလိုက်ရတာ လျှာတောင်ထွက်မတတ်"

တစ်ဘက်က တောက်ခတ်သံကလေး ပြီပြီသသ ထွက်လာတော့ သူ ခပ်တိုးတိုးရယ်မိပါတယ်။ သူမ စိတ်ဆိုးလေ ဆွေ့ဆွေ့ခုန်လေ . . . သူ ပိုစချင်လာလေပါ။

"ရှင် . . . အပိုတွေ လျှောက်ပြောမနေနဲ့နော်၊ လျှာ အရိုးမရှိတိုင်း"

"မင်းလျှာမှာရော အရိုးပါလို့လား"

"ရှင် . . . ဟိုတစ်ယောက်ကို ကျွန်မနဲ့ စကားပြောနေ မှန်းသိရက်နဲ့ ခပ်လှမ်းလှမ်းကို ခေါ်ထုတ်သွားပြီး . . . ဘာတွေပြောခဲ့တာလဲ . . . ကျွန်မ သိချင်တယ်"

"မင်းက ဘာဖြစ်လို့ သိချင်ရတာလဲ"

"ရှင့် ယောက်ျားတန်မဲ့ အရှက်မရှိ ကျွန်မအကြောင်း တွေ မဟုတ်က,ဟုတ်က ပေါက်ကရတွေ လျှောက်ပြော မှာစိုးလို့ပေါ့"

"မင်း . . . နောက်ကျောမလုံဘူးပေါ့လေ"

"မလုံစရာ ဘာမှမရှိဘူး၊ ဟိုတစ်ယောက်ကို မေးလို့ ဘယ်လိုမှမရလို့ ပိုသိချင်တာ၊ ရှင် ပြောမလား . . .



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူးလား"

"ပြောဘူး"

သူက ဖုန်းချပစ်လိုက်တော့ သူမ ဒေါသတွေ ပိုပြီး ဗူးရှူသွားပုံရပါတယ်။ ချက်ချင်း ဖုန်းပြန်ခေါ်လိုက် သူက ဖုန်း ပိတ်ပစ်လိုက်နဲ့ . . . သုံးခါလောက်ခေါ်ပြီးချိန်မှာတော့ သူမဘက်က ငြိမ်သွားပါတော့တယ်။ သူမ ငြိမ်သွားပြီဆိုမှ သူ သူမကို ပြန်ခေါ်လိုက်တယ်။

"တောက် . . .၊ ရှင်သာ ခုနေ ကျွန်မနားတစ်ပိုက်မှာ ရှိကြည့် ရှင် မလွယ်ဘူးမှတ်"

"ဩော . . ., ကြောက်ချာကြီးပါလား၊ ကဲပါ . . . မင်း တကယ်သိချင်လား . . . ဆိုတာပဲ ပြောပါ"

"သိချင်လို့ . . . ရှင့်ဆီအရေးလုပ်ပြီးဆက်နေတာပေါ့၊ ကျွန်မကွယ်ရာမှာ ဘယ်သူဘာပြောပြော ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် ကျွန်မရှေ့တည့်တည့်မှာ ကျွန်မနဲ့ စကား ပြောနေ တဲ့လူကို လာဆွဲခေါ်သွားပြီး အတင်းအုပ်တာကတော့ ယောက်ျား မဆန်ဘူးလို့ပြောရမှာပေါ့၊ ရှင် သတ္တိရှိရင် ကျွန်မ ရှေ့တည့်တည့်လာပြီး ပြောလေ"

"ဩော် . . . အဲဒီလို ပြောလို့ရလား၊ မသိပါဘူး၊





မင်း တကယ်ပြောစေချင်ရင် နောက်ကို လာပြောပါ့မယ်၊ အခုတော့ မင်းသိချင်တဲ့ကိစ္စအတွက် မနက်ဖြန်ကျရင် စိမ်းလန်းစိုပြေက Zephyr ကိုလာခဲ့လေ"

"အချိန်ပြောလေ"

"မနက်ဆယ်နာရီလောက်ပေါ့"

သူ့အတွက်တော့ သူမ တကယ်လာမလာက ပြဿနာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေရာကို သူ သွားဖို့ စိတ်ကူးကိုရှိမထားလို့ပါ။ မိန်းကလေးတစ်ယောက်ကို အဲဒီလောက် မနှိပ်စက်ချင်ပေမယ့် သူမရဲ့ပညာနဲ့ သူမကိုပဲ ပြန်ပြီး ပညာပေးရတာ တရားမျှတတယ်လို့ သူ ထင်တယ် လေ။ လောကမှာ ကိုယ်ကိုယ်တိုင်ကျတော့ မြည်းစောင်မြည်း မကြည့်ဘဲ . . . သူများတွေကို အခါးတွေချည်းကျွေးတတ်တဲ့ သူတစ်ယောက်ကို . . . သူ့ အခါးခါးကလေး ပြန်ကျွေးတဲ့ သဘောပါ။ သေချာတာက သူမ နှစ်သက်မှာ မဟုတ်ဘူး။ ကိုယ်မနှစ်သက်တဲ့အရာတစ်ခုကို သူများကိုလည်း မပေးမိပါ စေနဲ့။ သူလည်းနှစ်သက်မှာ မဟုတ်ဘူးလေ . . . ဆိုတာလေး လောက် သူမကို သိစေချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com

လက်က နာရီကလေးကို တစ်ချက်ကြည့်မိချိန်မှာ ရိုးရာ အငိုက်မိစွာ ခံလိုက်ရပြီဆိုတာကို ချက်ချင်း သိလိုက်မိပါတယ်။ အဲဒီအချိန်မှာပဲ ဒေါသနဲ့ ရှက်စိတ်က ရိုးရာတစ်ကိုယ်လုံးကို မီးမြိုက်ကင်လိုက်သလို . . . ပူလောင်သွားခဲ့တာ။ ဒါ သူ သက်သက် ရိုးရာရဲ့နည်းနဲ့ ပညာပြန်ပေးလိုက်တာပေါ့လေ။ ရိုးရာကလည်း တုံးတာပါ။ ဒီလောက် ဉာဏ်နီဉာဏ်နက်တွေများပြီး . . . ပညာတွေအရမ်းကျွမ်းတဲ့ သမ္မာကြီး . . . ဆရာကြီးစတိုင်လ်နဲ့ ရိုးရာဆီ ဘယ်သူနဲ့မှမတူစွာ ချဉ်းကပ်လာခဲ့တဲ့ အဲဒီလူတစ်ယောက်ကို ဘာဖြစ်လို့များ စိတ်ချယုံကြည်လိုက်မိတာပါလိမ့်။ သင်းဟာ . . . ရိုးရာကို တစ်နေရာရာကနေ ကြည့်ပြီးတော့တောင် ဟားနေမှာ။ ရိုးရာရဲ့ ရာဇဝင်မှာ ရိုးရာကသာ သူများတွေအပေါ် အသာစီးကနေ ရယ်မောခဲ့မိတာ။ ဘယ်လိုမှ မျှော်လင့်မထားဘဲ ခြေထိုးခံလိုက်ရသလို ရုတ်တရက် လဲပြိုမတတ် ခလုတ်တိုက်မိသွားချိန်မှာ





တော့ လူက ဒေါသတွေနင့်သီးလို့လာခဲ့ပြီ။ ဒေါသအလျောက်သွေးပူနေတဲ့ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချက်ချင်းပဲချမိတယ်။ သင်းတော့ . . . ရိုးရာအကြောင်း သိစေရမယ် . . . ။

အင်းလျားကနေ ပြန်လာခဲ့ချိန်မှာ ရိုးရာ သူ့ကိုလိုက်ရှာမိတယ်။ မတွေ့လေ . . . ပိုရှာမိလေ . . . ဒေါသတပိုထွက်လေ။ သူ့ရဲ့ ဖုန်းဆီမှာ သူမ အကြိမ်များစွာ ခေါ်ထားမိတဲ့ missed calls တွေ ရှိနေမှာဖြစ်လျက် တစ်ချက်ကလေးမှအရေးလုပ်ပြီး ပြန်ခေါ်ဖော်မရတာကို မခံမရပ်နိုင်ဖြစ်မဆုံး။ ရိုးရာဆိုတာ သူများက ရန်စ,စော်ကားသွားတာကို အသာတကြည် ခေါင်းငုံ့ငြိမ်ခံလိုက်မယ့် မိန်းကလေးမျိုးမှ မဟုတ်တာလေ။ သူက တစ်ချက်ဆို ကိုယ်က အနည်းဆုံး သုံးလေးချက်လောက် တုန့်ပြန်လိုက်ရမှ ကျေနပ်နေသာတတ်သူ။ ပြီးတော့ အများတကာက ဝိုင်းပြီး အရေးတယူ ဖူးဖူးမှုတ် အလိုလိုက်ခံထားရသူ။ ရိုးရာက သေဆိုသေ၊ ရှင်ဆိုရှင် အမိန့်စကားတိုင်းကို နာခံမယ့် ချာတိတ်တွေမှ တပုံတပင်။ အဲဒီအထဲမှာမှ ဘာမှန်း ညာမှန်းမသိတဲ့ သကောင့်သားတစ်ယောက်က မိုးကျရွှေကိုယ်လို ဖြုန်းဆိုပေါ်လာခဲ့ပြီး ပညာတွေ လာပြနေတာကို ရိုးရာ မခံချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



နေစမ်းပါဦး . . .။ သူ့ကို တစ်ခုတော့ မေးချင်သား။ ရိုးရာဆီက သူ ဘာကို လိုချင်ခဲ့တာလဲ။ ဒီလို အများနဲ့ မတူတဲ့ ရိုးရာရဲ့ မာနနဲ့မခံချင်စိတ်တွေကို ထိပါးစေတဲ့နည်းတွေဟာ ရိုးရာရဲ့စိတ်ကို ပိုပြီးဆွဲဆောင်ဖြားယောင်းနိုင်စွမ်း ရှိလိမ့်မယ်လို့များ သူ တစ်ထစ်ချ အပိုင်တွက်ထားလိုက်သလား။ နိုးဝေး . . .။ သူ့ကို ရိုးရာ လုံးဝ စိတ်မဝင်စားမိ။ ပြန်ပြီး အနိုင်ပိုင်းဖို့ ဘယ်လိုပရိယာယ်သုံးရမလဲဆိုတာကိုပဲ တွေးနေမိတာ။ သူ ကျဆုံးသွားဖို့ဆို ဘာနည်းပဲ သုံးရသုံးရပေါ့လေ။

အဲဒီတစ်နေ့လုံး သူ့ကို မတွေ့။ နောက်တစ်နေ့ကျတော့ သူ့ကို ကားမောင်းနေရင်းကနေ ဖျတ်ခနဲ လှမ်းတွေ့လိုက်ချိန်မှာ ရိုးရာ ဘယ်လောက် စိတ်လှုပ်ရှားသွားမိမှန်း ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိလိုက်ဘဲ ကားဘရိတ်ကိုတောင် ယောင်ရမ်းပြီး ဆောင့်နင်းပစ်လိုက်မိတဲ့အထိ။ ကားဘရိတ်ဆွဲအုပ်သံက ကျယ်လောင်သွားခဲ့တာမို့ သူက လမ်းလျှောက်နေရာကနေ ဖျတ်ခနဲ လှည့်ကြည့်တယ်။ ကားပေါ်ကနေ မီးလျှံတစ်စုံလို တောက်ပစူးရဲလှတဲ့ ရိုးရာရဲ့ မျက်လုံးတွေနဲ့အဆုံမှာ သူ ဖျတ်ခနဲ ပြုံးတယ်။ အဲဒီအပြုံးက လက်နက်တစ်ခုသာဆိုရင် လူကို သေစေလောက်တယ်။ ရိုးရာရင်ထဲ ထုတ်ချင်းခတ် စူးရှ





သွားလိုက်ပုံများ အဲဒီခဏကလေးမှာ သူ့ကို သိပ်မုန်းသွားခဲ့မိတယ်။ ဟုတ်တယ် . . . ရိုးရာတစ်သက်မှာ ဘယ်သူ့ကိုမှ သူ့ကို မုန်းမိသလိုမျိုး မမုန်းမိဖူးသေးတာ သေချာတယ်။

ရိုးရာ ချက်ချင်းပဲ ကားကို သူ့ဘေးနားထိကပ်အောင် မောင်းလိုက်တယ်။ သူက သူ့ကိုများ မတော်တဆ တိုက်မိမလားဆိုတဲ့ စိုးရိမ်စိတ် လုံးဝမရှိပုံနဲ့ လမ်းလျှောက်တောင် မပျက်။ သူ့ရဲ့ အဲဒီအပြုအမူတွေကိုပဲ ရိုးရာ အခံရခက်တာ။ ကြည့်လိုက်ရင် ဆရာကြီးစတိုင်လ်နဲ့ အထာက အပြည့်လေ။ သူ့ကို ပညာသည်ကြီးမှန်းလည်း ရိုးရာက အသိအမှတ် မပြုချင်လို့ မရတော့။ သူ့ကြောင့် ရိုးရာရဲ့ရာဇဝင်မှာ ခံလိုက်ရခြင်းဆိုတဲ့ သကော်တကို မလိုချင်ဘဲ လက်ခံယူလိုက်ရတာလေ။

"ဟေ့ . . . ဟေ့ . . . ဒီမယ်"

ရိုးရာက ကားပေါ်ကနေ သူ့ကို လှမ်းခေါ်တော့ သူက ရပ်ပြီး "ဘာလဲ" ဆိုတဲ့ ပုံစံနဲ့ မေးဆတ်ပြတယ်။ သူ့မျက်နှာတစ်ခုလုံး သရော်မော်ကားအပြုံးတွေနဲ့ လင်းချင်တိုင်းလင်းနေတာကို ခံစားလို့ကို မရ။ စိတ်ထဲရှိတဲ့အတိုင်းသာ လွှတ်ပေးရကြေးဆိုရင်တော့ ရိုးရာ သူ့ကို စိတ်ရှိတိုင်း ကုတ်ခြစ်ဆွဲဆောင့် နုပ်နုပ်စင်းပစ်ချင်နေတာ။ အဲဒီလေးကကို



www.burmeseclassic.com

www.burmeseclassic.com

အသည်းယားနေမိတာ။

"ပြော . . ."

"အောင်မယ် . . . ရှင်ကပဲ . . . ဘာ ပြောလဲ၊ မနေ့ က ရှင် ဘာအချိုး ချိုးသွားတာလဲ၊ ဘာ လုပ်း၀,သွားတာလဲ"

"ဘာကိုပြောတာလဲ၊ ကိုယ့်ကိုပြောချင်ရင် ပွင့်ပွင့်လင်းလင်း တည့်ပြောကွာ၊ အထာတွေ လာမပေးနဲ့၊ ကိုယ် နားမလည်ဘူး"

"တောက် . . . ရှင့်ကို ဘာကိစ္စ အထာပေးရမှာလဲ၊ ဝေးပါသေးတယ်၊ ရှင် ယောကျ်ားဖြစ်ပြီး ကတိမတည်တာ စကားမတည်တာကို မေးနေတာလေ"

သူက မျက်ခုံးနှစ်ဘက်ကို ဟန်ပါပါအတွန့်ချိုး ပြီး . . .

"မင်းကိုယ် ကိုယ် ကတိပေးမိလို့လား၊ နိုးဝေးပါ . . . ကိုယ် မင်းကိုမှ မဟုတ်ဘူး၊ ဘယ်မိန်းကလေးကိုမှ ကိုယ့် ကို မျှော်လင့်မိစေအောင် ကတိမျိုး မပေးခဲ့ဖူးပါဘူး"

"ကျစ် . . . ရှင် စကားပြောတာ တော်တော် တင်စီးရင့်ကျောလွန်းတယ်၊ ရှင့်ကိုယ်ရှင် သိပ်မြင့်တင်မနေနဲ့၊ ရှင့်ကို





မျှော်လင့်ဖို့ဝေးစွ . . . အိမ်မှာ အခိုင်းအစေ တောင် လုပ်ခိုင်းဖို့ စိတ်မကူးဘူး"

"ဒါပေါ့လေ . . . အိမ်ဦးနတ်လောက်ပဲ စိတ်ကူးမှာပေါ့ လေ၊ မင်းဟာက မမျှော်လင့်ဘူး မမျှော်လင့်ဘူးနဲ့ စကားထဲမှာ ဇာတိက ပြပြနေပြီ"

"တော်တော့ . . . ရှင့်စကားကို ကပ်ဖဲ့ပြီး ပြောမနေနဲ့ နော်၊ ကျွန်မ အရမ်းစိတ်ဆိုးလာရင် ကားနဲ့ကို တိုက်ပစ် တော့မှာ"

"အာဟာ . . . တိုက်လိုက်လေ၊ မင်းတိုက်ရက်ရင် တိုက်လိုက်ပါ၊ ကိုယ်သိပြီးသား မင်းကိုယ့်ကို ဘယ်တော့မှ တိုက်ရက်မှာ မဟုတ်ဘူးဆိုတာ"

"အပိုတွေ လျှောက်ပွားမနေနဲ့၊ မနေ့က ရှင် Zephyr ကိုချိန်းပြီး ဘာဖြစ်လို့ ရောက်မလာခဲ့သလဲ၊ ရှင် ယောကျ်ား မဟုတ်ဘူးလား၊ သတ္တိမရှိဘူးလား၊ ကျွန်မနဲ့ ရင်မဆိုင်ရဲဘူးလား၊ ကြောက်လို့ ရှောင်ပြေးတယ်ဆို ရင်လည်း ရဲရဲဝံ့ဝံ့ပေါ့"

"နေစမ်းပါဦးကွာ . . . မနေ့က မင်းကို Zephyr ကို လာခဲ့လေလို့ပဲ ကိုယ်ပြောခဲ့တာလေ၊ ကိုယ် လာခဲ့ပါ့မယ်လို့ မင်းကို ပြောခဲ့လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"တောက် ! အဲ့ဒါကိုက ရှင် ယောကျ်ားမပီသတာ၊ စကားကို လှည့်ပတ်ကတ်ဖဲ့ပြီး မိန်းကလေးတစ်ယောက်နဲ့ အပြိုင်လိုက်ပြီး ဖဲ့နေတာ . . ."

"မင်းကရော မိန်းမပီသခဲ့လို့လား ရိုးရာမေ၊ သေချာ ပြန်စဉ်းစားကြည့်ပါဦး၊ အဲဒါ မင်းရဲ့နည်းပဲလေ၊ မင်း သူများ တွေကို ကျွေးခဲ့တဲ့နည်းနဲ့ပဲ မင်းကို ပလိန်းကလေး ပြန်ကျွေး လိုက်တာပါ၊ မင်းကျတော့ နာတတ် စွာတတ် လိုက်တာ၊ မင်းအလှည့်မှာ ဒါမျိုး ဆက်ဆံတာကို မနှစ်သက်ဘူးမှလား၊ ကိုယ်မနှစ်သက်တဲ့အရာတစ်ခုကို သူများကိုလည်း မပေးမိပါ စေနဲ့၊ သူလည်း နှစ်သက်မှာ မဟုတ်ဘူးလေ"

သူ့စကားတွေက ဆရာကြီး သမ္မာကြီးဆန်လွန်း လှတာမို့ ရိုးရာအခံရခက်စွာနဲ့ မျက်လုံးတွေကို စူးရှနေအောင် မေးကျဉ်းထားပြီး . . . သူ့ကို ကြည့်နေလိုက်မိတယ်။

"ဘာလဲ . . . ရှင်က ကျွန်မကို ပညာတွေ လာပို့ချနေ တာလား . . . ကျုပ်ရှင့်၊ ရှင်က ဘာလဲ . . . ဆရာကြီးလား၊ ပညာတွေ တစ်ဖက်ကမ်းခတ် သိပ်တတ်နေတယ် ဆိုပါတော့ လေ၊ နေစမ်းပါဦး၊ ရှင်က ဘာဖြစ်ချင်တာလဲ၊ ကျွန်မဆီက စိတ်ဝင်စားမှုကို လိုချင်လို့ ထွင်လုံးတွေနဲ့ ချဉ်းကပ်နေတာလား၊





ဒါမှမဟုတ် . . . ကျွန်မကို လာပြီးတော့ စစ်ကြေညာ နေတာလား"

"မင်းရဲ့ ပထမမေးခွန်းကို ဖြေရရင် ကိုယ် မင်းကို စိတ်မဝင်စားပါဘူး၊ လုံးဝပါ . . . လို့ဖြေပါတယ်၊ ဒုတိယ မေးခွန်းကိုတော့ . . . ဟုတ်ကဲ့ . . . မင်းနဲ့ စစ်တစ်ပွဲ လောက် ခင်းချင်သားပဲ . . . လို့ ပြောပါရစေ"

သူ့စကားကြောင့် ရိုးရာရင်ထဲ အေးစက်ထုံခဲ သွားသလိုပဲ ခံစားလိုက်ရတာ။ ယောကျ်ားတစ်ယောက်ရဲ့ မျက် လုံးတွေနဲ့ဆုံပြီး ကိုယ့်ကို စစ်ကြေညာ စိန်ခေါ်လိုက်ခြင်းကို ဘဝမှာ ပထမဆုံးအကြိမ် ကြုံဖူးလိုက်ခြင်းလေ။ တကယ်ဆို သူနဲ့ကိုယ့်ကြားမှာ ဘာရန်ငြိုးရန်စ,မှလည်း ရှိခဲ့တာမဟုတ်။

"ပြဿနာတိုင်းမှာ ဘာဖြစ်လို့လဲ . . . ဆိုတဲ့ မေးခွန်း တစ်ခုတော့ ရှိတတ်တယ် ရိုးရာမေ၊ မင်းကို ကိုယ့်ဘက်က ဘာမှလည်းမဆိုင်ဘဲနဲ့ ရန်ငြိုးရန်စလည်း မရှိခဲ့ဖူးဘဲ ဘာကြောင့် ဘလိုင်းကြီးလာပြီး ရန်စနေရတာလဲ ဆိုတဲ့ မေးခွန်းကို မင်း မေးချင်နေမှာပဲ၊ ကိုယ့်မှာ အဖြေရှိပြီးသားပါ၊ လူတစ်ယောက်ရဲ့ ရင်ထဲက ခံစားမှုတိုင်းကို တန်ဖိုးထားပေးပါ၊ ဘာလို့လည်းဆိုတော့ လူတိုင်းမှာ တန်ဖိုးရှိတဲ့ နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံရှိတယ်"

သူက သူပြောချင်တာကို တိကျသေချာပြတ်သားတဲ့ လေသံပီပီသသနဲ့ပြောပြီး သူ့လမ်းသူ ဆက်လျှောက်သွားတော့ ရိုးရာ မင်သက်ခံပြင်းလွန်းစွာနဲ့ ကျန်ရစ်ခဲ့တော့တာ။ ဘာဆက်ပြောရမှန်း မသိလောက်အောင်ကို . . . သူ့ဘက်က စကားအကုန် ပြောသွားခဲ့တာလေ။ ယောကျ်ားလေးတော်တော်များများရဲ့ နှလုံးသားတွေကို တန်ဖိုးမထားတတ်တဲ့ . . . မထေမဲ့မြင် သရော်မော်ကားနဲ့ ပညာတွေပေးနေခဲ့တဲ့ ရိုးရာကို . . . သူ မကျေနပ်တာ။ အဲဒီ တွန်းအားနဲ့ ရိုးရာဆီ သူ ရောက်လာခဲ့တာ။ ရိုးရာကို သူ စစ်ကြေညာခဲ့တာ။ ကဲ . . . ဒီစစ်ပွဲကို ရိုးရာ ဘယ်လို ပြင်ဆင်ခုခံမလဲ။



# ယဉ်ကျေးမှု

(၃)



www.burmeseclassic.com

www.burmeseclassic.com

"တစ်စုံတစ်ယောက်ကို ...

ခင်ကြေညာစိန်ခေါ်လိုက်ပြီဆိုရင် ... ဒါမှမဟုတ် စိန်ခေါ်မှုကို

လက်ခံလိုက်ပြီ ဆိုပါစို့ ...

ပထမဆုံး ပြင်ဆင်မှုလုပ်ရမှာက ကိုယ့် ကိုယ်ကိုယ် ယုံကြည်မှုနဲ့

အပြည့်ရှိဖို့ပါ ...၊

နှလုံးရည် ပိုင်းမှာရော ... လက်ရုံးရည်ပိုင်းမှာပါ ... ပြည့်ဝ

နေပြီဆိုမှ ရန်သူ (သို့) ပြိုင်ဘက်ကို ရင်ဆိုင်ဖို့ အဆင်သင့်

ရှိမှာလေ။

www.burmeseclassic.com

www.burmeseclassic.com

လွှမ်းထားထား
(ဆေးတက္ကသိုလ်)

ယဉ်ကျေးမှု (၃) ...

ကန်တင်းထဲမှာ လူတွေ အုံးအုံးထနေအောင် သောသောညံနေတဲ့ ရယ်မောသံတွေကို ပထမဆုံး စကြားရတာ။ ဒုတိယက . . . ကန်တင်းထဲဝင်လာတဲ့ ရိုးရာတို့အုပ်စုကလေးဆီ . . . မျက်ဝန်းအကြည့်တွေ ဝေါခနဲ ပြုံဆင်းကျလာတာ။ ခါတိုင်းလည်း ရိုးရာကိုမြင်ရင် ဒီလိုပဲ လူတွေ လှုပ်လှုပ်ရှားရှား ခေါင်းတွေ ချာချာလည်အောင် ဝိုင်းကြည့်နေကျပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီတစ်ခါအကြည့်က . . . ခါတိုင်းနဲ့ မတူဘူး. . . အရမ်းထူးဆန်းနေတယ်လို့ ခံစားရတယ်။ ဘာပါလိမ့်။ ပြီးတော့ ရယ်မောသံတွေ ဖြုန်းခနဲ တိုးတိတ်ကုန်ပြီး အားလုံး သတိထားစောင့်ကြည့်တဲ့ ပုံစံမျိုးတွေ ပြောင်းလဲကုန်တယ်။ ဘာတွေလဲ . . .။ ရိုးရာ မျက်ခုံးကလေးတွေ ကျုံ့ပြီး ခါတိုင်းလိုပဲ စားစရာတွေမှာလိုက်တယ်။ စားပွဲထိုးကလေးကိုက . . . အပိုးမကျိုးတဲ့ မှုပ်နဲ့ပါလား။

"ဟဲ့ . . . ရိုးရာ . . . သီချင်း . . . သီချင်း . . . ဖွင့်ထားတဲ့သီချင်းကို သေချာနားထောင်စမ်း"

ထာဝရက တစ်စုံတစ်ရာကို အနံ့ခံ ခြေရာခံ လိုက်မိတဲ့ စုံထောက်မ မျက်နှာနဲ့ ပြူးတူးပြဲတဲ အော်တော့မှ ကဲန်တင်းထဲမှာ ဆူညံမြူးကြွနေတဲ့ သီချင်းတစ်ပုဒ်ကို သတိထားနားထောင်လိုက်မိတယ်။ Hip Hop သီချင်းတစ်ပုဒ်။ ရိုးရာ တစ်ခါမှ မကြားဖူးသေးတဲ့ သီချင်း . . .

"ရို . . . ရို . . . ရို ဟေ့ဟေ့ ဆံပင်တွေက ဖြောင့်ဖြောင့် xxx ဘော်ဒီလေးက ကောက်ကောက် xxx ဒီကောင်မလေး ဘယ်သူလဲ . . . YUFL မှာ ထင်တိုင်းကြဲ xxx ဘဲတွေကို ပညာပေး xxx လက်သံပြောင်တဲ့ လေဒီလေး





xxx ရှုးရှူးမှူးမှူး ချစ်မယ်မကြံနဲ့ xxx ဘဝပျက်မယ် ဘာမှတ်လဲ . . . သူ့နာမည်က ဘယ်သူ လဲ . . . YOE YAR . . . (မိန်းကလေးအသံတစ်သံ ပေါ်လာတာက) ကျွန်မကို ချစ်ရင် အင်းလျားကစောင့် ကျွန်မကို ချစ်ရင် ရေကန်ထဲဆင်း . . . ကျွန်မကို ချစ်ရင် ကျွန်မကိုချစ်ရင် . . . ပူပေါင်းတွေမှုတ်ပေး xxx အဲဒါ ဝိုင်အိုအီးဝိုင်အေအာရဲ့ အထာ. . . xxx ဟာ . , . ဟာ xxx

ရုတ်တရက် ရိုးရာ မျက်လုံးတွေတောင် ပြာသွားခဲ့တာပါ။ သီချင်းက ရိုးရာကို အတိအကျ တိုက်ခိုက်စပ်ဆိုထားတဲ့ သရော်သံတွေလွှမ်းမိုးနေတဲ့ Hip Hop သီချင်းပုံစံ။ ဒါ ဘယ်သူ့လက်ချက်လဲ . . . ရိုးရာ ချက်ချင်းပဲ အဖြေထုတ်နိုင်ပါတယ်။ ဒီလောကမှာ ရိုးရာကို အဲဒီလောက် သရုပ်ပျက်အောင် အရှက်ရအောင် သရော်မော်ကား စော်ကားရဲတဲ့ လူဆိုလို့ သူတစ်ယောက်ပဲရှိတာ။

"အဲဒီသီချင်းကို ခုချက်ချင်းပိတ်ပေး"

ရိုးရာ ဝုန်းခနဲထပြီး အော်လိုက်မိတယ်။ ဒေါသတွေနဲ့ လူတစ်ကိုယ်လုံး နင့်သီးနေတာ . . .။

"ကျွန်တော်တို့ဆိုင်ထဲက ဖွင့်တာမဟုတ်ဘူးခစ်ဓ၊



www.burmeseclassic.com

www.burmeseclassic.com



အပြင်က ကက်ဆက်လား . . . CD Player လား တစ်ခုခုနဲ့ . . . တစ်ယောက်ယောက် လာဖွင့်ထား တာ"

"ဘာ . . .၊ ဘယ်မှာလဲ အဲဒီကက်ဆက် . . . ဘယ်သူဖွင့်ထားတာလဲ"

"ကျောင်းသားတစ်ယောက်ယောက်ရဲ့ အိတ်ထဲကနေလာတာ . . . ဘယ်က လာမှန်းမသိဘူး"

ရိုးရာ ဆတ်ခနဲ ထ,ရပ်လိုက်တယ်။ ထာဝရနဲ့ သော်ကတို့လည်း အသီးသီးထ,ရပ်ပြီး သီချင်းသံထွက်ပေါ်နေရာဆီ လိုက်ပြီး ခြေရာခံရှာဖွေကြတယ်။ သီချင်းသံက လုံးဝရပ်မသွားဘဲ ဒီတစ်ပုဒ်တည်းကိုပဲ ထပ်တလဲလဲ ကျော့ပြီး ပြန်ပြန်ဆိုနေဟာ . . .။ အသံရှင်ကို ရိုးရာကောင်းကောင်းအလွတ်ရနေပြီ။ အဲဒါ . . . သူ့ရဲ့အသံပဲ . . .။ ဒါပေမယ့် ကဲန်တင်းတစ်ခုလုံးထဲမှာ သူ့ရဲ့အရိပ်အယောင်လေးကိုတောင် မတွေ့။ ရိုးရာတစ်ကိုယ်လုံး တဆတ်ဆတ်ကို တုန်နေပြီ။ အခုနေသာ သူ့ကို တွေ့မိရင်တော့ ပွဲကြီးပွဲကောင်းပဲ . . .။ ရိုးရာ ဘာကိုမှ ငဲ့ညှာ ချုပ်ထိန်းတော့မှာ မဟုတ်ဘူး။

"ရိုးရာ . . . သီချင်းသံက . . . ဒီအိတ်ထဲကလာတာ"





စားပွဲတစ်ခုပေါ်မှာ အိတ်ကလေး တစ်အိတ်ကို ထာဝရကပဲ ရှာတွေ့လိုက်တယ်။ ဒါပေမယ့် အိတ်ကို လက်လှမ်း လိုက်ရုံရှိသေး၊ အိတ်ကလေးကို တစ်ယောက်ယောက်က တစ်နေရာရာကနေ ကြိုးနဲ့ ပြန်ဆွဲယူလိုက်သလိုမျိုး ဝုန်းခနဲပါသွား တော့တာ။ ရိုးရာ အိတ်ကို မရမက လိုက်ဖမ်းပေမယ့်မမိ။ အိတ်ကလေးက ဆိုင်အပြင်တစ်နေရာက တစ်ယောက်ယောက်ဆီ ပြန်ပါသွားခဲ့ပြီ။ ဘယ်သူလဲဆိုတာ ရိုးရာ လှမ်းမကြည့်ဘဲ သိပါတယ်။

"ကျူးရင့် . . .၊ ရှင် ခဏနေဦး . . . အဲဒီမှာရပ်နေ"

ရိုးရာ လှမ်းအော်လိုက်ပေမယ့် သူက တာ့တာ ပြပြီး ကျောခိုင်းထွက်သွားခဲ့ပြီ။ သူ့ရဲ့နောက်ကိုလည်း ပြေးမလိုက်ချင်တော့။ လိုက်ရပေါင်းလည်းများခဲ့ပြီ . . .။ လိုက်တိုင်းလည်း မမိခဲ့။

"နင် သူနဲ့ ထိပ်တိုက်ဆုံပြီး ဆွေးနွေးဖို့တော့ လိုပြီ ရိုးရာ၊ ဒီအတိုင်း လက်ပိုက်ကြည့်နေရင် ဒီကောင် ပိုပြီး ရောင့်တက်လာလိမ့်မယ်၊ ဘလိုင်းကြီးလိုက်ဖဲ့နေတာ . . . တိုင်ချင်တိုင်ပစ်လိုက်ဟာ . . . ငါတော့ အသည်းယားလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မတိုင်ပါဘူး၊ သူ့ကို ငါကိုယ်တိုင်ပဲ ပြန်ပြီး ပညာပေးမယ် . . . တွေ့ကြသေးတာပေါ့ ကျုံးရင့်"

ရိုးရာ နှုတ်ခမ်းကလေးကို ခပ်နာနာ ဖိကိုက်လိုက်မိတယ်။ သူ့ကို ရင်ဆိုင်ဖို့ ရိုးရာပြင်ဆင်ရတော့မယ်။ သူ့ကို အနိုင်ရယူဖို့ အရှိုက်တည့်တည့်ဆီ ထိမှန်အောင် အလဲထိုးဖို့လေ။ ရိုးရာမေဆိုတာ အနိုင်မရရင် . . . ဘယ်ကစားနည်းကိုမှ စိတ်မဝင်စားတတ်သူမျိုးလေ။

♦ ⁂ ♦ ⁂ ♦





ကျောင်းဆင်းချိန်မှာ သူ့ကို ပြိုင်ဘီးကလေးနဲ့ တွေ့လိုက်တာမို့ ရိုးရာ သူ့နောက်ကနေပဲ ဖြေးဖြေးမှန်မှန်လိုက်ခဲ့တယ်။ သူ့ အိမ်ရှေ့အထိရောက်တဲ့အထိဆိုပါတော့။ သူက စက်ဘီးကိုတိုင်မှာ သော့ချိတ်လိုက်ပြီးမှ ရိုးရာရဲ့ ကားဆီလှမ်း ကြည့်ပြီး မခို့တရို့ ပြုံးတယ်။ သူ့အပြုံးက အသည်းယားစရာ။ ရိုးရာက ကားပေါ်ကနေ ဆင်းလာခဲ့ပြီး သူနဲ့ ရင်ဆိုင်လိုက်တယ်။

"အိမ်အထိတောင် လိုက်လာရတယ်ဆိုတော့ ခေတ်ကာလ သမီးပျိုတွေရဲ့ အတင့်ရဲမှုကို . . . ဦးညွှတ်ပါတယ်ခင်ဗျာ"

သူ့လေသံက ခပ်ရွဲ့ရွဲ့နဲ့ တကယ်ပဲ အလေးပြုဦးညွှတ်ပြနေတာမို့ ရိုးရာ သူ့မျက်နှာတည့်တည့်ဆီ လက်သီးနဲ့ ခွပ်ခနဲ ထိုးပစ်လိုက်ချင်စိတ်ကို အတော်ကြီး ချုပ်ထိန်းထားရတယ်။ သူ့ရဲ့ရိုက်ချက်မှာ ကိုယ်မနာကျင်လေဟန်ပြမှ ရင်သူကို



www.burmeseclassic.com

www.burmeseclassic.com





ပို့ပြီး ကသိကအောက်ဖြစ်စေမယ်မဟုတ်လား။

"ရှင် ဘာရည်ရွယ်ချက်နဲ့ ကျွန်မကို တမင်သက်သက် လိုက်ရန်စ,စော်ကားနေသလဲဆိုတာ ကျွန်မ သိချင်တယ် . . . ဖြေပါ ကျုးရင့်"

"ကဲပါလေ . . . ဒီအတိုင်း အိမ်ရှေ့ကြီးမှာ မတ်တပ်ရပ်ပြီး စကားပြောရတာ မပိုက်ပါဘူး၊ လူမြင်သူမြင်နဲ့ တစ်မျိုးတွေ ထင်ကုန်လိမ့်မယ်၊ မသိရင် တချို့က မင်း ကိုယ့်ဆီမှာ အဖြေတစ်ခုခု လိုက်တောင်းနေတယ် ထင်သွားရင် မကောင်းဘူးလေ . . ."

"ရှင် စကားကို စည်းစောင့်ပြီးပြောနော် . . . မတင်စီးနဲ့"

"မဟုတ်ဘူးလား . . . ကိုယ်က ရိုးရိုးပြောတာပါ၊ ခုပဲ မင်း ကိုယ့်ကို မေးခွန်းတစ်ခု မေးနေပြီလေ၊ အဲဒီအဖြေကို မင်း ကိုယ့်ဆီက သိချင်နေတာ မဟုတ်ဘူးလား၊ ကိုယ် ဘာမှားလို့တုန်း၊ ကိုယ့်ဘာသာ ရိုးရိုးပြောတာ မင်းဘာသာမင်း အတွေးတွေ ချော်နေရင်တော့ မတတ်နိုင်ဘူးလေ"

ရိုးရာ သူ့ကို မျက်စောင်းပဲ ထိုးပစ်လိုက်မိတယ်။ သူလောက် စကားကို ရှာကြံကတ်သတ်ပြီး ပြောတတ်တဲ့သူမျိုး တကယ် မတွေ့ဖူးပါ။

"စကားမရှည်နဲ့ . . . ဖြေ"

"တွေ့လား . . . အဖြေကို စွတ်တောင်းနေပြန်ပြီ . . . ဇွတ်ပဲ"

ရိုးရာ နှုတ်ခမ်းကိုကိုက်ပြီး သူ့ကို စူးညို့နေအောင် ကြည့်ပစ်လိုက်တော့မှ သူက . . .

"ကောင်းပြီလေ . . . ဟိုရှေ့နားမှာ ကော်ဖီနဲ့အအေး ဆိုင်ကလေးရှိတယ်၊ အဲဒီမှာ ပြောမယ် . . . ကိုယ် သွားနှင့်မယ်၊ မင်းနဲ့ တွဲလျှောက်သွားရင် လူတွေ ဝိုင်းကြည့်ခံရမှာ ကိုယ်ရှက်လို့ . . ."

သူက ပြောပြီး လှစ်ခနဲ ဦးအောင်ထွက်သွားတော့ ရိုးရာ ဆွေ့ဆွေ့ခုန်မတတ် ကျန်ရစ်ခဲ့ရတယ်။ ဘယ်လောက် တင်စီးတဲ့ စကားလဲဆိုတာ . . .။ သူဟာ တမင်တကာပဲ လုပ်နေတာလား၊ သူ့ ပင်ကိုယ်မူရင်းစရိုက်လိလားဆိုတာ မဝေခွဲတတ်အောင် . . . လူထူးလူဆန်းတစ်ယောက်ရယ်လို့ပဲ သတ်မှတ်ရမလား ရိုးရာ တကယ်မသိတော့ . . .။

ဆိုင်ကလေးထဲရောက်ချိန်မှာ သူက အေးအေးဆေးဆေး ကော်ဖီတစ်ခွက်မှာလို့ ပုပန်ကြောင့်ကြကင်းစွာ။





www.burmeseclassic.com

www.burmeseclassic.com





လူတွေရဲ့ မျက်ဝန်းများစွာသာ ရှီးရာဆီ စုပြုံပုံအောရောက်ရှိလာခဲ့တာ။ ရှီးရာ သူ့ရှေ့မှာ ခပ်တည်တည်ပဲ ဝင်ထိုင်လိုက်တယ်။

"မင်းက အရင်ဘဝက နတ်သမီးသေလို့များ လူပြန်ဖြစ် လာတာလား မသိဘူးနော်၊ အရောင်အဝါတွေက ခုချိန်ထိ လင်းလက်ကျန်နေတုန်း . . ."

ပြောပုံကိုက ရိုက်ပေါက်ဟန်အပြည့်။ ရှီးရာကလည်း အဖက်မလုပ်ဘူးဆိုတဲ့ ဒီဇိုင်းနဲ့ Blueberry Smoothy တစ်ခွက်မှာပြီး သူနဲ့ မျက်လုံးချင်းဆုံအောင် ကြည့်တယ်။ ဒီတစ်ခါတော့ ရှီးရာ ထပ်မမေးရတော့ဘဲ သူ့ဘာသာသူ အလိုလို ဖြေတယ်။

"မင်းရဲ့မေးခွန်းကို ကိုယ်ဖြေရရင် မင်းကိုချစ်လို့လည်း မထင်နဲ့၊ စိတ်ဝင်စားလို့လည်း လုံးဝ မဟုတ်ဘူး၊ အမြင်ကတ်လို့ကို လိုက်လုပ်နေတာ"

ရှီးရာရဲ့ ခန္ဓာကိုယ်လေး ဆတ်ခနဲ တောင့်မတ်သွားတယ်။ သူပြောပုံက ပြောင်ကျလွန်းလို့ပါ။

"နေစမ်းပါဦး . . . နေရင်းထိုင်ရင်း ကျွန်မကို အမြင်ကတ်ရအောင် ရှင့်ကို ကျွန်မ ဘာများလုပ်မိသလဲ"



"ကိုယ့်ကိုတော့ ဘာမှ မလုပ်ပါဘူး၊ ဒါပေမယ့် မင်းကို ရိုးရိုးသားသား စွဲလန်းမက်မောမိတဲ့ ယောကျ်ားတော်တော်များများရဲ့ နှလုံးသားကို မင်းကစားခဲ့တယ်လေ၊ မင်းလုပ်ပုံက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့ ဒီဇိုင်းနဲ့၊ ခံလိုက်ရတဲ့အထဲမှာ ကိုယ့် သူငယ်ချင်းတွေလည်း ပါတယ်၊ မင်းက ပညာတွေ စွတ်ပြနေတော့ ကိုယ်လည်း မနေသာတော့ဘူးပေါ့၊ မင်းနဲ့ ပညာချင်းယှဉ်ချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ ယောကျ်ားတွေကို မင်း လျှော့မတွက်နဲ့ ရှီးရာ၊ တကယ့် ပညာသည်နဲ့ကြုံလာရင် မင်း နာသွားမယ်"

"အလို . . . တယ်ဆိုတဲ့စာပါလားရှင်၊ ရှင်က ကျွန်မကို ခြိမ်းခြောက်တယ်ပေါ့၊ လုံးဝ မကြောက်ရေးချ မကြောက်ပဲရှင် . . . နားလည်လား၊ ရှင်တို့ယောကျ်ားတွေကို ဘာများ ပိုတွက်စရာရှိသလဲ၊ မိန်းကလေးတစ်ယောက် ချောပြီလှပြီ နာမည်ကြီးပြီဆိုရင် အသေရရ အရှင်ရရ အရှက်မရှိ အားနာရကောင်းမှန်းမသိ အလိုက်ကန်းဆိုးမသိ ပြူးပြဲနေအောင် လိုက်တော့တာ၊ ဘာခိုင်းခိုင်း သေဆိုသေ ရှင်ဆိုရှင်ဖို့ အဆင်သင့်လေ၊ အရှုံးလုပ်ခံရတယ်ဆိုတာ လုပ်တဲ့သူ့ရဲ့ အပြစ်မဟုတ် ဘူးရှင့် . . . ခံတဲ့သူရဲ့ အပြစ်"



www.burmeseclassic.com

www.burmeseclassic.com





သူက ရိုးရာကို စိုက်ကြည့်နေရာက သရော်ပြုံး ကလေး လှစ်ခနဲ ပြုံးတယ်။ ရိုးရာနဲ့ သူ့ရဲ့ ထိပ်တိုက်ရင်ဆိုင်မိ တဲ့ပွဲက မမျှော်လင့်ဘဲ အရှိန်ပြင်းလာခဲ့ပြီ . . .။

"မင်းကိုယ်မင်း သိပ်အထင်ကြီးတယ်လား ရိုးရာမေ၊ ယောကျ်ားတိုင်း မင်းဆွဲဆောင်ရင် တမ်းတမ်းစွဲ ရူးသွပ် မယ့်သူတွေချည်းပဲလို့ မင်း ထင်သလား၊ ကျိန်းသေပေါက် ပြောရဲလား၊ ကမ္ဘာနဲ့တောင် ချီပြီးတော့ မပြောပါဘူး၊ . . FL တစ်ကွက်ကလေးထဲမှာတောင် မင်းကို လုံးဝ စိတ်မဝင်စားတဲ့ ယောကျ်ားတွေ အများကြီးပဲ၊ တန်းစီလိုက်ရင် ကိုယ်က နံပါတ်တစ်ပဲ၊ မင်း မယုံဘူးလား၊ ကြိုက်သလို စမ်းသပ် လို့ရတယ်၊ မင်းကို ကိုယ် စိန်ခေါ်လိုက်ပြီ . . . ကဲ"

ရိုးရာရဲ့ အရှိုက်တည့်တည့်ဆီ လက်သီးပြင်းပြင်း တစ်ချက် ပြေးဝင်လာသလို အင့်ခနဲ မချိမဆန့် ခံလိုက်ရတဲ့ အဖြစ် . . .။ ကိုယ်နဲ့ မျက်နှာချင်းဆိုင် တည့်တည့်မှာထိုင်ပြီး ကိုယ့်မျက်နှာဆီ စေ့စေ့ကြည့်ကာ ကိုယ့်ကို လုံးဝ စိတ်မဝင် စားပါဘူး . . . လို့ စိန်ခေါ်နေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ မျက်နှာကို တစ်ခါမှ မမြင်ဖူးတဲ့ အထူးအဆန်းမျက်နှာတစ်ခုလို မင်သက်ထုံပေစွာ ငေးစိုက်ကြည့်နေမိရင်း မာနမီးတွေ ရိုးရာ



ရင်ထဲမှာ အရှိန်ပြင်းပြင်း စ,လို့ လောင်ကျွမ်းလာခဲ့တယ်။

"ရှင် သေချာလား ကျူးရင့် . . ."

"သိပ်သေချာပါတယ် . . . ကဲပါလေ ဒီလိုလုပ်ပါလား၊ မင်းလည်း ခေသူမှ မဟုတ်တာ၊ စိန်ခေါ်ပွဲကလေးဖြစ်ဖြစ် ကစားပွဲကလေးပဲဖြစ်ဖြစ် အပျော်သဘောသက်သက် စမ်းသပ် ကြည့်ရအောင်၊ အနိုင်အရှုံးကတော့ မင်း ကြိုက်တာ တောင်း ဆိုနိုင်တယ် . . . ဘယ်လိုလဲ မင်း စိတ်ဝင်စားမလား . . . ရိုးရာမေ"

ရိုးရာစိုက်ကြည့်နေတဲ့ သူ့မျက်ဝန်းတွေ ပိုပြီး တောက်ပစူးလက်လာသလို ခံစားမိတယ်။ ရိုးရာရင်ထဲမှာ လည်း မာနငွေ့တွေ တရှိန်ရှိန် လူးလွန့်လို့ . . .။

"ပြော . . . ဘာစိန်ခေါ်ပွဲလဲ"

"ခေါင်းစဉ်က "မချစ်မိကြေး" ဆိုပါတော့"

"ဘယ်လို . . ."

"မင်းနဲ့ကိုယ် တစ်ယောက်ကိုတစ်ယောက် မချစ်မိ ကြေး ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကိုယ့်ကိုယ်ကိုယ် မချစ်မိ အောင် ကာကွယ်ရမယ်၊ ဒါပေမယ့် တစ်ဖက်ပြိုင်ဘက်ကို တော့ကိုယ့်ကို တစ်ဖက်လူက ချစ်ခင်တိမ်းညွတ်လာအောင်



www.burmeseclassic.com

www.burmeseclassic.com





ဖြားယောင်းဆွဲဆောင်ခွင့် အပြည့်ရှိတယ်၊ မင်းရောကိုယ်ရော တစ်ယောက်ကိုတစ်ယောက် ကြိုက်သလို ဆွဲဆောင်ညို့ငင်ခွင့်ရှိတယ်၊ ဒါမှ အဓိပ္ပာယ်ရှိမယ်လေ၊ ဆွဲငင်အား ညို့ငင်မှုတစ်ခုဆီကနေ ရုန်းကန်တွန်းထွက်နိုင်တဲ့သူက အနိုင်ရမယ်ဆိုပါတော့၊ ဥပမာကွာ . . . မင်းက ကိုယ့်ကို ကြိုက်သလောက် ဖြားယောင်းစွဲဆောင်နိုင်တယ်၊ ဒါပေမယ့် အဲဒီအပေါ်မှာ ကိုယ် မင်းကို လုံးဝ မချစ်မိဘူးဆိုရင် ကိုယ်နိုင်မယ်၊ အဲဒီလိုပဲ မင်းကိုလည်း ကိုယ်က ကိုယ့်ဆီ ကြွေဆင်းလာအောင် အစွမ်းကုန် ဖြားယောင်းညို့ငင်မယ်၊ မင်းက ရုန်းထွက်နိုင်ရမယ်၊ လုံးဝ မလိမ်မညာကြေးနော်၊ ကိုယ့်ကိုယ်တိုင်အပေါ်မှာရော ပြိုင်ဘက်အပေါ်မှာပါ လုံးဝ ရိုးသားရမယ်၊ မင်း ကိုယ့်ကို တကယ်မချစ်မိဘူး ဆိုရင် မင်း နိုင်မယ်၊ မင်းနိုင်တဲ့အခါ ကိုယ့်ဆီမှာ မင်း ကြိုက်တာတောင်းခွင့်ရှိတယ်၊ ကိုယ်နိုင်ရင်လည်း မင်း ဆီမှာတောင်းမှာပဲ၊ နှစ်ယောက်စလုံး သရေလည်း ဖြစ်ချင်ဖြစ်မယ်"

အမှန်အတိုင်းဝန်ခံရရင်တော့ ရိုးရာ တကယ် စိတ်ဝင်စားသွားတာပါ။ ဒီကစားပွဲမှာ သူ့ကို အလဲထိုးခွင့်ရနိုင်သားပဲ။



"ကောင်းပြီလေ . . . ရှင့်စိတ်ကူးက ဆန်းတော့ ကျွန်မ ငြင်းမပစ်နိုင်ဘူး၊ ရှင်လည်း သမ္မာအဆင့်ပဲဟာ၊ စိန် လိုက်လေ၊ ရှင်ရှုံးမယ်လို့ ကျွန်မ ကြိုပြောထားလိုက်မယ်၊ ရှင်ရှုံးရင် ကျွန်မတောင်းဆိုမှုက ရှင်းတယ်၊ ရှင့်ကို ကျွန်မ မြင်ကွင်းထဲမှာ လုံးဂ မမြင်ချင်ဘူးဆိုတာပဲ၊ အရိပ်ကလေး တောင် မမြင်ချင်ဘူး . . .၊ မတော်တဆတောင် မဆုံချင်ဘူး၊ ဘယ်လိုလဲ ရှင် ရှောင်နိုင်ပါ့မလား. . ."

"စိတ်ချလိုက်ပါကွာ၊ ကိုယ်နဲ့မင်းက အဝေးကြီးပါ၊ မတော်တဆ ဆုံမိပြီး တမင်တကာ ရှောင်နိုင်ပါတယ်"

"ကောင်းပြီ . . . deal"

ရိုးရာအတွက် ဘာမှဆက်ပြောဖို့ မလိုတော့ သလိုမို့ ထ,ပြီး ထွက်ခဲ့တယ်။ ခြေလှမ်းငါးလှမ်းတောင် မပြည့်သေး . . .

"ရိုးရာမေ . . ."

လို့ လှမ်းခေါ်သံကြားတာမို့ အသာအယာပဲ လှည့်ကြည့်မိတယ်။ သူက ညို့သလို အပြုံးမျိုးနဲ့ ပြုံးကြည့်နေခဲ့တာမို့ တအံ့တဩ ထိတ်ခနဲတောင် ဖြစ်သွားမိတယ်။

"ဘာလဲ . . ."



www.burmeseclassic.com

"ပွဲက မနက်ဖြန်မှ စ,မှာလေ၊ ခုတော့ မင်းမှာထားတဲ့ အအေးဖိုး မင်းဘာသာမင်းပဲ ရှင်းသွားပါဦး"

သူပြောပုံက ရယ်ရယ်ရွှင်ရွှင် . . .။ ရှိုးရာ ပါး နှစ်ဘက်မှာတော့ ရှိန်းမြမြပူနွေးသွားမိပါရဲ့။ တော်တော်ဆိုး တဲ့လူ . . .။



# ယဉ်ကျေးမှု

## (၄)



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"အတုက လက်ရာမြောက်လွန်းတဲ့အခါ
အစစ်ထက်တောင်
ပိုလို့ လှပအသက်ဝင်နေသေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

လှုန်းဟားဟား
(ဆေးတက္ကသိုလ်)

## ယဉ်ကျေးမှု ... (၄)

မထင်မှတ်ဘဲ သူနဲ့ရိုးရာရဲ့ စိန်ခေါ်ပွဲကလေးက စိတ်ဝင်စားဖို့ ကောင်းသွားခဲ့တာ။ နောက်တစ်နေ့ ရိုးရာကျောင်းကိုရောက်တော့ သူ့လက်ထဲမှာ နှင်းဆီပန်းစည်း ဧရာမကြီးနဲ့ တွေ့လိုက်တော့ ရိုးရာက ပခုံးတွန့်ပြီးတော့တောင် ပြုံးမိသေး။ ပန်းစည်းနဲ့ ဆွဲဆောင်ဖြားယောင်းတဲ့နည်းက သိပ်ကိုရိုးအီငြီးငွေ့စရာ ဟောင်းလွန်းသွားပြီလို့ သူ့ကိုပြောဖို့ ပြင်တုန်း



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ရိုးရာရဲ့ နှုတ်ခမ်းတွေ ဆွံ့အ,သွားခဲ့တာပါ။ ရိုးရာ ခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ သူက နှင်းဆီပွင့်ကလေးကို ဖြုတ်ခနဲ ချွေပြီး ရိုးရာရဲ့ ခြေလှမ်းအောက်ဆီ လှမ်းပစ်လိုက်တာလေ။ ပထမတော့ သူ ဘာကြောင်တာပါလိမ့်လို့ တအံ့တသြ။ ဒုတိယ ခြေလှမ်းလိုက်တော့ ဒုတိယတစ်ပွင့်၊ တတိယ ခြေလှမ်းတော့ နောက်ထပ်တစ်ပွင့်။ ရိုးရာ ခြေလှမ်းလိုက်တိုင်း နှင်းဆီပွင့်ကလေးတွေ လမ်းမဆီမှာ လွင့်ကျကျန်ခဲ့ပုံက ကဗျာဆန်လွန်းနေတာ။

"ရှင် ဘာတွေလုပ်နေတာလဲ ... ဟူကြောင်ကြောင်နဲ့"

ကြာတော့ ခြေလှမ်းရမှာကိုတောင် မဝံ့ရဲတော့ သလို တွန့်ဆုတ်စွာနဲ့ ရိုးရာ လှမ်းမေးမိတယ်။ သူက အဖြေကို ပြင်ဆင်ထားပြီးသား။ ညို့ခနဲ အပြုံးတစ်ပွင့်နဲ့အတူ ...

"မင်းရဲ့ခြေလှမ်းတိုင်းမှာ ပန်းပွင့်ကလေးတွေတောင် အရှုံးပေး ခစားကြရတယ်လို့ ဆိုလိုချင်တာပါ၊ ကဗျာတော့ ဆန်နေလိမ့်မယ်၊ ဒါပေမယ့် မင်းရဲ့ခြေလှမ်းတွေ သိပ်လှတာကို တင်စားတဲ့သဘောပါ"

သူပြောနေဟန်က ကဗျာတစ်ပုဒ် ရွတ်နေတာနဲ့





တောင် တူနေလိုက်သေးတယ်။ ရိုးရာရင်ထဲ လှိုက်ခနဲတောင် ဖိုသွားမိမတတ် လှစ်ခနဲ အငိုက်မိသွားသေးတာ။ ဒါဟာ အစစ် မဟုတ်ဘူး ... သူ ရိုးရာကို ဖြားယောင်းနေတာ ဆိုတဲ့ အသိ ဝင်လာတော့မှ ရိုးရာ ကိုယ့်ကိုယ်ကို ပြန်ကျိန်ဆဲမိတယ်။

"ရှင့်နှယ် ... ရှူးချက်တော်"

ရိုးရာက ရွတ်နောက်နောက် ပြန်ချေပရင်း ခြေလှမ်းတွေကို ခပ်မြန်မြန်သွက်သွက် လှမ်းမိတယ်။ သူကလည်း မကျန်ရစ်ခဲ့ပါဘူး။ မကြည့်ပါဘူး ... သတိထားနေတဲ့ကြားက ရိုးရာလျှောက်ခဲ့တဲ့ လမ်းတစ်လျှောက်ကို ပြန်လှည့်ကြည့်မိတော့ အနီရောင် နှင်းဆီပန်းပွင့်ကလေးတွေ လမ်းတလျှောက်မှာ အတုံးအရုံး။ လူတွေက ရိုးရာနဲ့သူ့ကို အံ့သြစူးစမ်းတဲ့ အကြည့်တွေနဲ့ အကဲခတ်ကြည့်နေကြတာကို ရိုးရာ သတိထားမိတယ်။

"တော်ပြီ ... ရှင် နှင်းဆီတွေ ဆက်မချွေနဲ့တော့၊ နှမြောစရာ"

"တစ်ယောက်ရဲ့ နည်းပရိယာယ်ကို ကျန်တဲ့သူက ဘားခွင့်မရှိဘူး ရိုးရာ၊ ကိုယ့်ဆီက သမားရိုးကျ သူလိုကိုယ်လို ဆွဲဆောင်မှုမျိုးတွေ မင်း မမျှော်လင့်နဲ့၊ ဒီလို အဆန်းအကြယ်တွေကိုပဲ မင်း ရလိမ့်မယ်၊ တစ်ချိန်မှာ မင်း မျှော်တောင်



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေမိလိမ့်မယ်"

"ရှင့်ကိုယ်ရှင် အဲဒီလောက် မျှော်လင့်မထားနဲ့ ကျူးရင့်"

သူက ပြုံးပြီးတော့ ရိုးရာကို စိုက်ကြည့်တယ်။ အကြည့်က နက်လွန်းလို့ ရိုးရာ အတော်လေး သတိထားရပါတယ်။ ဒီလိုနဲ့ အတန်းထဲရောက်တဲ့အထိ သူ ပါလာပြီးမှ ပြန်ထွက်သွားတော့တာ။ ရိုးရာဘက်ကရော ဘယ်လို လက်နက်မျိုးကို ထုတ်သုံးရမှာပါလိမ့် . . . လို့ ရိုးရာ တွေးနေမိခဲ့ပြီ။ သူ့ဆီက တရစပ် ထိုးစစ်ဆင်လာမှာမျိုးကို ခုခံကာကွယ်နေရတာထက် ရိုးရာဘက်က သူ့ကို ထင်မှတ်မထားတဲ့ နည်းလမ်းတွေနဲ့ ဆွဲဆောင်နိုင်မှ ရိုးရာ အသာစီးရမယ်လေ။ ထာဝရနဲ့ သော်ကကို သူနဲ့ရိုးရာရဲ့ စစ်ပွဲအကြောင်း အသိပေးလိုက်တော့ နှစ်ယောက်သား အံ့သြဘနန်းတွေ ဖြစ်လို့ . . .။

"ရှင် ဘယ်လို သူ့ကို ဆွဲဆောင်မှာတုန်း၊ ရှင်က မိန်းက လေးလေ၊ ဟိုက ယောကျ်ားလေး၊ သူ့မှာ အခွင့်အရေးတွေ ပိုရနိုင်တယ်လေ"

"မိန်းကလေးတစ်ယောက်ရဲ့ဘောင်ထဲကနေ လှုပ်ရှားမှာပေါ်ဟဲ့၊ ငါ့ကို လျှော့မတွက်နဲ့လေ"





"အေး . . . စောင့်ကြည့်တာပေါ့လေ၊ အခုတော့ သူ့ရဲ့ ပထမဆုံးတိုက်ကွက်က ရှင်တောင် မျှော်လင့်မထားဘူးမလား၊ အရမ်း ပညာပါတယ်နော်"

"မိန်းကလေးတစ်ယောက်ရဲ့ ညို့အားက သံလိုက်ခါတ်ထက် ပိုပြင်းပါတယ်ဟယ်"

ရိုးရာ ပါးချိုင့်ပါးပါးကလေးပေါ်အောင် ပြုံးမိတယ်။ ကိုယ့်ကိုယ်ကိုယ် လုံးဝ စိတ်ချယုံကြည်ထားတဲ့ အပြုံးကလေး ဆိုပါတော့ . . .။

• ~~~ • ~~~ •



www.burmeseclassic.com

www.burmeseclassic.com

ည ဆယ့်တစ်နာရီမှာ ထမြည်လာတဲ့ဖုန်းက သူ့ရဲ့ နှစ်ခြိုက်စွာ အိပ်မောကျနေခြင်းကို လွန့်နိုးပစ်လိုက်တယ်။ သူ ဆယ်နာရီလောက်က အိပ်ရာဝင်ခဲ့တာဆိုတော့ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်တတ်တဲ့ သူ့အဖို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျချိန်ပါ။ မီးလေးလင်းပြီး အဆက်မပြတ် ဆူညံနေတဲ့ သူ့ရဲ့ mobile ကလေးကို အိပ်မှုန်စုံမွှားနဲ့ လှမ်းကိုင် ဖွင့်ထူးလိုက်မိတယ်။ တစ်ခါတစ်လေ သူငယ်ချင်းတွေဆီကလည်း ဖြစ်တတ်တာကိုး။

"ဟယ်လို . . ."

"ကျူးရင့်လား . . ."

ချိုမြနေတဲ့ အသံကလေးကြောင့် သူ့မျက်လုံးတွေ မျက်ချင်း အိပ်ချင်ပြေသွားသလိုပဲ။ အသံကိုက ညှို့နေတဲ့ စပါးကြီးမြွေမ,လေးအလား။

"ရိုးရာလား . . ."





"အင်း . . . အိပ်နေတာလားဟင်! ဆောရီးနော် . . . ကျွန်မ သတိရလို့ လှမ်းဆက်လိုက်မိတာ၊ အကူအညီ တစ်ခုလည်း တောင်းချင်လို့လေ"

သူ ပြုံးမိတယ်။ မိန်းကလေးတစ်ယောက်ရဲ့ တိုက်စစ်က မရိုးလွန်းဘူးလားကွယ်။

"ရပါတယ် ရိုးရာရယ်၊ ရိုးရာက သတိရရုံတင်ရတာ၊ ကိုယ်က အိပ်မက်တောင် မက်နေတာ၊ အိပ်မက်က အရှိန် တောင်ကောင်းနေပြီကွာ၊ နှမြောဖို့ကောင်းလိုက်တာ"

သူက သူမရဲ့ထိုးစစ်ကို ချက်ချင်းပဲ ပြန်ချေပ လိုက်တာ။ သူမထံက ရယ်သံဖွဖွကလေး ထွက်လာတယ်။ သူ ငြိမ်ပြီး နားထောင်နေလိုက်တယ်။ အမှန်အတိုင်း ဝန်ခံရရင် 'သူ' ဆိုတာက မိန်းကလေးတွေနဲ့ တရင်းတနှီး ပတ်သက်ခဲ့ဖူး သူ မဟုတ်တော့ အဲဒီလို ရယ်သံချိုချိုကလေးမျိုးကို ညကြီး သန်းခေါင်မျိုးမှာ နားမထောင်ခဲ့ရဖူးတာ အမှန်ပါ။

"ကျွန်မ အိပ်လို့မပျော်လို့ ကျူးရင့်ရဲ့၊ ကျွန်မကို အိပ် ချင်အောင် ပုံပြင်ကလေးဖြစ်ဖြစ် ပြောပြပါလားလို့"

"ကိုယ်က ပုံပြောမကောင်းပါဘူး ရိုးရာရယ်၊ ဒါပေမယ့် သီချင်းဆိုပြမယ်လေ . . . မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com





"အင်း . . . ရပါတယ်၊ ဘာဖြစ်ဖြစ်ပေါ့၊ အနည်းဆုံးတော့ companion ကလေးရှိရင် ကျွန်မ သဘောကျပါတယ်"

"Ok ! ဘာသီချင်း နားထောင်ချင်လဲ ရိုးရာ"

"လေးဖြူသီချင်းဆိုပြ . . . စာမျက်နှာဆယ့်ငါး"

သူက ဂစ်တာမပါဘဲ သီချင်းသံသက်သက်ပဲ ဆိုပေးခဲ့တာပါ။ သူမက ငြိမ်သက်စွာ နားထောင်နေခဲ့တယ်။

××× ဘယ်ဆီကို မင်းရောက်နေမလဲ ××× ဘာတွေကို မင်းလုပ်နေမလဲ ××× ဘယ်သူနဲ့ မင်းရှိနေမယ် တွေးမိပါတယ် ××× ပြန်လွမ်းမောရင်းနဲ့ ပြန်စဉ်းစားရင်းနဲ့ ××× သတိရပါတယ် ××× အတိတ်တွေက မှုန်ဝါးပေမယ့် ××× ငါတို့နှစ်ဦးဇာတ်လမ်းမှာ တချို့နေရာက ××× အကောင်းတိုင်းရှိနေဆဲပါပဲ ××× ဟိုတစ်ကွက် ဒီတစ်ကွက် ပိတ်ကားထက် ×××

သီချင်းဆုံးသွားချိန်မှာ သူမဆီက စကားသံထွက်မလာခဲ့ . . . ။

"ရိုးရာ အိပ်သွားပြီလားဟင် . . ."

သူမ မဖြေပါ။ တကယ်ပဲ သီချင်းနားထောင်ရင်း အိပ်ပျော်သွားခဲ့တာလား။ ဒါမှမဟုတ် သူ့ကို သီချင်းဆိုခိုင်းပြီးကတည်းက ဖုန်းကို ဘေးချထားခဲ့တာလား သူ မသိပါ။ သူ



ဖုန်းကို အပြီးပိတ်ပြီး အိပ်ရာဝင်ခဲ့တယ်။ အတုက လက်ရာမြောက်လွန်းတဲ့အခါ အစစ်ထက်တောင် ပိုလို့ လှပအသက်ဝင်နေသေးရဲ့ . . . ။

• ⁂ • ⁂ •



www.burmeseclassic.com

www.burmeseclassic.com





မထင်မှတ်ဘဲ သူ့ရဲ့တိုက်ကွက်တွေက လှပ သေသပ်လွန်းစွာနဲ့ ရိုးရာဆီ အဆက်မပြတ် ဝင်ရောက်လာခဲ့တာမို့ ရိုးရာဘက်က မချော်လင့်ဘဲ ခံစစ်အသွင်နဲ့ သူ့ရဲ့ ထူးဆန်းလှပတဲ့ ညှို့ငင်ဖြားယောင်းမှုတွေကို သတိကြီးစွာနဲ့ ကာကွယ်ခုခံနေရတဲ့ အနေအထားအဖြစ် ပြောင်းလဲသွားခဲ့သလို၊ သူ့ရဲ့ နည်းပရိယာယ်တွေက ရိုးရာကို လိုက်ခဲ့သမျှ ဘယ်ယောက်ျားကလေးတွေမှ မစဉ်းစားမိကြတဲ့အထာတွေ။ ပညာသားက အလွန်ပါတယ်။

ကျောင်းပိတ်ရက် စနေနေ့ နေ့လယ်ခင်းမှာ မိန်းကလေးနှစ်ယောက် ရိုးရာအိမ်ဆီ ပေါက်ချလာတယ်။ သူတို့နဲ့ အတူပါလာတဲ့ ဝန်ဆောင်မှုက ရိုးရာ တစ်ခါမှ မကြားဖူးသေးတဲ့ အဆန်း။

"ဒါ မရိုးရာမေရဲ့အိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် . . . ကျွန်မ ရိုးရာမေပါ၊ ဘာကိစ္စရှိလို့ပါလဲ"

"ဟုတ်ကဲ့ . . . သမီးတို့က Fubulous Beauty Spa က ဝန်ထမ်းတွေပါရှင်၊ ဖြူသွယ်နဲ့ စိုးပြေပါ၊ ကျွန်မတို့ရဲ့ ဝန်ဆောင်မှုက ခြေသည်းနဲ့လက်သည်းတွေ အလှဆင် ပုံဖော်ခြယ်ပေးတာပါ၊ မမအတွက် ကိုကျူးရင့်က လှတ်ပေးလိုက်လို့ပါ။ စာတစ်စောင်လည်း ထည့်ပေး လိုက်ပါတယ်၊ မမကို အားလုံးခြယ်ပေးပြီးမှ စာပေး ဖတ်ပါလို့ မှာလိုက်ပါတယ်"

"ဩော် . . ."

ရိုးရာ နည်းနည်းတော့ စိတ်ဝင်စားသွားမိတာ အမှန်ပါ။ အမှန်အတိုင်း ဝန်ခံရရင် ဒီတစ်ပတ် Spa သွားပြီး Foot Spa သွားလုပ်ချင်နေခဲ့တာ။ ရေနွေးပူဖောင်းကလေးတွေနဲ့ အနှိပ်ခံ ဆေးကြောပြီး ခြေသည်းအသစ် ပုံဖော်ပြန်ဆိုးဖို့ စိတ်ကူးရှိနေခဲ့တာ။ ယောက်ျားလေးတန်မဲ့နဲ့ ဒီစိတ်ကူးကို သူ ဘယ်လိုရပါလိမ့်။ စိတ်ထဲ နည်းနည်းတော့ သဘောကျကျေနပ်သွားမိတယ်။

"အတော်ပဲ . . . မ လည်း Foot Spa လုပ်ချင်နေတာ၊ အခန်းထဲ သွားမယ်လေ"

ကောင်မလေးတွေက ခြေထောက်ကို ရေနွေး





www.burmeseclassic.com

ပူဖောင်းကလေးတွေနဲ့ နှိပ်ပေးတဲ့ Vibrating Bubble စက်ကလေးကအစ ဂျီးချွတ်ပစ္စည်းကိရိယာ အစုံအလင်နဲ့ ဆိုးဆေးပုလင်းရောင်စုံ အလက်အမှုန်ကလေးတွေအဆုံး စိတ်ကြိုက် ဒီဇိုင်းရွေးချယ်ဖို့ ဒီဇိုင်းကက်တလော့(ဂ်)တောင် ပါလာပါတယ်။

ရိုးရာက ခုံကလေးမှာ သက်တောင့်သက်သာ ဖြေလျှော့စွာနဲ့ ဇိမ်ကျကျ ဇိမ်ခံရင်း သူ့ဆီ ဖုန်းခေါ်လိုက်မိတယ်။ ကောင်မလေးနှစ်ယောက်ကတော့ သူတို့အလုပ် သူတို့ ခပ်သွက်သွက် လုပ်နေကြလေရဲ့။

"ဟယ်လို . . ."

"ကျူးရင့်လားဟင်"

"ရိုးရာ . . . ပြော၊ အဆင်ပြေရဲ့လား"

"အင်း . . . အခုပဲ ဇိမ်ခံနေတာလေ၊ ကျေးဇူးပဲကျူးရင့်၊ ကျွန်မ Foot Spa လုပ်ချင်နေတာနဲ့ အတော်ပဲ"

ရိုးရာက အသံလေးကို တမင်သက်သက် နူးညံ့ချိုအီနေအောင် ဖန်တီးထားလိုက်တယ်။ ဒါဟာ မာယာသက်သက်ပဲဆိုတာ မရိပ်မိတဲ့သူ ခံကြေးလေ။ သူ့ရဲ့ အလိုက်သိတတ်လွန်းမှုအပေါ် မသာယာပါဘူးဆိုတာရယ်၊ ရိုးရာရဲ့ ညို့





စက်ကွင်းကို မသိမသာဆင်ရင်း သူ့ကို လှမ်းပြီး ဖြားယောင်းနေတာဆိုပါတော့။

"My Pleasure ပါ ရိုးရာ၊ လက်သည်းခြေသည်းကလေးတွေကို အမြဲ လှနေအောင် ဒီဇိုင်းလှလှကလေးတွေ ပြင်ဆင်လေ့ရှိတာကို . . . ကိုယ် သတိထားမိလို့ပါ"

သူ့အသံကလည်း ညို့မြူသံအပြည့်။ ရိုးရာက မဲ့ပြုံးခပ်ဟဟ,ဟလေး ပြုံးမိရင်း . . .

"ညအတွက် သီချင်းတစ်ပုဒ် ရွေးထားနော် . . . အိပ် မပျော်ရင် ဆက်လိုက်မယ်၊ ဒီတစ်ခါ R ဖာနည် နားထောင်ချင်တယ်"

"အမိန့်တော်အတိုင်းပါဗျာ . . ."

သူ ဖုန်းချသွားတယ်။ နှစ်ယောက်စလုံး ကိုယ်စီ မရိုးသားဘူးဆိုတာကိုသာ ကြိုသိမထားရင် ဒီပွဲမှာ နှစ်ယောက်စလုံး အငိုက်မိနိုင်တဲ့အပြစ် . . .။

ခြေသည်းလက်သည်းကလေးတွေ အလှဆုံး ပုံဖော်ပြီးချိန်မှာ ကောင်မလေးတွေက ရွှန်းရွှန်းဝေအောင် နှုတ်ဆက်ရင်း စာအိတ်ကလေးတစ်အိတ် လှမ်းပေးသွားတော့ ဟန်တောင် မဆောင်နိုင်ပဲ ချက်ချင်းပဲ ဖွင့်ဖတ်ကြည့်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ ရင်ဘတ်တည့်တည့်ဆီ ချိန်ရွယ်ပြီး လှမ်းပစ်မယ့် လက် နက်တစ်စုံတစ်ရာ ပါမယ်မှန်း ကြိုသိရက်နဲ့လေ . . .။

"ရိုးရာ . . .

မင်းရဲ့ လက်သည်းခြေသည်းကလေးတွေပေါ်က ဆိုးဆေးကလေးတွေဖြစ်ခွင့်ရချင်မိတယ်၊ စိတ်ကျေနပ်သာယာကြည် နူးတဲ့ အပြုံးကလေးနဲ့ အမြဲ လှမ်းကြည့်မှာကို ခံယူချင်လို့ပါ

ကျူးရင့် . . ."

"ဟား ဟား . . . တော်တော်လာတဲ့လူ . . .၊ လဲသေလိုက်ပါလား မောင်ကျူးရင့်ရယ် . . .၊ ကဗျာတွေ လာရွတ်မနေစမ်းပါနဲ့၊ နှလုံးသားကိုမှန်ဖို့ အဝေးကြီးပါရှင်"

ရိုးရာက တမင်သက်သက်ကို အသံထွက် ရယ်မောသရော်ပစ်မိရင်း . . . စာကလေးကို တစ်စစီ ဆုတ်ဖြဲလွှင့်ပစ်လိုက်တယ်။ ပြီးတော့ . . . နမြောပေမယ့်လည်း တွန်းလှန်ဆန့်ကျင်လိုစွာနဲ့ လှလှပပ ဆိုးခြယ်ထားပြီးသား . . . လက်သည်းခြေသည်းတွေကို ဖျက်ဆေးနဲ့ ချက်ချင်း ပြန်ဖျက်လိုက်မိတယ်။ မသာယာချင်ဘူးလေ။ အတုအယောင်တစ်ခုအပေါ် မတော်တဆကလေးတောင် မသာယာချင်စွာနဲ့ ခုခံကာကွယ်





ရုန်းထွက်နေရတာကလည်း တကယ်မလွယ်လှပါဘူး။

R ဇာနည်ရဲ့ ဟန်နီ ဆိုတဲ့သီချင်းကလေးကို သူ ရွေးချယ်ထားလိုက်တယ်။ ဆယ့်တစ်နာရီမှာ သူမဆီက ဖုန်းဝင်လာတယ်။

"ကျူးရင့်ရေ"

သူမအသံက လိုအပ်တာထက် ပိုချိုသာလွန်းနေတာမို့ သူ မပြုံးဘဲမနေနိုင်ဘူး။ သူမဆီမှာ တမင်တကာ တကူးတက စိုက်ထည့်စရာမလိုဘဲနဲ့ကို . . . ညို့မာတ်က အပြည့်အဝ ရှိပြီးသားပါ။

"အိပ်နေပြီလားဟင်"

"မအိပ်ပါဘူးဗျာ၊ ကောင်မလေးတစ်ယောက်အကြောင်း ကြည်ကြည်နူးနူး တွေးနေတာပါ"

"ဘယ်ကောင်မလေးလဲ"

"အခု . . . ကိုယ်ဆိုပြမယ့် သီချင်းထဲက ကောင်မလေး ပေါ့၊ နားထောင်တော့မလား ရိုးရာ"

"အင်းဟင်"

"တစ်ခုတော့ ကြိုပြောထားမယ်နော်၊ ကိုယ့်သီချင်းကို နားမထောင်ရဲဘူးဆိုတာ . . . ကိုယ့်ဆီမှာ ကျဆုံးမှာကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လို့ ခုခံကာကွယ်ခြင်းပဲ . . . လို့ ကိုယ် ယူဆမယ်၊ သတ္တိရှိရှိ နားထောင်ပေးနော်"

တစ်ဖက်မှာ သူမ မျက်စောင်းချီလိုက်မှာကို . . . သူ မှန်းဆမြင်ယောင်မိပါရဲ့ . . .။

××× ဟန်နီ ××× နေ့တိုင်းတွေ့ချင်တာ မင်းရဲ့မျက်နှာလေး××နေ့တိုင်းကြားချင်တာ မင်းရဲ့အသံလေး×××ဟန်နေ . . . အိုး ဟန်နေ အတူနေရဖို့အရေး တို့ ကြိုးစားနေတယ် ××× ကိုယ်မင်းအတွက် အမြဲတမ်း အကောင်းဆုံးဖြစ်ချင်ခဲ့ ××× ဟန်နေ×××အိုး××ဒီအချိန်မှာ ဝေးနေရပေမယ့်×××စက္ကန့်တိုင်းပဲ မင်းကို××× ကိုယ်လေ သတိရနေတယ် ××× ဟန်နေ ××× ဆုံစည်းဖို့အရေး တွေးစဉ်းစားမိလေတိုင်း ××× အနေဝေးမယ့်အကြောင်းပဲ ခေါင်းထဲရောက်လာခဲ့ . . . ဟန်နေ ×××"

သီချင်းဆုံးသွားချိန်မှာတော့ သူမဆီက ရယ်သံခပ်တိုးတိုးကလေး လွင့်ကျလာခဲ့တယ် . . .။

"ကျွန်မ သတ္တိရှိပါတယ်ရှင် . . .၊ ရှင့်ကိုယ်ရှင် သိပ်အပိုင်တွက်မထားစမ်းပါနဲ့၊ မနက်ဖြန်ကျရင် . . . ကျွန်မနဲ့ရှင် Zephyr မှာ ဆုံကြမလား၊ အေးအေးဆေးဆေး စကားပြောရတာပေါ့"





"ရှီးရာက လာမှာ သေချာလို့လား"

"လာမှာပေါ့ . . .၊ ဆယ်နာရီလောက်လေ . . .၊ dim sum စားရင်းဆုံမယ်"

"အင်း . . . ကိုယ်လာခဲ့မယ်၊ ကိုယ်လည်း ပြောစရာတွေရှိတယ်"

"ဒါဆိုရင် ကျွန်မ အိပ်တော့မယ်"

"ခဏလေး . . . ရှီးရာ"

သူ့ တစ်ခုခု ပြောလိမ့်မယ်ထင်ပြီး . . . ရှီးရာ စောင့်နေပေမယ့် ဘာသံမှမကြားတာမို့ . . .

"ဘာလဲ . . . ဘာပြောမလို့လဲ ကျူးရင့် . . . ပြောလေ"

"ပြောဖို့မဟုတ်ပါဘူး၊ တစ်ခုခု လှမ်းပေးလိုက်တာပါ"

"ကြည့်စမ်း . . . တောက်"

သူမ ဒေါသဖြစ်သွားတဲ့အသံကလေးနဲ့ ဖုန်းချသွားခဲ့တာမို့ . . . သူ သဘောကျစွာ ရယ်လိုက်မိတယ်။ သူ ဖုန်းကလေးကို နမ်းပစ်လိုက်မိတာပါ။ ရှီးသားမှုမပါဘူးဆိုပေမယ့် သူ့ရင်ထဲ အဲဒီခဏလေးမှာ ဘယ်လို သာယာမိန်းမူးသွားလိုက်မိမှန်းမသိခဲ့။ တစ်ခါတစ်ရံမှာ ကိုယ့်လက်နက်နဲ့ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထိမှန်တတ်တယ်ဆိုတာကို သူ သတိကြီးစွာထားရမယ်လို့ ပထမဆုံး သင်ခန်းစာရလိုက်တဲ့ အဖြစ်ဆိုပါတော့။

• ~~~ • ~~~ •



# ယဉ်ကျေးမှု

## (၅)



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ရဲ့ရင်ဘတ်တစ်ခုဟာ
စိုက်ခင်းဥယျာဉ် မြေကွက်ကြီးတစ်ခုနဲ့ တူတယ် ...
ဒီ ရင်ဘတ်ဆီမှာ သိပ်လှ မွှေးထုံတဲ့ ကြင်နာမြတ်နိုးခြင်း
ပန်းပွင့်တွေ ...
အလေးအနက် ဂရုတစိုက် တန်ဖိုးထားခြင်းဆိုတဲ့
အရိပ်ရပန်းပင်တွေ
စိမ်းစိုဖားဝေနေအောင်လည်း
စိုက်ပျိုးချင်တိုင်း စိုက်ပျိုးခွင့် ရှိသလို

အရှပ်ဆိုးအကျည်းတန်တဲ့ မာယာဆူးပန်းပင်တွေ
ဟန်ဆောင်ခြင်းပရိယာယ်တွေပါတဲ့ အဆိပ်ပန်းတွေ စိုက်မယ်
ဆိုရင်လည်း သင့်သဘောပါပဲ ...။
သေချာတာကတော့ ကိုယ်စိုက်ပျိုးတဲ့ပန်းပင်ဟာ
ကိုယ့်ရင်ဘတ်ကို
တန်ပြန်အကျိုး သက်ရောက်တတ်တယ်ဆိုတာပါပဲ ...

www.burmeseclassic.com

www.burmeseclassic.com



Zephyr မှာ လူတော်တော်ရှင်းနေပါတယ်။ အင်းလျားကန်ကြီးကို အဆုံးမရှိ ကျယ်ပြန့်စွာမြင်နေရတဲ့ စားပွဲတစ်ခုမှာ သူ တစ်ယောက်တည်းထိုင်နေခဲ့တယ်။ ရိုးရာ ရောက်လာတော့ သူက လှမ်းပြီးတော့ ပြုံးကြည့်နေတယ်။ သူ ငေးကြည့်ပုံမျိုးက သူ မြတ်နိုးစရာလူတစ်ယောက်ကို မက်မောတွယ်တာစွာ ကြည့်ဟန်မျိုး။ သူ့ မျက်ဝန်းတွေက ဟန်ဆောင်

www.burmeseclassic.com



နေတာလား တကယ်လား မဝေခွဲနိုင်လောက်အောင်ကို အသက်ဝင် လက်ဖြာနေခဲ့တာ။ ရိုးရာကလည်း တစ်စက်ကလေးမှ အကျောမခံချင်သူဆိုတော့ သူ့ကို ရိုးရာရဲ့ ကျော်ကြားတဲ့ ညို့မျက်ဝန်းတွေနဲ့ ပြန်ကြည့်မိတယ်။ စားပွဲမှာ နှစ်ယောက်သား ထိုင်မိပြီး တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေမိတာ တော်တော်ကို ကြာပါတယ်။

“တကယ်ပြောတာ၊ မင်း အရမ်းလှတယ်နော် ရိုးရာ”

“ဟုတ်လား . . .၊ ကျေးဇူးပါရှင်၊ ရှင်လည်း မင်းသားပါ ပဲ”

“ကိုယ့်ကို ပြန်ရိတာလား”

“မဟုတ်ပေါင်၊ အရှိအတိုင်း ပြောတာပါ”

“တစ်ခါတစ်လေကျတော့ . . . ကိုယ် သိပ်လှပြီး ဖြစ်မျိုးမှည့်မထင် ပြည့်စုံလွန်းတဲ့ မိန်းမချောလေးတစ်ယောက်ရဲ့ဘဝကို ကိုယ်ချင်းစာမိတယ် သိလား၊ တကယ်ပြောတာပါ မင်းက သိပ်လှတော့ မင်းကို ချစ် ချင်တဲ့သူတွေ . . . မင်းရဲ့ အချစ်ကို လိုချင်တဲ့သူတွေက အများကြီး၊ မင်းဘက်က တစ်ယောက်တည်းလေ၊ တချို့က အလိုက်ကန်းဆိုး မသိတတ်ကြဘူး၊ နားလည်မပေးနိုင်ကြဘူး၊ သူတို့ လိုချင်တာတစ်ခုပဲ





သိတယ်၊ ဇွတ်တရွတ် အတ္တကြီးကြတယ်၊ အဲဒီတော့ မင်းနဲ့ ပဋိပက္ခတွေ ဖြစ်ရော၊ ကိုယ် စဉ်းစားမိပါတယ်၊ မင်းနေရာမှာ ကိုယ်သာဆိုရင်လည်း တစ်ခါတစ်ခါ ဒီလိုပဲ ညစ်မိမလား လို့လေ”

“ကျွန်မကို နားလည်လာတယ်ဆိုပါတော့လေ”

“အပေါ်ယံ ရှုပ်တွေးမိတာမျိုးမဟုတ်ပါဘူး၊ မင်းဘက်ကနေ ကိုယ် ဝင်ပြီး စဉ်းစားမိလာတာပါ၊ လူတွေ အများကြီးရဲ့ ဝိုင်းချစ်တာကို ခံရတာလည်း ဝဋ်တစ်မျိုးပဲ ဖြစ်လိမ့်မယ်၊ တချို့မိန်းကလေးတွေကျတော့ ရည်းစား အများကြီးထားမိတယ်၊ သူတို့ကို ချစ်လာသမျှ လူတွေထဲက ကောင်းနိုးရာရာကို ပြန်ရွေးမိရင်း ရည်းစားများသွားတာဖြစ်မယ်၊ မင်းကိုကျတော့ ကိုယ်တကယ် ချီးကျူးပါတယ်၊ ဒီလောက်အများကြီး ဝိုင်းဝိုင်းလည်နေတဲ့အထဲက တစ်ယောက်ကလေးတောင် ပြန်မကြိုက်ဘဲ တင်းခံနိုင်တာကိုလေ”

“ဩော် . . . ရှင်က ကျွန်မ အကြောင်းမှ မသိသေးဘဲကို ကျူးရင့်ရဲ့၊ ကျွန်မက ‘အချစ်’ဆိုတာကြီးကို အရမ်း impress ဖြစ်တယ်၊ ရှင်းရှင်းပြောရရင် တကယ် နက်နက်ရှိုင်းရှိုင်း တန်ဖိုးထားမျှော်လင့်ထားတယ်၊ ကျွန်မရဲ့ နှလုံးသားဆီကနေ



www.burmeseclassic.com

www.burmeseclassic.com



တနင့်တပိုး တလေးတနက်ကြီး မခံစားမိဘဲ အချစ်ဆိုတာကို လွယ်လွယ်ပေါ့ပေါ့ကလေး အစိပ္ပာယ်မဖွင့်ချင်တာလည်း ပါတယ်၊ ကျွန်မက လူတစ်ယောက်ကို နှလုံးသားတစ်ခုလုံး နင့်နေအောင် အရှုံးအမှုး မကျဆုံးမိဘဲ မချစ်ချင်ဘူး၊ ကျွန်မအတွက် အချစ်ဆိုတာ ခမ်းနားလွန်းတယ် . . . ထိုက်တန်လွန်းတယ်၊ တန်ဖိုးကြီးလွန်းတယ်"

ရိုးရာက စိတ်ပါလက်ပါပဲ ဖွင့်ဟဝန်ခံမိသွားတာကို သူကလည်း လေးနက်သိမ်မွေ့တဲ့ မျက်နှာထားနဲ့ စိုက်ငေးကြည့်လို့နေတယ်။ အမှန်အတိုင်းပြောရရင် ဒါ မာယာမဟုတ်ဘူး။ ပရိယာယ်လည်းမပါဘဲ ရိုးရာ ရင်ထဲရှိတဲ့အတိုင်း ပြောဖြစ်သွားတာပါ။

"ကိုယ့်အတွက်ကတော့ . . . အချစ်ဆိုတာ တစ္ဆေတစ်ကောင်လိုပဲ . . . တကယ်ရှိတယ်ဆိုတာကို ယုံသလိုလို မယုံသလိုလိုနဲ့. . . တကယ်လည်းအခြောက်မခံရဖူးသေးတော့ သူများပြောတာတွေနဲ့ပဲ ပုံဖော်ကြည့်နေရတာ"

"တစ်ခါမှ အခြောက်မခံဖူးလို့သာ တော်တော့တယ်၊ ရှင့် တစ်ကိုယ်လုံး ပညာတွေချည်းပဲနေဦး"

သူက ပြုံးရင်း ရိုးရာရဲ့လက်သည်းတွေဆီ အကြည့်ရောက်သွားတယ်။ ဘာဒီဇိုင်းမှ ဆေးခြယ်မထားတဲ့ လက်သည်းခွံပြောင်ကလေးတွေကို သဘောကျသလိုကြည့်ပြီး. . .

"ကိုယ့်စိတ်ကူးမှန်သားပဲ၊ မင်းရဲ့ လက်သည်းကလေးတွေကို အဲဒီလို ဗလာဖြစ်သွားစေချင်လို့၊ ကိုယ်မှာ စနစ်တကျ စီစဉ်ခဲ့ရတာ . . . ပိုက်ဆံတောင် တော်တော် ကုန်သွားတယ်၊ အဟင်း"

ရိုးရာက သူ့ကို မျက်စောင်းချီမိတယ်။ မဖြစ်နိုင်ပါဘူး။ သူ တမင်သက်သက် ဆိုက်ကို သုံးတာပါ။ သူ့ရှုံးတာကို ဝန်မခံချင်တာပါ။

"ကိုယ်တို့ တစ်ခုခု ကစားရအောင်၊ အပျင်းပြေပေါ့"

"ကောင်းသားပဲ . . . ကစားလေ"

"ကန်ထဲကို ခဲပစ်ပြိုင်မယ် . . . လာ . . . ဟိုနားရေပါကလေးဆီသွားမယ်၊ နိုင်တဲ့လူက ရှုံးတဲ့လူကို ကြိုက်တာခိုင်းကြေး"

"စိန်လိုက်"

ရိုးရာတို့နှစ်ယောက် ကန်စပ်ဆီမှာ ခင်းထားတဲ့ ကျောက်ပြားအဝိုင်းကလေး နှစ်ဝိုင်းဆီအထိ ဆင်းသွားကြတယ်။ သူ့လက်ထဲမှာ ကျောက်ခဲကလေးနှစ်လုံး ရှာပြီးကောက်







www.burmeseclassic.com

www.burmeseclassic.com



လာတယ် . . .။

"ကဲ . . . မင်းအရင် ပစ် . . ."

ရိုးရာက အားကုန်လွှဲပြီးပစ်လိုက်တာ . . . ကိုယ်ကလေးတောင် ယိုင်သွားတဲ့အထိ . . .။ သူက ကမန်းကတန်းဖမ်းထိန်းလိုက်လို့သာ ရေထဲပြုတ်မကျတာ။ သူ့ အလှည့်မှာ ယောက်ျားတစ်ယောက်အားနဲ့ ပစ်လိုက်တာ ရိုးရာ ပစ်ထားတဲ့နေရာထက် အများကြီး ပိုကျော်ပြီး ရောက်သွားတယ်။

"ကြည့်စမ်း ! ရှင် မညာဘူး၊ ယောက်ျားအားကြီးနဲ့မတရားပစ်ရသလားလို့"

"ဟော့ ! ပြိုင်ပါတယ်ဆိုမှ ညာဖို့လိုသလားကွာ၊ အစကတည်းက ရှုံးနိုင်တယ်ဆိုတာ သိရက်နဲ့ ဝင်ပြိုင်တာကိုကမင်းရဲ့အမှားလေ၊ မှတ်ထား ကလေးမ၊ ပြိုင်ဘက်ဆိုတကိုယ့်ကို အလိုက်တသိ အလျှော့ပေးမလားလို့ ဘယ်တော့မှမမျှော်လင့်နဲ့၊ အမှားကြီး မှားလိမ့်မယ်၊ ကဲ . . . မင်းရှုံးပြီဆိုတော့ . . . မင်းဆီက ကိုယ် အခွင့်အရေးတစ်ခုတောင်းမယ်"

သူက ရိုးရာရဲ့ မျက်နှာဆီ စူးခနဲတစ်ချက်ကြည့်ပြီးပြောလိုက်တာမို့ ရိုးရာရင်ထဲ ဆတ်ခနဲ တုန်သွားတယ်။ သူဘာတောင်းမှာပါလိမ့်။





"ဘာလဲ . . . ပြော"

"မင်းကို နှုတ်ခမ်းနီ ဆိုးပေးခွင့် . . ."

ရုတ်တရက် လွင့်ခနဲ လှပ်ခနဲ ဖြစ်သွားတဲ့ ခံစားမှုကို ရိုးရာကိုယ်တိုင်လည်း အံ့ဩမိပါရဲ့။ စဉ်းစားကြည့်လေ။ ယောက်ျားလေးတစ်ယောက်က ကိုယ့်မျက်နှာနားမှာ နီးကပ်စွာနဲ့ ခံစားမှုအာရုံ ထိရှလွယ်လွန်းတဲ့ ကိုယ့်နှုတ်ခမ်းကလေးဆီ နှုတ်ခမ်းနီဆိုးပေးမယ့် အဖြစ်မှာ . . . ဘယ်လောက်ပဲ စိတ်မလှုပ်ရှား မတိမ်းမူးတတ်ပါဘူးဆိုပေမယ့် မိန်းကလေးတစ်ယောက်အတွက် သိပ်ရင်ခုန်တိမ်းညွတ်ရမယ့် အဖြစ်လေ။ ပြီးတော့ သူဟာ ကိုယ့်ရဲ့ ချစ်သူလည်းမဟုတ် . . . ရင်းနှီးခင်မင်လွန်းတဲ့ သူငယ်ချင်းလည်းမဟုတ်။ တစ်ယောက်ကိုတစ်ယောက်ချစ်မိကြေးလို့ စိန်ခေါ်ထားကြတဲ့ ပြိုင်ဘက်နှစ်ယောက်လေ။ ဒါဟာ သူ့ရဲ့ ပညာသားပါလွန်းတဲ့ ညို့နည်းတစ်နည်းဆိုတာ သိနေတော့ ဒီညို့စက်ကွင်းထဲ မတော်တဆ သက်ဆင်းမိမှာကိုတော့ စိုးရိမ်မိသား။ ဒီလူက ပြောလို့ရတာမဟုတ်ဘူးလေ။

"အို . . . ရှင်တောင်းဆိုတာကြီးက လွန်တာပေါ့"

"မလွန်ပါဘူး၊ မင်းနှုတ်ခမ်းနီလည်း ပျက်နေပြီလေ၊ မင်း ပြန်ဆိုးရတော့မှာပဲ၊ မိန်းကလေးတစ်ယောက်ကို နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com





နီ ဆိုးပေးဖူးတယ်လို့ ရှိအောင်ပါကွာ"

"ဒါ . . . ရှင့်ရဲ့ မာယာတစ်ခုပဲမှလား၊ ကျွန်မရဲ့ စိတ်တွေ သိမ်ပြီး လှုပ်ရှားတိမ်းညွတ်အောင် ရှင် ဆွဲဆောင်နိုင်မယ်လို့ ရှင် ယူဆရင် လုံးဝမှားလိမ့်မယ်၊ ကဲ. . . ရော့"

ရိုးရာက လုံးဝ ဂရုမစိုက်တဲ့ ဒီဇိုင်းမျိုးချိုးပြီး သူ့လက်ထဲ ရိုးရာဆိုးနေကျ Chanel နှုတ်ခမ်းနီတောင့်ကလေး လှမ်းထည့်ပေးလိုက်တယ်။ နှုတ်ခမ်းပေါ်က လက်ကျန်နှုတ်ခမ်းနီတွေကို တစ်သျှူးပါးပါးနဲ့ သုတ်ပစ်လိုက်တယ်။ တစ်နည်းအားဖြင့် ဒါဟာလည်း သူ့ကိုပြန်ထိစေမယ့် လက်နက်မျိုး မဟုတ်လား။ အဲဒီအတွေ့မှာ ကျဆုံးမယ့်သူဟာ ရိုးရာတစ်ယောက်တည်းတော့ မဖြစ်နိုင်ပါဘူး။

ရိုးရာ မျက်လုံးကလေးတွေ မှိတ်ထားရင်း သူ့ကို မသိမသာ ခိုးကြည့်မိတယ်။ သူက နှုတ်ခမ်းနီတောင့်ကလေးကို ကိုင်ပြီး ခပ်ဟဟဖွင့်ထားတဲ့ ရိုးရာရဲ့နှုတ်ခမ်းလှလှကလေးဆီမှာ ဆေးစ,ဆိုးပေးနေတယ်။ သူ့မျက်နှာဆီမှာလည်း စိတ်လှုပ်ရှားနေတဲ့ အရိပ်တစ်မျိုးကို မတော်တဆဖမ်းမိလိုက်တော့ ရိုးရာကျိတ်ပြီး ကျေနပ်မိသွားတယ်။ တစ်ခါတစ်ရံမှာ ကိုယ်ပစ်တဲ့ လက်နက်နဲ့ ကိုယ့်ကို ပြန်ထိမှန်တတ်တာ သူ သင်ခန်းစာရလောက်ရောပေါ့။ ပတ်ဝန်းကျင်တစ်ခုလုံး တဒင်္ဂတော့ တိတ်ဆိတ်မှုန်ပျသွားတယ်။ လူတွေများလှမ်းကြည့်နေမလား။ သူတို့ ဘယ်လိုထင်မြင်ယူဆလိုက်ကြမလဲ။ ဒါမျိုးဆိုတာ ချစ်သူစုံတွဲ တွေမှ လုပ်လေ့ရှိတာမျိုးလေ။

"ကဲ . . . ပြီးပြီ၊ အရမ်းလှသွားပြီ"

သူ့အသံက တိုးဖွဖွ။ ရိုးရာ သူ့ကို မျက်စောင်း မချီမိဘဲ အမှတ်တမဲ့ တွေ့လိုက်ရတဲ့ သူ့မျက်ဝန်းတွေဆီက ညို့ရိပ်ညို့ငွေ့တွေကို မရှောင်နိုင်ခဲ့ဘူး။ ဟင့်အင်း . . . ရိုးရာဟာ ဒီလောက်ကလေးနဲ့ အလွယ်တကူ ကျဆုံးတတ်တဲ့ မိန်းကလေးမှ မဟုတ်တာ။ သူ့ကို ပြန်ပြီး ညို့ရမယ်လေ၊ ဒါမှ သူကျဆုံးမှာ။ သူ့ကိုပဲ ရှုံးနိမ့်စေချင်တယ်လေ။

• ~~~ • ~~~ •





www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ဆွဲဆောင်ဖြားယောင်းရင်း သူ့ ညို့စက်ကွင်းမှာ ကိုယ် မမိအောင် ကာကွယ်ရုန်းထွက်ရင်းနဲ့ . . . ပွဲက တစ်နေ့တစ်ခြား လှသထက်ပိုလှလာပါတယ်။ ရိုးရာက သူ့ဆီ ညဆယ့်တစ်နာရီဆို ပုံမှန်ဖုန်းဆက်နေကျ ဓလေ့ကလေးကို ဆေးကျွေးသလို မှန်မှန်ကျွေးလေ့ရှိတယ်။ ဖုန်းဆက်တဲ့အခါတိုင်း သူ့ကို သီချင်းတစ်ပုဒ်နဲ့ ချော့သိပ်နိုင်းတယ်။ တစ်ခါတစ်ခါတော့ သူ့ကို ဝတ္ထုဖတ်ပြနိုင်းတယ်။ သူ့ဆီမှာ အချစ်ဝတ္ထုတွေ အများကြီးပဲ ရှိသတဲ့။ များသောအားဖြင့် ကြည်အေးရဲ့ဝတ္ထုတွေ၊ ကဗျာတွေချည်း သူ့ကို ဖတ်နိုင်းတာပါ။ ပြီးတော့ ဂျူးရဲ့ အချစ်ဝတ္ထုတွေ။ သူဖတ်ပြတာကို နားထောင်ရတာ ဘယ်လို အရသာရှိမှန်း မသိ။ ဝတ္ထုနားထောင်ရင်း ရိုးရာအိပ်ပျော်သွားတတ်တယ်။

သူ့ဆီမှာ ချစ်စရာကောင်းတဲ့ အကျင့်တစ်ခုက ရိုးရာဘာခိုင်းခိုင်း မငြင်းဆန်ဘဲ လုပ်ပေးတတ်တယ်။

"မနက်ဖြန် . . . မနက်အစောကြီး ကျွန်မဘုရားသွား ချင်တယ်၊ ရှင် လိုက်ပို့ပေးမလား"

လို့ ရိုးရာမေးတော့ သူက . . .

"ပို့တာပေါ့ . . . ဘယ်အချိန်လဲ"

"မနက် ငါးနာရီလောက်ပေါ့"

"ဖြစ်ပါတယ် . . . ငါးနာရီမထိုးခင် မင်းရဲ့ခြံရှေ့ကို ရောက်မယ်"

ဆိုပြီး ပြောတဲ့အတိုင်းပဲ သူ့ပြိုင်ဘီးကလေးနဲ့ ရောက်လာခဲ့တာပါ။ လာပုံကလည်း တီရှပ်ပါးပါးလေးနဲ့။ ရိုးရာက စိတ်ကူးရပြီး ဖေဖေ့ဗီရိုထဲက ရှပ်အင်္ကျီတစ်ထည် သွားယူခဲ့တယ်။

"ရှင် ဟာလေ၊ မချမ်းတဲ့အတိုင်းပဲ၊ ဒီလောက်မနက်အစောကြီးကို"

"ဘယ်က ချမ်းရမှာလဲကွာ၊ ဒီမှာ စက်ဘီးကို အသားကုန်နင်းလာတာ ချွေးတွေတောင် ရွဲနစ်နေတာ . . . ကျောကိုစမ်းကြည့်ပါလား"

"ဒါဆိုရင် . . . ရှင့်တီရှပ်ကိုချွတ်လိုက်၊ ဒီရှပ်အင်္ကျီ







www.burmeseclassic.com

www.burmeseclassic.com

ဝတ်"

"ဪ . . . အလိုက်သိတာ . . . အဲဒီလို"

သူက ရှပ်အင်္ကျီအဖြူကို ချက်ချင်းလဲရင်း ပြုံးပါတယ်။ သူပြုံးလိုက်တိုင်း ရိုးရာရင်ထဲ ဘာဖြစ်သွားမှန်းမသိအောင်ကို တစ်ခုခု လိုအပ်နေသလို၊ မှားယွင်းနေသလိုမျိုး ခံစားရတာ ထူးလည်းထူးဆန်းပါရဲ့။

"ကျွန်မ ကားနဲ့ သွားမယ်နော်"

"သဘောပါဗျာ"

တကယ်တော့ ဘုရားကို သူနဲ့အတူ သွားတယ်ဆိုတာကလည်း ရိုးရာရဲ့ ဆွဲဆောင်နည်းတစ်ခုပါ။ အဲဒီ ကြည်နူးပီတိ စိတ်ခံစားမှုကလေး သူ့ကို ရစေချင်လို့ပါ။ မနက်စောစောဘာမှ ပြင်ဆင်ခြယ်သ,ထားခြင်းမရှိတဲ့ ရိုးရာရဲ့ ပကတိအလှကို သူ့ကို ခံစားကြည့်စေချင်တာလည်း ပါတာပေါ့လေ။ ဆံပင်ရှည်တွေကို ပခုံးတစ်ဖက်မှာ သိမ်းစုဆွဲယူထားပြီး ရင်ဘတ်ပေါ်မှာ ဒီအတိုင်းကလေးချထားပြီး နှင်းဆီနီကလေးတစ်ပွင့်တည်း ရိုးရိုးကလေးပန်ထားတဲ့ ရိုးရာကို သူ ခဏခဏပဲ လှည့်လှည့်ကြည့်ပါတယ်။





"ဘာကြည့်တာလဲ"

လို့ ရိုးရာက သိရက်နဲ့မေးတော့ . . .

"မင်း အရမ်းလှလို့၊ တကယ်ပြောတာ၊ ခုကြည့်ပြီး ချက်ချင်းပဲ ပြန်ကြည့်ချင်လာတယ်၊ ကြည့်လို့မဝဘူးဆိုတာ ဒါမျိုးထင်ပါရဲ့"

BURMESE CLASSIC .com

ရိုးရာက နှုတ်ခမ်းကလေးစုပြီး ပြုံးနေလိုက်တယ်။ တစ်ယောက်ကိုတစ်ယောက် အတုတွေ အပြန်အလှန် ပေးနေမိတာကိုက ရင်မောစရာလည်း ကောင်းပါရဲ့။ ကိုယ့်ရဲ့ ဆွဲဆောင်မှုဆီမှာ သူ သာယာတိမ်းညွတ်သွားတာကို ကျေနပ်ပျော်ရွှင်မိတာနဲ့အမျှ တစ်ပြိုင်နက်တည်းမှာ ကိုယ်ကိုယ်တိုင်လည်း ပျော်ဝင်ကျဆုံးသွားမိတာကို ရုန်းထွက်လို့မရပြန်ဘူးဆိုပါတော့။ သံယောဇဉ်တွယ်တာမှုကို ရိုးရာတို့က သူ့အလိုလိုဖြစ်တည်စေတာမျိုး မဟုတ်ဘဲ တမင်တကာရည်ရွယ်ချက်နဲ့ ထုဆစ်တည်ဆောက်နေခဲ့ကြတာ။ ပြီးတော့ တစ်ချိန်မှာ အဲဒါကို ပြန်ပြီး ဖြိုလှဲဖျက်ဆီးပစ်ရမယ်ဆိုတဲ့အသိက နှလုံးသားထဲကိန်းဝပ်နေပြီးသားလေ။ ဒီပွဲမှာ ဘယ်သူနိုင်မလဲဆိုတာကိုပဲ အာရုံစိုက်ထားမိတာ။ ကိုယ်ကိုယ်တိုင်ကတော့ အသာအယာပဲ



www.burmeseclassic.com

www.burmeseclassic.com

ရှန်းထွက်လို့ ရနိုင်မယ်လို့ . . . ကိုယ်စီကိုယ်ငှ ထင်ထာ
ခဲ့မိကြတာပါ။ တစ်နည်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် အထင်ကြီ
စွာနဲ့ ပြိုင်ဘက်ကိုတော့ လျှော့တွက်ထားမိတဲ့သဘောပေါ့လေ

◆ ◆ ◆



# ယဉ်ကျေးမှု

## (၆)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

လက်ဆောင်ကလေးတွေရဲ့သင်္ကေတဟာ
ကိုယ် သူ့ကို ဘယ်လောက်ထိ
အလေးအနက်တန်ဖိုးထားသလဲဆိုတဲ့ အဓိပ္ပာယ်ကို
ဖော်ညွှန်းတတ်လို့
လူတစ်ယောက်ကို ဆွဲဆောင် ရာမှာ
လက်ဆောင်ကလေးတွေကလည်း
အရေးပါအရာ ရောက်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းထားထား
(ဆေးတက္ကသိုလ်)

ယဉ်ကျေးမှု (၆)

အဲဒီညနေခင်းကလေးမှာ ရိုးရာက ခြံထဲက ကြိမ်နဲ့ ...ပ်ထားတဲ့ ဒန်းခုံလှလှကလေးထဲမှာ အသာဝင်ခွေရင်း ...းထဲမှာ I pod နားကြပ်ကလေးတပ်ပြီး သီချင်းနားထောင်နေ ...ဘာ။ ရုတ်တရက် ခြေထောက်ကလေးဆီ မွေးပွပွနုနုအိအိ ...လေးတွေနဲ့ ပွတ်သပ်ထိတွေ့လာတဲ့ အတွေ့ကလေးကြောင့် ...တ်ထားခဲ့မိတဲ့ မျက်လုံးတွေကို ပြုန်းခနဲ ဖွင့်မိတော့ အိုး...





www.burmeseclassic.com

www.burmeseclassic.com



ဖြူလွှနေတဲ့ အမွေးဖွားဖွားကလေးတွေနဲ့ ခွေးပိစိကလေးတစ်ကောင်။ ကြိုးကလေးတန်းလန်း လည်ပင်းက လည်ပတ်ဖြူဖြူကလေးမှာ စာတန်းကလေးတစ်ခုနဲ့ . . .။

"သူ့ကို ပွေ့ဖက်ထားတိုင်း ကိုယ့်ကို သတိရနော်"

တဲ့။ ဘယ်သူ့လက်ရာလဲဆိုတာ ရိုးရာချက်ချင်းသိလိုက်ပြီ။ ကြိုးကလေးရဲ့အဆုံး ခြံဝကနေ လက်ပြန္မတ်ဆက်သွားတဲ့ ကျူးရင့်ကိုတွေ့လိုက်တယ်။ ခွေးကလေးကို ချက်ချင်းပဲ ကောက်ယူပွေ့ချီလိုက်မိတဲ့အချိန်မှာ . . . သူ ပြောတဲ့အတိုင်းပဲ သူ့ကို သတိတရ ရှိသွားမိတယ်။ အမွေးမွမွကလေးတွေကို ပွတ်သပ်ချော့မြူပေးနေမိရင်း ရိုးရာရင်ထဲမှာ သာသာယာယာ ကြည်ကြည်မွေ့မွေ့။ ဒါဟာ အတုအယောင်တစ်ခုပါလားဆိုတာကိုတောင် မေ့သွားမိတဲ့အဖြစ်။ ဒါပေမယ့်လည်း ခွေးကလေးကို မစွန့်လွှတ်ရက်ပြန်ဘူးလေ။ အခု ခဏကလေးတော့ သာယာကြည်နူးမိပါရစေဦး . . . လို့ ကိုယ့်ကိုယ်ကိုယ်ပြန်ခွင့်တောင်းနေမိသေးတယ်။ တကယ်တော့ အဲဒါဟာ ရိုးရာရဲ့ သင်္ကေတတော့ မဟုတ်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရိုးရာဘဝမှာ ကောင်လေးတွေက ပိုးကြေးပန်းကြေးပေးတဲ့ လက်ဆောင်မျိုးတွေ မလိုချင်လောက်အောင် ရခဲ့ဖူးပေမယ့် ဘယ်



လွန်းထားထား
(ဆေးတက္ကသိုလ်)

ဘုန်းကမှ မက်မက်မောမောမရှိခဲ့ဘူးလေ။ သူပေးတတ်တဲ့ လက်ဆောင်ကလေးတွေက အစီအမံတွေပါသလို ရိုးရာကို မသိမသာ ညို့ငင်နေတတ်တာ။

နောက်တစ်ရက်မှာလည်း သူ လက်ဆောင် တစ်ခု ပေးခဲ့ပြန်တယ်၊ လက်ဆောင်ပေးခဲ့ပုံကိုလည်း ကြည့်၊ မြင်လိုက်ရတာနဲ့ ရင်သပ်ရှုမောအူလှိုက်သည်းလှိုက်မက်မောစွဲလမ်းစရာ၊ လှလှပပ ပါကင်ပေပါတွေနဲ့ ထုပ်ပိုးပတ်လိပ်ထားပြီး . . . ဖဲပွင့်ကြီးကြီးတပ်ထားတဲ့ မျက်လုံးဝိုင်းဝိုင်းကလေးတွေနဲ့ ကြောင်ကလေးတစ်ကောင်ပေါ့၊ မြင်မြင်ချင်း ရိုးရာမှာ ချစ်လိုက်တာ၊ ပါကင်ပေပါတွေကို ခပ်မြန်မြန်ခွာပေးပြီး ကြောင်ကလေးကို အသည်းခိုက်စွာ ဖက်ထားလိုက်မိတယ်၊ ကြောင်ကလေးရဲ့ လည်ပင်းမှာ စာတန်းကလေးပါတယ်။

"တို့ကိုချစ်ပါနော် . . ."

တဲ့။ ရိုးရာ မပြုံးဘဲ မနေနိုင်ဘူး။ သူ့ကို လျှော့တွက်မထားခဲ့သလို ရိုးရာကိုယ်ရိုးရာလည်း သတိလက်လွှတ်မနေခဲ့ပါဘူး။ ကိုယ့်ကိုယ်ကိုယ် အမြဲ ပြန်ဆန်းစစ်မိတယ်။ သူပေးတဲ့ လက်ဆောင်ကလေးတွေအပေါ်မှာ သာယာမက်မောမိတာနဲ့အမျှ သူ့ရဲ့ ဆွဲဆောင်မှုအောက်မှာ ရိုးရာ ငြိတွယ်စ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



များပြုလာပြီလားပေါ့။ အဲဒီအခါကျရင် ရိုးရာခေါင်းကလေး ခါယမ်းမိတယ်။ နိုးဝေး။ ဒီလက်ဆောင်ကလေးတွေနဲ့တော့ လူတစ်ယောက်အပေါ် မကြွေလောက်ပါဘူးလို့လေ။ ဒါပေမယ့် သူက သိပ်ပါးနပ်တယ်။ နောက်ထပ် ရိုးရာရဲ့နှလုံးသားကို ဆွဲဆောင်နိုင်မယ့် လက်ဆောင်ကလေးတစ်ခု ပေးခဲ့ပြန်တယ်။ ပါကင်လှလှကလေးကို ဖြည့်လိုက်စဉ်မှာ . . . ရိုးရာ မျက်ခုံးကလေးတွေပင့် မျက်လုံးကလေးတွေ ချာချာလည်အောင် ဝိုင်းစက်ပြီး နှုတ်ခမ်းကလေးခပ်ဟဟ ပွင့်သွားမိတဲ့အထိ အံ့ဩရပါတယ်။ အထဲမှာ လှောင်အိမ်လှလှကလေးတစ်လုံး မြင်လိုက်ရတာက သိပ်လှတဲ့ အစိမ်းရောင်ဖန့်ဖန့် နှုတ်သီးရဲရဲကလေးနဲ့ ကြက်တူရွေးလေးတစ်ကောင်ပေါ့။ ရိုးရာကိုလည်း မြင်ရော . . .

"ရိုးရာ . . . ရိုးရာ"

လို့ အဆက်မပြတ်အော်နေတော့ထာ။ ရိုးရာ သဘောကျလွန်းလို့ အသံထွက်အောင် ရယ်မိတဲ့အထိပါပဲ။ အဲဒီ ကြက်တူရွေးကလေးကို 'မိုက်ခဲ'လို့ ရိုးရာနာမည်ပေးလိုက်တယ်။ မိုက်ခဲက စကားအရမ်းတတ်တယ်။ တတွတ်တွတ် သင်ပေးသမျှ သူ ပြန်ရွတ်တတ်တယ်လေ။ သူ ပေးခဲ့သမျှ လက်





ဆောင်ကလေးတွေကို သတိထားလာမိတာက အသက်ရှိပြီး သံယောဇဉ်ဖြစ်လွယ်လွန်းတဲ့ အကောင်ကလေးတွေဆိုတာပဲ။ ခွေးကလေးကိုတော့ အမွေးမွမွ ဖြူလွလွကလေးမို့ 'ဖြူလွ'လို့ ခေါ်မိတယ်။ ကြောင်ကလေးကျတော့ မျက်လုံးကလေးတွေ ဝိုင်းစက်လွန်းတာမို့ 'ရွှန်းလဲ့'လို့ ပေးထားတယ်။ သူနဲ့ စကားပြောတိုင်း မိုက်ခဲ ဖြူလွနဲ့ ရွှန်းလဲ့တို့အကြောင်း အမြဲတမ်းပါလာတတ်တယ်။

"ခုတော့လည်း သားတွေသမီးတွေနဲ့ စည်စည်ကားကား ပေါ့နော် အမေကြီး၊ ကလေးတို့အဖေရော"

လို့ သူက စ,တတ်တယ်။

"ရှင် . . . ကျွန်မကို သူတို့လေးတွေနဲ့ နှောင်ဖွဲ့လို့ ရမယ်များထင်သလား ကျုံးရင့်ရယ်၊ ဝေလာဝေးပါနော်၊ သူတို့လေးတွေအပေါ် သံယောဇဉ်ရှိရုံနဲ့ ရှင့်အပေါ် မငြိတွယ်နိုင်သေးပါဘူး။ အဝေးကြီးပါနော်"

လို့ ကာကာကွယ်ကွယ်ပြောမိတော့ သူက ရယ်တယ်။

"ဟောဗျာ၊ ဘယ်သူက ရိုက်စစ်နေလို့ ပြောင်လိမ်နေရတာလဲ၊ သက်ရှိကလေးတွေက သက်မဲ့ပစ္စည်းတွေထက် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com





နှောင်ဖွဲ့တတ်တာတော့ အမှန်ပဲ ရိုးရာ၊ ကိုယ်လည်း သက်ရှိတစ်ယောက်ပဲ၊ မင်းရဲ့ ရင်ထဲမှာ နေရာတစ်နေရာစာလောက်ရအောင် ဖွတ်တိုးဝင်နေတဲ့ သက်ရှိတစ်ယောက်ဆိုပါတော့"

"ဟင်းဟင်း! ဒိုင်ကလေးကတော့ စားပါတယ်ရှင်၊ ဒါပေမယ့် ဆောရီးပါ၊ ကျူးရင့်အတွက် ဘယ်တော့မှ နေရာရှိမှာမဟုတ်ဘူး"

"သေချာရဲ့လားကွာ၊ စဉ်းစဉ်းစားစားလဲလုပ်ပါ၊ အခုဆိုရင် ကိုယ်တို့နှစ်ယောက် ခင်ခင်မင်မင်ဖြစ်လာတာ တစ်လကျော်ခဲ့ပြီနော်၊ ကိုယ်တို့ မလိမ်မညာကြေးနော်၊ ရိုးသားရမယ်"

"ကဲ . . . ဒါဖြင့်ရင် . . . ရှင်ကရော ဝန်ခံမှာမို့လို့လား၊ ကျွန်မတို့နှစ်ယောက်က စစ်ပွဲတစ်ပွဲ၊ ကစားပွဲတစ်ပွဲခင်းထားကြတာလေ၊ ရှင်လည်း မမေ့သလို ကျွန်မလည်း မမေ့ပါဘူး၊ မချစ်မိကြေးလေ"

"ဟုတ်ပါတယ်၊ ကိုယ်မမေ့ပါဘူး၊ ကဲ . . . ထားလိုက်ပါတော့၊ ကိုယ်တို့ရဲ့စစ်ပွဲက တစ်လ ကြာသွားပြီ၊ အခြေတစ်ခုခု မထွက်သေးဘူးလား"

"ကျွန်မဘက်ကတော့ ဘာအဖြေမှ မထွက်ဘူး ကျူးရင့်၊ အေးဆေးပဲ"

"ကိုယ်လည်း အေးဆေးပါပဲ၊ နောက်ထပ်တစ်လလောက်တော့ ထပ်ကစားကြတာပေါ့လေ၊ နှစ်ယောက်စလုံး တကယ်မချစ်မိကြဘူးဆိုရင် သရေဆိုပါတော့၊ ပွဲကို အဆုံးသတ်လိုက်ရအောင်နော်၊ ကိုယ်လည်း မင်းကို မနှောင့်ယှက်တော့ပါဘူး၊ အခုဆိုရင် YUFL ထဲမှာ မင်းကို ကိုယ်လိုက်နေတယ်ဆိုတဲ့သတင်းက ပြန့်နေတော့ မင်းကို လိုက်ချင်တဲ့ ငတိတွေလည်း ခဏလက်ရှောင်နေပြီး အခြေအနေကို စောင့်ကြည့်နေကြတယ်၊ တကယ်တော့ . . . ဒီကောင်တွေက ကိုယ့်ကို အထင်ကြီးနေတာပါ၊ မင်းနဲ့ကိုယ် ချစ်သူတွေဖြစ်သွားလိမ့်မယ်လို့ သူတို့ မျှော်လင့်နေကြတာ၊ ကိုယ်နောက်ဆုတ်လိုက်ရင် မင်းရဲ့ စန်းလက်တွေပြန်ပွင့်လာလိမ့်မယ်"

"အမလေး၊ ကျွန်မက စန်းမပွင့်ချင်ပါဘူး၊ စိတ်အနှောင့် အယှက်ဖြစ်ရလွန်းလို့၊ ဒီအခြေအနေ အတိုင်းကပဲ . . . ခပ်ကောင်းကောင်းရယ်"

သူက ရိုးရာကို ခပ်နက်နက်စိုက်ကြည့်တယ်။ ရိုးရာချက်ချင်းပဲ သူ့အကြည့်ကို လွှဲပစ်လိုက်ပါတယ်။

"ဒီအခြေအနေက အမြဲတမ်းမဖြစ်နိုင်ဘူးလေ ရိုးရာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာလည်း ကိုယ့်ဘဝရှိသေးတယ်၊ နောက်တစ်လကြာရင် ကိုယ်နဲ့မင်းရဲ့ ကစားပွဲပြီးရင် . . . ကိုယ် မိန်းကလေး တစ်ယောက်ကို စ,လိုက်တော့မလို့"

"ဘယ်လို"

လုံးဝ ထင်မှတ်မထားတဲ့ စကားတစ်ခွန်းက ဘယ်နေရာကနေ ပြေးဝင်လာမှန်းမသိတဲ့ လက်နက်ပုန်း တစ်ခုလိုပဲ ရိုးရာရင်ကို တည့်တည့် ထိမှန်သွားတယ်။ ရိုးရာ ရင်ထဲ ဆတ်ခနဲတောင် နာကျင်သွားမိသလိုပဲ။ ရုတ်တရက် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းကို မသိလိုက်တာ။ အငိုက်မိ သွားတာပဲ ဖြစ်မယ်။ နောက်မှ ချက်ချင်း သတိဝင်လာတာက ဒါဟာ သူ့ရဲ့ မာယာ လှည့်ကွက်တစ်ခုလည်း ဖြစ်နိုင်တယ်ဆိုတဲ့ အတွေးပါ။

"အဲဒါကရော . . . ရှင့်ရဲ့ပရိယာယ် နောက်တစ်ခု လား ကျူးရင့်၊ ရှင့်ကိုများ ကျွန်မက jealous ဖြစ်မယ် ထင်လို့လား၊ ဝေးပါသေး"

"နိုးဝေး၊ ကိုယ် တကယ် စိတ်ဝင်စားသွားတဲ့ မိန်းကလေးပါ၊ ဆေးကျောင်းကပါ၊ ရွှေလရောင်တဲ့၊ MC Que





ဆိုလို့ မတော်တဆသွားကြည့်မိရင်း ဟာ့ထိထိလာတာ၊ တစ်နေ့ ကျမှ မင်းကို လိုက်ပြမယ်၊ အရမ်းမလှဘူး၊ ဒါပေမယ့် အရမ်းကျက်သရေ ရှိလွန်းတယ်၊ ဆံပင်ကထူထူ အရှည်ကြီး တင်ပါးဖုံးလောက်ရှိတယ်၊ အဲဒါကို တစ်ဖက်မှာသိမ်းပြီး ရင်ဘတ်ရှေ့မှာချထားတယ်၊ ရင်ဖုံး အင်္ကျီလက်ပြတ်ကလေး တွေနဲ့ ထမီရှည်ရှည်ဝတ်တတ်တယ်၊ ဒေါက်မြင့်ဖိနပ် စီး တတ်တယ်၊ သူ့ကိုလည်း လိုက်တဲ့ငတိတွေ အများကြီးပါ၊ ဒါပေမယ့် သူက မင်းလို ပညာမပေးတတ်ဘူး၊ ယဉ်ယဉ် ကျေးကျေး ရှောင်တိမ်းတတ်တယ်၊ ယဉ်ကျေးမှုရှိတယ်ခေါ်မှာ ပေါ့"

"အောင်မယ်၊ ကျွန်မကတော့ ယဉ်ကျေးမှုမရှိဘူးပေါ့ လေ၊ ကျူးရင့် . . . ကျူးရင့်၊ ရှင်ဟာလေ . . . နာမည်မှာ ရင့်ပါတဲ့အတိုင်း စကားပြောတာ သိပ်ရင့်တာပဲ သိလား၊ ရှင့်ကို ကျော့ရင့်လို့ ခေါ်ဖို့ကောင်းတယ်၊ ရှင့်ပုံစံနဲ့ အဲဒီမဒီကို ပေါ်လိမ့်မယ် . . . အဝေးကြီးပဲ၊ နေပါဦး . . . သူက လိပ်ခုံး လား၊ လမ်းမတော်ကလား"

"ဘာလဲ . . . ၊ မင်းက ကိုယ်မသိအောင် တိတ်တိတ်ခိုး



www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်မလို့လား၊ လိပ်ခုံးကပါ . . . အခုမှ ဖရက်ရှာကွင်းကလေး၊ သွားကြည့်ဖြစ်အောင် ကြည့်လိုက်နော်၊ မင်းလိုတော့ ညို့မင်းသမီး မဟုတ်ပါဘူးကွာ၊ ရိုးရိုးယဉ်ယဉ်ကလေးပါ"

ရိုးရာ သူ့ကို မျက်စောင်းချီမိတယ်။ တကယ်တော့ အဲဒီ 'ရွှေလရောင်'ဆိုတာ ရိုးရာ လုံးဝ ထည့်မတွက်ထားခဲ့တဲ့ သူ့ရဲ့ဇာတ်ဖဲတစ်ခုပါ။ အခုတော့ သူ့ရဲ့ဇာတ်ဖဲကို သူက မသိမသာထုတ်ပြသွားခဲ့ပြီ။ နေစမ်းပါဦး။ ဒီရက်ပိုင်းတွေမှာ ရိုးရာ သူ့ကို ဘာကြောင့်များ မဆွဲဆောင်နိုင်ခဲ့ရတာပါလိမ့်။ သူပြောပြသွားပုံက သူ့ဘက်က ရိုးရာအပေါ်မှာ တစ်စက်ကလေးမှ တိမ်းညွှတ်ယိမ်းယိုင်ခြင်း မရှိခဲ့တဲ့အပြင် တခြားမိန်းကလေး တစ်ယောက်ကိုတောင် စိတ်ဝင်တစားနဲ့ လိုက်ဖို့ပြင်ဆင်ထားခဲ့ပြီဆိုတဲ့သဘော။ တစ်နည်းအားဖြင့် ရိုးရာကို သူ သက်သက်ကြောသွားခဲ့တာပါလား။ သူ ထွက်သွားမှပဲ . . . ရိုးရာ ဆတ်ဆတ်ခါနာရကောင်းမှန်း သတိရမိတော့တယ်။ ရိုးရာတစ်သက်မှာ ဘယ်တုန်းကမှ မခံလိုက်ရဖူးတဲ့နည်းနဲ့ လှလှပပ ခံလိုက်ရပြီ။ ရိုးရာ ဘာကို မကျေနပ်မှန်းမသိဘူး၊





မကျေမနပ်ဖြစ်မိတယ်။ ဟင့်အင်း . . . ရိုးရာ လုံးဝ ရှုံးလို့မဖြစ်ဘူးနော်။

• ~~~ • ~~~ •



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းပြောရလျှင် ရိုးရာဆေးကျောင်းထဲကို မရောက်ဖူးပါ။ ဘာကြောင့် ဝင်လာခဲ့မိမှန်းလည်း သေချာ မသိ။ ကားပေါ်မှာပါလာတဲ့ ထာဝရနဲ့ သော်ကကိုတော့ အသိ တစ်ယောက်လာရှာတာလို့ လိမ်ထားခဲ့မိတယ်။ ရိုးရာတို့ ဒီဗိုင်း တွေက လန်ထွက်နေတာမို့ ဆေးကျောင်းသားတော်တော် များများရဲ့ မျက်လုံးတွေ ဝေါခနဲပြူးဆင်းရောက်လာတယ်။ ရိုးရာက ကောင်လေးတစ်ယောက်ဆီ ကပ်မေးလိုက်တယ်။

“ရွှေလရောင်ကို ဘယ်မှာရှာရမလဲဟင်”

“ဩော် . . . ကွင်းလား၊ ခုနက ကန်တင်းထဲဝင်သွား တာ တွေ့လိုက်တယ်၊ ကျွန်တော် လိုက်ပြပေးမယ်လေ”

“နေနေ . . . ရတယ်၊ ကန်တင်းဘယ်မှာလဲဆိုတာပဲ ပြပေးပါ”

“ဒီကနေ တည့်တည့် လျှောက်သွားလိုက်၊ ဟိုရှေ့နား လေးတင်”





“ကျေးဇူး”

ထာဝရနဲ့ သော်ကရဲ့ လက်ကိုဆွဲပြီး ကန်တင်းထဲ ဝင်လာခဲ့မိတယ်။ သိပ်ထူးထူးထွေထွေရှာနေစရာ မလိုဘဲ . . . ဆံပင်အရှည်ကြီးနဲ့ . . . ရင်ဖုံးလက်ပြတ် ထမီ ရှည်ရှည်ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရ တယ်။ မျက်နှာမှာ ဘာမှတောင် လိမ်းခြယ်ထားပုံမရ၊ ပြောင်ပြောင်ရှင်းရှင်း ဝင်းဝင်းမွတ်မွတ် မျက်နှာကလေးမှာ မျက်ခုံးမျက်လုံးနက်နက်ထင်း ထင်းကလေးနဲ့ ဆေးမဆိုးတဲ့ နှုတ်ခမ်းဖူးဖူးပြည့်ပြည့်ကလေးနဲ့ ကောင်မလေး။ ဒီ ကောင်မလေးကို ကျူးရင့် တကယ်ကြွေတာရော ဟုတ်ရဲ့လား။ ဒါဟာ trick တစ်ခုလား . . . ရိုးရာစိတ်ထဲ ဇဝေဇဝါ။ အကယ်၍ ဒီကောင်မလေးဟာ ရိုးရာကို သူ့အနိုင်ပိုင်းဖို့ အတွက် အကွက်ချထားခဲ့တဲ့ ထွက်ပေါက်တစ်ခုဆိုရင် အဲဒီ ထွက်ပေါက်ကို ပိတ်ဆို့ဖို့အတွက် ရိုးရာဆီမှာတာဝန်ရှိတယ် လေ။

“ရိုးရာမေ၊ နင် သူ့ကို လာရှာတာဆို ဘာ လုပ်မှာလဲ. . . စကားပြောမှာလား၊ နင်လည်း မသိဘူး မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com





ထာဝရက ခပ်တိုးတိုး ကပ်ပြောတယ်။ ရိုးရာဦးနှောက်ကို နည်းနည်းအလုပ်ပေးရတယ်။ အဲဒီအချိန်မှာ ကောင်မလေးက ဆိုင်ထဲကနေ ပြန်ထွက်ဖို့ ဟန်ပြင်နေပြီ။ ရိုးရာ အရိုးဆုံးနည်းလမ်းကို သုံးလိုက်တယ်။ ကမန်းကတန်း ထ,ထွက်မယ့်ဟန်နဲ့ ရွှေလရောင်ကို တမင်သက်သက်ကို ဝင်တိုက်လိုက်တာပါ။

"အိုး . . . အမေ့"

"ဟယ် . . . ဆောရီး ဆောရီး . . . ညီမလေး အစ်မ က ညီမလေးကိုငေးရင်း ထ,လိုက်မိတာ၊ ဆောရီးနော် ညီမလေးက MC QUEEN ဆို ဟုတ်လားဟင်၊ စောစောက တစ်ယောက်က လှမ်းပြသွားတာ"

"ရှက်စရာကြီးပါ မ ရယ်၊ သူတို့ဘာသာ ပေးထားတာပါ။ ရွှေက ဒီလောက်မလှပါဘူး"

"အို . . . လှတာပေါ့ ညီမလေးရဲ့၊ မမတို့က YUFL က လာလည်တာ၊ ဆေးကျောင်းထဲ တစ်ခါမှ မရောက်ဖူးလို့ ဝင်ကြည့်ကြတာလေ၊ မမတို့ သူငယ်ချင်းတွေက လမ်းမတော်ဘက် ရောက်ကုန်ပြီ"

"ဪ၊ ဟုတ်လား၊ မမတို့ ဘယ်သွားချင်တာလဲ၊ ရွှေ လိုက်ပြပေးမယ်လေ၊ ဆေးကျောင်းထဲမှာတော့ ဘာမှ လည်စရာထူးထူးထွေထွေ မရှိပါဘူး မမရယ်"

"ဪ . . . ဘာဖြစ်လဲ၊ အနည်းဆုံးတော့ ရွှေနဲ့ သူငယ်ချင်းဖြစ်ခွင့်ရတာပေါ့၊ နည်းတဲ့အခွင့်အရေး လား၊ နေဦး မိတ်ဆက်ပေးရဦးမယ်၊ မမက ရိုးရာမေ၊ ဒီနှစ်ယောက်က ထာဝရနဲ့ သော်ကတဲ့"

"မမကို သိပါတယ်၊ UFL မှာ အရမ်းနာမည်ကြီးတယ်လေ၊ ရွှေ့အစ်ကိုတွေဆီကနေ မမနာမည်ကို ကြားဖူး နေတာပါ၊ မမက အရမ်းလှတာပဲ"

"အို . . . ဟုတ်ရဲ့လား ရွှေရယ်၊ နောက်ထပ် ဘာတွေ ကြားသေးလို့လဲ၊ ကောင်လေးတွေကို တုန့်ပြန်တာ ထက်သံနည်းနည်းပြောင်တယ်လို့ မကြားမိဘူးလား"

ရွှေလရောင်က ဆံပင်ရှည်ကြီးကို သိမ်းရင်း ရယ်ပါတယ်။

"ရွှေ့အစ်ကိုတစ်ယောက် မမကို ချဉ်းကပ်ဖူးတယ်၊ အင်းလျားမှာထိုင်စောင့်ခိုင်းထားပြီး ရောက်မလာဘူး တဲ့"

"ဟား . . . ဟား ဖြစ်ရမယ်"

"အစ်ကိုကတော့ ဆက်မလိုက်ရဲတော့ဘူး၊ ရွှေကတော့





www.burmeseclassic.com

www.burmeseclassic.com





မမဆီက နည်းပညာတွေ သင်ယူရဦးမယ်၊ တချို့ ကောင်လေး တွေက အရမ်းဆိုးတယ်၊ ယဉ်ကျေးမှုမရှိဘူး၊ ကောင်းကောင် မွန်မွန် နားလည်အောင် ရှင်းပြလို့ လက်မခံချင်ဘူး၊ ဖွတ်တရွတ် ကြီးသိလား၊ အရမ်း စိတ်ညစ်ဖို့ ကောင်းတယ်"

ရွှေ့မျက်နှာကလေးက အရိုးခံကလေးမို့ ရိုးရေ မြင်မြင်ချင်းပဲ ခင်မင်သွားမိပါတယ်။

"ရွှေ UFL ကိုလည်း လာလည်ဦးလေ၊ မမတို့ မုန့်လိုက် ကျွေးမယ်၊ တစ်ခါတစ်ခါ ကော်ဖီဆိုင် ထိုင်ဖြစ်ရင်လည်း ဝင် ခေါ်မယ်လေ၊ စကားလေးဘာလေးပြောရတာပေါ့နော်"

"ဟုတ်ကဲ့ မမ၊ အခုလို ခင်မင်ရတာ ရွှေ တကယ် ဝမ်းသာပါတယ်၊ ရွှေတို့ ရေစက်ကို ပါတယ်ထင်ပါရဲ့"

"ဟုတ်ပါ့ရှင်၊ ကဲ . . . ခုတော့ မမတို့ ပြန်ဦးစို့၊ ရွှေ ခင်သွားပြီပဲ . . . နောက်မှ အေးဆေးလာလည်မယ်နော် . . . ဘိုင့်ဘိုင် ရွှေ"

"တာ့တာ . . ."

ရွှေ့ကိုနှုတ်ဆက်ပြီး ပြန်ထွက်လာမှ ကားပေါ်မှာ ထာဝရတို့ကို အမှန်အတိုင်းပြောပြဖြစ်တယ်။

"ရွှေ့ကို . . . ကျူးရင့်က နောက်တစ်လအကြာ စလိုက်တော့မလို့တဲ့လေ၊ ကြုံနေတာ . . . ကြုံနေတာ"

"ဩော် . . . သဘောပေါက်ပြီဟေ့၊ ကိုယ့်ရဲ့ပြိုင်ဘက် ကို လာကြည့်ထားတဲ့သဘော ဆိုပါတော့"

"နိုးဝေးပါ၊ ရွှေလရောင်လောက်ကတော့ ငါ့အတွက် ပြိုင်ဘက်အဆင့်ထိ ဖြစ်မလာလောက်ပါဘူး၊ ကျူးရင့်ကို အနိုင်ပိုင်းမယ့် လျှို့ဝှက်လမ်းတစ်ခု ဖောက်ထားတဲ့ သဘောပါ"

"ရိုးရာ၊ ရှင့်စိတ်ထဲ ကျူးရင့်ကို ဘယ်အဆင့်ထိ နေရာ ပေးထားပြီလဲ"

"ဘယ်အဆင့်မှ မရှိဘူး၊ သူနိုင်ကိုယ်နိုင် ကစားနေတဲ့ ပြိုင်ဘက်တစ်ယောက်ပဲ"

"သေချာရဲ့လား ရိုးရာမရယ်၊ ငါတို့အထင်တော့ နင် ကျူးရင့်အပေါ် သမားရိုးကျမကတော့ဘူး၊ ရွှေလရောင်ကို လာကြည့်တာကိုက သွေးရှူးသွေးတန်း ဆန်သလိုပဲ၊ ပြီးတော့ မ်းပြီး မိတ်ဆွေဖွဲ့ထားလိုက်တယ်၊ ရှင့်စိတ်ထဲ တစ်ခုခုတော့ ဖြစ်နေတယ်၊ စိုးရိမ်နေတာမှလား၊ ကျူးရင့် ရွှေလရောင်ကို တကယ်ရသွားမှာကို နင့်ရဲ့ မသိ စိတ်ထဲကနေ စိုးရိမ်နေတယ်၊ အဲဒါကိုကာကွယ်ဖို့အတွက် နင် လာပြီး ကြိုတင်ပြင်ဆင် ထားတာ၊ ဟုတ်တယ်မှလား၊ ငါတို့ကို မလိမ်နဲ့နော် . . .





www.burmeseclassic.com

www.burmeseclassic.com

ရှိုးရာ၊ ငါတို့က စတိတ်ထဲက ပေါင်းလာတဲ့ သူငယ်ချင်းတွေ၊ နင် ဘယ် ခြေလှမ်းရင် ဘယ်ကိုဦးတည်မယ်ဆိုတာ ငါတို့ ရိပ်မိပြီးသား"

"အလိုတော် . . . စွပ်စွပ်စွဲစွဲပါလား သော်ကမရယ်"

"နင့်ကိုယ်နင် ပြန်ဆန်းစစ်ဦး . . . ရှိုးရာ၊ ကိုယ့်ကိုယ် တော့ မလိမ်မိပါစေနဲ့ဟယ်၊ ဘာပဲပြောပြော နင့်နှလုံးသားက အဖြူထည်သက်သက်ပဲရှိသေးတာ၊ နင့်ကိုယ်နင် ဆရာမကြီး စတိုင်လ်ဖမ်းနေပေမယ့် နင့်နှလုံးသားက နုနုဖတ်ဖတ်ကလေး၊ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းရင်လည်း ကိုယ့်နှလုံးသားကို အမှန် အတိုင်း မမြင်ရတတ်ဘူးနော်"

"အဲဒါတွေမပြောနဲ့ သော်ကရဲ့၊ ငါလိုချင်တာကို ငါ သိပါတယ်၊ ငါ ဒီကောင့်ကို အနိုင်ရချင်တာ၊ သူ့ကို ဘယ် တော့မှ ထပ်မဆုံရလောက်အောင် ဝေးလွင့်သွားစေချင်တာ၊ ငါ့ကို သူ ထပ်ပြီး နှောင့်ယှက်ခွင့်မရတော့တဲ့အထိပေါ့၊ ဒါပဲ . . . ကျန်တာတွေ ဘာမှ ငါ ဂရုမစိုက်ဘူး"

ရှိုးရာအသံမှာ မာန်ကလေးတော့ ပါတယ်။ ပညာ တွေ တတ်လွန်းတဲ့ ကျူးရင့်လိုလူတစ်ယောက်ဆီမှာ မတော် တဆ အငိုက်မိကျဆုံးဖို့ဆိုတာ ရှိုးရာ စိတ်ကူးထဲမှာတောင် ခွင့် မပြုနိုင်ပါဘူး။ သော်က ထောက်ပြသလောက်လည်း ကိုယ့် ကိုယ်ကိုယ် ပြန်မဆန်းစစ်ချင်မိ။ အဲဒီစိတ်ကူးဟာ ကိုယ့် နှလုံးသားကို ကိုယ် အထင်သေးလွန်းရာရောက်ပါတယ်လေ။ ဟင့်အင်း . . .။ မတွေးချင်ပါဘူး။

• ~~~ • ~~~ •







www.burmeseclassic.com

www.burmeseclassic.com

# ယဉ်ကျေးမှု

(၇)

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ကိုယ်တိုင်က "အစစ်" ကို လိုချင်တယ်ဆိုရင်
သူများ ကိုလည်း "အတု" မပေးမိစေနဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ညှိကျေးမှု(၇)

ဒီတစ်ခါတော့ ရိုးရာဘက်က ပရိယာယ်တစ်ခုပါ။ ...ကို ထိုးစစ်တစ်ပွဲ ခင်းကျင်းလိုက်တဲ့ သဘောဆိုပါတော့။

"ကျွန်မတို့ ကစားနည်းကလေးတစ်ခုလောက် အပျင်း...ဖြေ ကစားရအောင်"

"လုပ်လေ . . .၊ ဘာကစားနည်းလဲ"

"အတည်ပေါက်နဲ့ အကြောင်ရိုက်နည်းလို့ ခေါ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com





မထင်မှတ်တဲ့ လှည့်ကွက်တစ်ခုနဲ့ တစ်ဖက်လူကို ဂိုးသွင်းရမှာ တစ်ဖက်က တကယ်ကြီး ထင်သွားတယ်ဆိုရင် ဂိုးဝင်သွားတဲ့ သဘောပေ့ါ၊ ဒါဆိုရင် ဂိုးသွင်းနိုင်တဲ့ သူက အနိုင်ရတယ်ပေ့ါ၊ အနိုင်ရတဲ့လူက ရှုံးတဲ့သူကို ကြိုက်ရာ ခိုင်းခွင့်ရှိတယ်၊ ဘယ်လို လဲ၊ ကျွန်မပြောတာ နားလည်လား"

"နားလည်ပါတယ်၊ ကိုယ်တို့ အမြဲတမ်း ကစားနေကျ နည်းပါ၊ စိန်လိုက်လေ၊ ဘယ်နေ့စမှာလဲ"

"ဒီနေ့ပဲ . . ."

"အိုကေ . . .၊ သတိဝီရိယနဲ့သာနေပေတော့ သူငယ် မ ရေ"

သူက ခပ်ပြုံးပြုံးကလေးပြောပြီး အသာလှည့်ထွက် သွားတယ်။ ရိုးရာကိုယ်တိုင်လည်း ပြုံးပြီး ကျန်ရစ်တယ် ပြောရမယ်ဆိုရင်တော့ ရိုးရာနဲ့ သူ့ရဲ့ကြားမှာ တမင်သက် သက် တီထွင်ဖန်တီးရတဲ့ အတုတွေများတယ်။ တကယ်အစ ဆိုတာ ဘာလဲလို့တောင် ရှာမတွေ့နိုင်တော့သလိုပဲ။ သူပေးတဲ့ အတုတွေကလည်း အစစ်တွေထက်တောင် လက်ရာမြောက် သေးတော့ မမက်မောမိအောင် ကာကွယ်ရင်း ရိုးရာမှာ အဆန်းတကြယ်။ တကယ်တော့ ဘယ်သူက 'အတု'ဆိုတာ





နှစ်သက်မက်မောချင်မှာလဲ။ ကိုယ်လည်း မလိုချင်သလို သူများ ကိုလည်း မပေးသင့်တဲ့အရာလေ။ ဒါပေမယ့် ရိုးရာတို့နှစ် ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် မချစ်မိကြေးဆိုတဲ့ ခေါင်းစဉ်တစ်ခုအောက်မှာ တစ်ယောက်ကိုတစ်ယောက် ဖန် ဆင်းထားတဲ့ အတုအယောင်တွေပဲ ပေးနေမိတော့တာလေ။

"ရိုးရာ . . . နင် ဘာတွေကြံစည်ထားပြန်ပြီလဲ"

ထာဝရက သိချင်လွန်းတဲ့ ဟန်နဲ့မေးတော့ ရိုးရာက မျက်လုံးတစ်ဖက် မှိတ်ပြလိုက်တယ်။ အဲဒီနေ့မှာပဲ ရိုးရာက ဆေးကျောင်းဘက်ထွက်ခဲ့ပြီး ရွှေလရောင်ကို YUFL ကို လိုက် လည်ဖို့ အလည်ခေါ်ထုတ်လာခဲ့တာ။ ရွှေကလည်း class တစ်ခု တောင်အပျက်ခံပြီး လိုက်ခဲ့လေရဲ့။ ကျောင်းထဲ ဟိုဟိုဒီဒီ လိုက်ပြရင်း ပြီးတော့ ကန်တင်းထဲခေါ်လာခဲ့တယ်။

"ရွှေကို မရဲ့ဘဲနဲ့ မိတ်ဆက်ပေးမလို့၊ သူ ကန်တင်း ထဲမှာ ရှိလိမ့်မယ်"

လို့ ကြိုတင်နားသွင်းထားခဲ့ပြီးသား။

"အို . . .၊ မ မှာ ချစ်သူရှိသွားပြီလား နှမြောစရာ"

ဆိုပြီး ရယ်ရယ်မောမောနဲ့။ ရိုးရာက ကျနေ ထိုင်နေကျ စားပွဲဆီကို တန်းတန်းမတ်မတ် ခေါ်သွားခဲ့တာ။





www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ခါးကို ဖက်ပြီးဝင်လာတဲ့ ရိုးရာကိုမြင်တာနဲ့ သူ့မျက်ခုံးတွေ ပင့်တက်သွားသလို မျက်လုံးတွေမှာလည်း အရောင်တွေ ဖြတ်ပြေးသွားခဲ့တယ်။ ဒါပေမယ့် သူ့နှုတ်ခမ်းတွေကတော့ ချက်ချင်းပဲပြုံးသွားဟာ။

"ကျူးရင့်နဲ့ မိတ်ဆက်ပေးမလို့ . . . ဒါ ရွှေလရောင်တဲ့၊ MC Queen လေ၊ ကျွန်မဆီ လာလည်တာ၊ ရွှေ . . . ဒါ ကျူးရင့်"

"ကိုယ် သိပြီးသားပါဗျာ . . . ကိုယ် လာတောင် ကြည့်ဖူးပါတယ်"

သူက မျက်နှာတစ်ချက်မပျက်ဘဲ ခပ်ပြုံးပြုံး ပြန်ပြောတယ်။ ခုလောက်ဆို သူ့ကို ရိုးရာ ဘာလက်နက်နဲ့ သတ်လိုက်တယ်ဆိုတာ သူသဘောပေါက်လောက်ရောပေါ့။ သူက ရိုးရာရဲ့ မျက်ဝန်းတွေထဲ စူးခနဲ စိုက်ကြည့်တော့ ရိုးရာကလည်း အေးခဲစွာပဲ ပြန်ပြုံးပြလိုက်တယ်။

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ဒါကြောင့် ဒီအစ်ကိုကြီးကို မြင်ဖူးပါတယ်မှတ်တာ၊ မမနဲ့ အရမ်းလိုက်တယ် သိလား"

ရွှေမျက်နှာကလေးကတော့ တကယ့်ကို ဘာမှ





မသိတဲ့ အရိုးခံပါ။ သူမကို ကျူးရင့် စိတ်ဝင်စားနေလိမ့်မယ်လို့လည်း ရိပ်မိ သတိထားမိဟန်မရှိဘူး။ ရိုးရာရဲ့ခင်မင်မှုဟာ ကြိုတင်ကြံစည်ပြင်ဆင်မှု တစ်ခုဆိုတာကိုလည်း သံသယတောင် ရှိဟန်မတူဘူး။ အားလုံးကို ရိုးရိုးသာမန်တိုက်ဆိုင်မှု တစ်ခုလို့ပဲ နားလည်သဘောပေါက်ထားတဲ့ဟန်။ အထာကိုယ်စီ . . . ပညာကိုယ်စီရှိပြီးသား ကျူးရင့်နဲ့ရိုးရာ နှစ်ယောက်တည်းသာ မြွေနှစ်ကောင်လို အချင်းချင်း ခြေမြင်ပြီးသားလေ။

"ရွှေ . . . ထိုင်၊ တစ်ခုခု စားဦးလေ၊ ပြီးမှ ရွှေ့ကို မ ပြန်ပို့ပေးမယ်"

"ဟယ် . . . အချိန်မရတော့ဘူး မမရဲ့ . . . ဒီတစ်ချိန်ပြီးရင် ကျူတိုရီရယ်ရှိတယ် . . . ပြန်မှဖြစ်မယ်"

"ဟောတော် ခဏလေးပဲ . . . ဘာမှလည်း မကျွေးရဘူး"

"ရပါတယ် မမရယ်၊ နောက်တစ်ခါပေါ့၊ ဆုံဦးမှာပဲဥစ္စာ၊ ညကျရင် ရွှေ ဖုန်းဆက်လိုက်မယ်လေ"

"အေး . . . ပြီးရော . . . ကဲ ရွှေ့ကို ပြန်ပို့လိုက်ဦးမယ် နော်၊ ကျူးရင့် လိုက်ဦးမလားဟင်"

"မလိုက်တော့ပါဘူးကွာ . . . ကိုယ်လည်း အတန်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်တက်ဦးမယ် . . . တာ့တာ"

သူက ရွှေ့ကိုပါ လှမ်းနှုတ်ဆက်ပြီး ကျန်ခဲ့တယ်။ ရွှေ့ကို ဆေးကျောင်းပြန်ပို့ပြီး အပြန်မှာတော့ ကားပေါ်မှာ သုံးယောက်သား အားပါးတရကို ရယ်မောမိကြတယ်။ တွေ့တယ်မှလား . . . မြားကလေးတစ်စင်းတည်းနဲ့ . . . ငှက်နှစ်ကောင်ကို အပူးလိုက်ကြီး စိုက်မိလိုက်နိုင်ဖို့ဆိုတာ . . . ပညာသားကတော့ ပါမှဖြစ်မယ်လေ။

• ⁂ • ⁂ •





ည ဆယ့်တစ်နာရီဆို ရိုးရာ ကျူးရှင်ဆီ ဖုန်းဆက်နေကျအချိန်။ ဒီနေ့ ဖုန်းခေါ်လိုက်တော့ သူက . . .

"ကိုယ် အခု ရိုးရာရဲ့ ခြံရှေ့မှာ၊ ရိုးရာဆင်းခဲ့ပါလား၊ မျက်နှာကလေးကြည့်ပြီးတော့ စကားပြောချင်လို့"

လို့ အသံနွေးနွေးနဲ့ ပြောတော့ ရိုးရာ တွေသွားတယ်။ ဒါ . . . ဘာအထာပါလိမ့်။ သူ ဘာထွင်ပြန်တာပါလိမ့်။ ဆင်းတွေ့ဖို့ သင့်မသင့် ရိုးရာ ခဏစဉ်းစားရတယ်။ ဖေတို့ မေတို့တော့ အိပ်နေလောက်ပါပြီ။ စောစောအိပ်ပြီး မနက်စောစောထ,တတ်သူတွေလေ။

"ရိုးရာဆင်းလာရင် ကော်ဖီပူပူကလေး တစ်ခွက်ပါ ယူလာခဲ့ပေးပါကွာ၊ ကိုယ် ကော်ဖီဆာလို့"

ရိုးရာ မငြင်းနိုင်တော့ဘူး။ ကော်ဖီက ရိုးရာ အခန်းထဲမှာပဲ အဆင်သင့်ဖျော်လို့ရတယ်လေ။ ရေနွေးလည်း အဆင်သင့်။ travel mug ကလေးနဲ့ ကော်ဖီတစ်ခွက်ဖျော်ပြီး



www.burmeseclassic.com

www.burmeseclassic.com





ကုတ်အင်္ကျီရှည်ကလေးတစ်ထည် ကောက်စွပ်ခဲ့ပြီး ခြံထဲဆင်း လာခဲ့မိတယ်။ သူက စက်ဘီးကလေးနဲ့ ခြံဝမှာရပ်လို့။ hoo ပါတဲ့ ဆွယ်တာပါးတစ်ထည်ဝတ်ထားပြီး ခေါင်းစွပ် စွပ်ထား တယ်။

"ကဲ ... ရော့ ... ဘယ်လိုဖြစ်ရပြန်တာတုံး ညကြီး မိုးချုပ်ကို"

"ဩော် ... မင်းတောင် ရွှေလရောင်ကို မင်း ဘဲပါ ဆိုတဲ့ ပုံစံမျိုးနဲ့ မိတ်ဆက်ပေးခဲ့သေးတာလေ၊ ကိုယ် ရယ်ချင်တာ၊ မင်းက တကယ်ကြီးကိုထင်ပြီး အပီအပြင်ကြီး ခုတ်ချပစ်လိုက်တော့တာပဲနော်၊ ကိုယ်ပြောတဲ့အတိုင်း မင်း ယုံသွားတာရယ် ... ကိုယ်ဆက်ပြီး ခရီးဆက်လို့ မရအောင် တံတားကို အပြီးချိုးပစ်လိုက်သလို မင်းစွမ်းဆောင်လိုက်ပုံ လှပါတယ်၊ ဒါပေမယ့် ဟဲဟဲ မင်းဘယ်လိုဖြစ်မလဲဆိုတာ သိချင်လို့ အဲဒီရွှေလရောင်ဆိုတဲ့ ကိုယ့်သူငယ်ချင်းရဲ့ ညီမ နာမည်ကို သုံးလိုက်တာပါကွာ၊ ကိုယ်လား ဒီ antique ကလေးကို ကြိုက်မှာ ... ဟားဟား ဂိုးပေါ့၊ မင်းကို ကိုယ် ဂိုးသွင်း လိုက်နိုင်ပြီ၊ ဟုတ်တယ် ... ဟုတ်၊ ဒီအကြောင်းနဲ့ ကစားနည်းကို မင်းကပဲ စ,ထွင်လိုက်တာဆိုတော့ ကိုယ် အားနာပါးနာနဲ့ပဲ မင်းဆီက အခွင့်အရေးတစ်ခု တောင်းရဦး မှာပေါ့လေ၊ အဲဒီအတွက် အခု လူကိုယ်တိုင် လာခဲ့တာပါ၊ ရွှေလရောင်ဇာတ်လမ်းကို ဆင်ချိန်တုန်းက မင်းရဲ့ တုံ့ပြန်မှုကို သိချင်ရုံသက်သက်ကလေးပါ၊ အခုတော့ မင်းဘက်က အချိန်မီ ကလေး ဂိုးသွင်းကြေးကစားနည်းကလေးပါ ထည့်လိုက်တော့ ကိုယ် အမြတ်ထွက်သွားတာပေါ့လေ ... ဟဲဟဲ ... ဘယ် လိုလဲ၊ ကိုယ် တောင်းရတော့မှာလား"

ရိုးရာ တော်တော်ကလေးကို နင်သွားမိတာ။ ကိုယ့် လက်နက်နဲ့ကိုယ် ပြန်ခံရလေခြင်းဆိုပြီး ရင်ထဲမှာ တလှပ်လှပ်နဲ့ အခံရခက်လိုက်တာ။ နှုတ်ခမ်းကို ခပ်တင်းတင်း ဖိကိုက် ထားမိရင်း ရိုးရာ သူ့ကို ဒေါသတကြီး စိုက်ကြည့်နေမိတယ်။ ကိုယ့်ဘက်က ပိရိသေသပ်လှပြီ မှတ်နေခဲ့တာ။ သူ တမင် သက်သက် ဖန်တီးထားတဲ့ လိမ်ဆင်ထောင်ချောက်ထဲ အရူး မီးဝိုင်း ဝင်တိုးခဲ့မိတာကိုး။ သူက ဇာတ်လမ်းဆင်ထားသူ ဆို တော့ ဒါရိုက်တာတစ်ယောက်လို ရိုးရာရဲ့ လှုပ်ရှားမှုမှန်သမျှ ကို အစအဆုံး မြင်နေခဲ့တာကိုက ရှက်စရာ ...။

"တောက် ...၊ ရှင့်တစ်ကိုယ်လုံး အလိမ်အညာ တွေ မာယာတွေချည်းပဲနော်၊ ယောကျ်ားတန်မဲ့နဲ့ ပလီစိ





www.burmeseclassic.com

www.burmeseclassic.com



ချောက်ချက်နိုင်လိုက်တာ"

"ဟုတ်ပါတယ်ခင်ဗျာ၊ ရှုံးတဲ့သူက မဲတတ်ပါတယ်၊ ကဲ . . . ကိုယ် ခိုင်းတော့မယ်ကွာ၊ အချိန်မရှိဘူး . . . ပြန်ရဦးမှာ"

"ဘာတုံး၊ ဘာခိုင်းမှာတုံး၊ ရှင်နော်၊ မဟုတ်ကဟုတ်ကတွေ မခိုင်းကြေးနော်"

"မဟုတ်ကဟုတ်ကတွေ မခိုင်းပါဘူးဗျာ၊ ဟုတ်ကဟုတ်ကတွေပဲ ခိုင်းမှာပါ၊ ရိုးရဲ့ ဒီခုံတန်းကလေးမှာ ခဏထိုင်ပေးရုံပဲ"

"ဘာလုပ်မလို့လဲ . . ."

ရိုးရာ သူ့ကို သံသယရှိစွာနဲ့ အုတ်ခုံကလေးပေါ် မှာ ထိုင်ချလိုက်မိတယ်။ လက်နှစ်ဖက်ကို ခပ်တင်းတင်းပိုက်ဖက်ထားမိရင်း ကိုယ့်ရဲ့စိတ်လှုပ်ရှားမှုကို ကိုယ်တိုင် ပြန်ခံစားသိနေမိတယ်။ သူက ရိုးရာရှေ့မှာ ဒူးတစ်ဘက်ထောက် ထိုင်ချလိုက်ရင်း . . .

"ကိုယ့်ကိုလက်ထပ်ပါ ရိုးရာ"

လို့ တိုးဖွဖွညင်သာလွန်းတဲ့ လေသံကလေးနဲ့ တောင်းဆိုလိုက်ချိန်မှာ ရိုးရာတစ်ကိုယ်လုံး မြောက်တက်လွင့်စင်သွား





သလို အစိပ်စိပ်အမြွှာမြွှာ ဖြစ်သွားခဲ့တယ်။

"ဘာ . . . ဘာပြောတယ်၊ ရှင် တော်တော် လူပါး၀လှချည်လား ကျုံးရင့်၊ ရှင့်မှာ အဲဒီလောက် မတန်တဆတောင်းဆိုခွင့်မရှိဘူး . . . သိလား"

ရိုးရာအသံက တိတ်ဆိတ်လွန်းတဲ့ညမှာ တော်တော်ကျယ်လောင်နေခဲ့တာပါ။ စိတ်လှုပ်ရှားလွန်းလို့ ကတုန်ကရင်နဲ့အသံက အက်ကွဲဖွာလန်နေတယ်။ သူ ခဏတိတ်ဆိတ်စွာနဲ့ ခေါင်းငုံ့ထားတယ်။ ရိုးရာ ရင်ဘတ်ထဲမှာ ဗုံတီးသံတွေလို ကျယ်လောင်ဆူညံနေခဲ့တယ်။ နှလုံးသားက မြင်းတစ်ကောင်ပြန်းစိုင်း ကဆုန်ပေါက်နေတဲ့အတိုင်းပဲ ပြောင်းဆန်နေတာ။ ခဏကြာတော့ သူ စကားတစ်ခွန်းပြောတယ်။

"မင်း တကယ်ထင်သွားခဲ့ပြန်ပြီ၊ ဂိုးသွားပြန်ပြီပေါ့၊ နှစ်ဂိုးရှိပြီနော် ရိုးရာ၊ ကိုယ် အားတောင်နာလာပြီ"

ရိုးရာ မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်မိတယ်။ ရင်ဘတ်ထဲက နှလုံးသားကို ငြိမ်သက်လိုငြိမ်သက်ငြား မသိမသာဖိထားရသေးတယ်။

"ကဲ . . . ရိုးရာ . . . ဘယ်လိုလဲ . . . ခိုင်းရတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . ရှင့်လောက် မုန်းစရာကောင်းတဲ့လူမျိုး ကျွန်မတစ်သက် တစ်ခါမှ မတွေ့မိသေးဘူး သိလား၊ ပြော . . . ဘာခိုင်းမှာလဲ"

ရိုးရာအသံက ဆောင့်အင့်အင့်။ သူက ပြုံးတယ်၊ ပြုံးပြီးတော့ ရိုးရာရဲ့ ဆံပင်ရှည်တွေဆီ လှမ်းကြည့်တယ်၊ ရိုးရာက ညဘက်အိမ်နေရင်းမို့ ဆံပင်ကို ဒီအတိုင်းပဲ ကလိုကရိုနဲ့ ဖားလျားချထားခဲ့မိတာ။ သူ့မျက်လုံးတွေက ဆံပင်တွေဆီ မခွာ ဘဲ . . .။

"မင်းရဲ့ ဆံပင်ရှည်တွေကို တစ်ခေါင်းလုံး ကျစ်ဆံမြီး သေးသေးကလေးတွေ ကိုယ်စည်းပေးခွင့်ရချင်တယ်"

"ဘုရားရေ . . ."

ရိုးရာ အသက်ရှူရပ်မတတ် လန့်ဖျပ်စွာနဲ့ ရင်ဘတ်ဖိမိတယ်။ ရိုးရာရဲ့ဆံပင်အုံကြီးက ခပ်ထူထူရယ်။ ပြီးတော့ ကျောလယ်လောက်အထိ ရှည်တာ။ ဒါကို ကျစ်ဆံမြီးသေးသေး ကလေးတွေ တစ်ခေါင်းလုံးကျစ်မှာဆိုတော့ မိုးတောင်လင်းသွား နိုင်တယ်လေ။

"ဒါတော့ ရှင်သက်သက်ညစ်တာ . . . တစ်ခေါင်းလုံး အများကြီး ကျစ်မှာဆိုရင် အကြာကြီးပဲပေါ့၊ မိုးလင်းသွားမှာပေါ့"

"တစ်ခါတည်း အပြီးကျစ်သွားမယ်လို့ မပြောပါဘူးကွာ၊ အခု အချိန်ရသလောက်ကျစ်မယ်၊ နောက်ရက် နောက်ရက်တွေမှာ အချိန်ရရင်ရသလောက် တစ်ချောင်းရရ နှစ်ချောင်းရရ ကျစ်သွားပေးမယ်၊ ရိုးရာဘက်က တစ်ခု စောင့်ထိန်းပေးရမှာက ကိုယ်ကျစ်ပြီးသား ကျစ်ဆံမြီးတွေကို တစ်ခေါင်းလုံး မပြီးမချင်း ပြန်မဖြုတ်ပစ်ရဘူး၊ ပြန်ဖြုတ်ရင် အချိန်ပိုကြာမယ်"

ရိုးရာ သူ့ကို မျက်စောင်းခပ်ကြီးကြီး ထိုးပစ်လိုက်မိတယ်။

"ရှင့်လောက် ညာဏ်နီညာဏ်နက် ညာဏ်ရောင်စုံတွေများပြီး ကပ်သီးကပ်သတ် . . . လက်ပေါက်ကတ်လွန်းတဲ့သူမျိုး ကျွန်မ တကယ်ကို ဘုရားစူး . . . မကြုံဖူးခဲ့ပါဘူး၊ အေး . . . ရှင့် အလှည့်တော့ အောင်ပွဲခံထားလိုက်ဦးပေါ့လေ၊ အလှည့်ကျရင်သာ မနွဲ့စတမ်းပေါ့ ဟုတ်လား"

သူက အမြင်ကတ်စရာကောင်းလှတဲ့ အသံတစ်မျိုးနဲ့ ခပ်တိုးတိုးရယ်ရင်း . . .

"ကဲ . . . အလုပ်စ,တော့မှာလား၊ ဒီည မအိပ်လိုက်ရ







www.burmeseclassic.com

ဘဲ နေဦးမယ်နော်"

"ကဲ . . . စ . . . စ"

သူက ကြိုတင်ကြံရွယ်လာတဲ့အတိုင်း လက်ထဲမှာ ဘီးကအစ သားရေကွင်းပါးပါးကလေးတွေအဆုံး သူ့ အိတ်ထဲကနေ ထုတ်ယူလာတယ်။ ရိုးရာ သူ့ကို စိုက်ကြည့်နေမိရင်းကနေ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားလာမိတော့တယ်။ ဘုရား . . . ဘုရား။ ဒီရင်က ကိုယ့်ကိုယ်ကိုယ် ဆရာမကြီးစတိုင်လ်သာ ဖမ်းနေခဲ့တာ၊ ရင်ခုန်တိမ်းညွတ်စရာ အတွေ့အကြုံဆိုလို့ ဇီးရိုးလေ၊ ရိုးရာသက်တမ်းတလျှောက်မှာ ဘယ်ယောကျ်ားကလေးကမှ ရိုးရာရဲ့ဆံပင်တွေကို ခုလို တယုတယ ပိုင်စိုးပိုင်နင်း ကိုင်ခွင့်ရှိခဲ့တာမှ မဟုတ်တာ။ သူက ရိုးရာရဲ့နံဘေးမှာ သိပ်ကိုနီးနီးလေး ထိုင်နေပြီး ရိုးရာရဲ့ နားထင်ဘေးနားဆီက ဆံပင်တွေကို စပြီးတော့ ကျစ်ဆံမြီးကျစ်နေခဲ့တာ။ သူ့မျက်နှာနဲ့ သိပ်နီးကပ်နေတော့ သူ့နှာခေါင်းဆီက လွင့်လာတဲ့အသက် ရှူငွေ့နွေးနွေးကလေးကို ပါးပြင်ဆီမှာ ခံစားရတယ်။ သူ့ကိုယ်ခန္ဓာဆီကလည်း ယောကျ်ားဆန်တဲ့ ရနံ့တစ်မျိုး သင်းနေခဲ့တယ်။ ဩော် . . . ဒုက္ခပဲနော် . . . ခက်ခက်လှချည်။ ဒီနည်းဟာ သူ့ရဲ့ အထိရောက်ဆုံး ဆွဲဆောင်မှု တစ်မျိုးလား။





ကျစ်ဆံမြီးကလေးတွေ ကျစ်နေတဲ့ သူ့ရဲ့ လက်ချောင်းတွေဆီမှာ ရိုးရာ ပျော်ဝင်သွားရတော့မှာလား။ ဟင့်အင်း . . . နိုးဝေးပါ။

"တော်လောက်ပြီ၊ ကျွန်မ အိပ်ချင်ပြီ၊ ကြိုပြောထားမယ်နော်၊ နောက်ရက်တွေမှာ ကျောင်းထဲမှာလို လူမြင်ကွင်းမှာ လာကျစ်ပေးခွင့်မရှိဘူး၊ သူများတွေမြင်ရင် ကျွန်မသိက္ခာတွေ နေစရာတောင်ရှိတော့မှာ မဟုတ်ဘူး"

"ကိုယ်နားလည်ပါတယ်လေ၊ ဒါဆို ဒီနေရာကလေးကိုပဲ သတ်မှတ်လိုက်မယ်၊ ကိုယ် ညဆယ်နာရီလောက်ဆို လာခဲ့မယ်လေ"

သူ့အသံက ထူးထူးခြားခြား သရော်သံ ရယ်လိုသံ ခပ်ထွေထွေသံတွေမပါဘဲ သိမ်မွေ့ညင်သာလွန်းနေပြန်တယ်။ ရိုးရာ မပွင့်တစ်ပွင့် ခေါင်းညိတ်လိုက်ပြီး ခြံထဲ ပြန်ဝင်ဖို့ ထ,ရပ်လိုက်တယ်။ ကျစ်ဆံမြီးကလေးနှစ်ဖက်က နားထင်ရဲ့ တစ်ဖက်တစ်ချက်မှာ . . . ။

"ဂွတ်နိုက်(ထ်) ရိုးရာ"

"နိုက် (ထ်)"

ရိုးရာ ခြံထဲ အပြေးကလေး ပြန်ဝင်လာခဲ့မိတယ်။ ခြေလှမ်းတောင် ငါးလှမ်းမပြည့်သေးပါဘူး။ သူ လှမ်းခေါ်လိုက်

www.burmeseclassic.com

တဲ့ အသံကြောင့် ရိုးရာ ဖျတ်ခနဲလှည့်ကြည့်လိုက်မိတယ်။ သူက ဘယ်လိုစိတ်ကူးနဲ့မှန်းမသိ။ စကားတစ်ခွန်း လှမ်းပြောတယ်။

"ကိုယ်ကိုယ်တိုင်က 'အစစ်'ကို လိုချင်တယ်ဆိုရင် သူများကိုလည်း 'အတု' မပေးမိစေနဲ့လေ"

တဲ့။ ရိုးရာ မျက်မှောင်ကလေး ကုပ်ချလိုက်မိချိန်မှာပဲ သူက စက်ဘီးပေါ်တက်ပြီး လှစ်ခနဲ ထွက်ခွာသွားခဲ့ပြီ။ နေစမ်းပါဦး . . . ဘယ်သူက အတုတွေပေးနေတာလဲ။

• ⁓⁓ • ⁓⁓ •

# ယဉ်ကျေးမှု

(၈)





www.burmeseclassic.com

www.burmeseclassic.com

လှန်းထားထား
(ဆေးတက္ကသိုလ်)

သဥ်ကျေးမှု (၈)

ဒီလိုနဲ့ပဲ ရိုးရာရဲ့ခေါင်းဆီမှာ ကျစ်ဆံမြီးကလေးတွေ တစ်နေ့တခြား ပို့လို့ တိုးလာခဲ့တာ။ ကျောင်းက လူတွေက တော့ ရိုးရာ ကျစ်ဆံမြီးဒီဇိုင်းသစ်တွင်နေတယ်လို့ ထင်မယ်။ အမြဲတမ်း ဆံပင်ထူထူဖြောင့်ဖြောင့် ဒီဇိုင်းကလေးဆိုတော့ အဆန်းတကြယ်ပေါ့လေ။ ရိုးရာမှာတော့ ညတိုင်း ကိုယ့်နှလုံး သားကိုယ် တော်တော်ဆုံးမထိန်းကွပ်နေခဲ့ရတာ။ သူကတော့





www.burmeseclassic.com

www.burmeseclassic.com



အေးဆေး။ ရိုးရာမှာသာ ညတိုင်း လူကြီးတွေ အိပ်ချိန်မှာ သူ့အတွက် ကော်ဖီတစ်ခွက်နဲ့ ဆင်းတွေ့ပြီး သူ ကျစ်ဆံမြီး လာလာကျစ်တာကို ခံယူနေရတာကို သမီးရည်းစား ချိန်းတွေ့နေရသလို နောက်ကျောမလုံ ဖြစ်ရတာ ညတိုင်း။ ဘယ်နေ့များ ဖေဖေတို့ မတော်တဆ တွေ့သွားမလဲ စိုးရိမ်ကြောင့်ကြရတာလည်း တစ်မျိုးသော အမော။

ဒီနေ့တော့ ငြိမ်ငြိမ်ကလေးနေရာကနေ ရုတ်တရက် ရိုးရာမျက်နှာတစ်ခုလုံး ရှုံ့မဲ့ပစ်လိုက်တယ်။ ပြီးတော့ ဗိုက်ကို လက်နှစ်ဖက်နဲ့ ဖိအုပ်ထားပြီး တကျစ်ကျစ်စုပ်သပ် ညည်းမိတယ်။

“အား . . . ကျွတ် ကျွတ် နာလိုက်တာ၊ သေတော့မှာပဲ . . . ဗိုက်ထဲက အရမ်းအောင့်တယ် ကျုးရင့်”

သိပ်နာကျင်နေတဲ့ အသံနဲ့ ရိုးရာအော်တော့ သူ အငိုက်မိသွားခဲ့ပြီး တကယ်ထင်သွားခဲ့တယ်။

“ဘာဖြစ်တာလဲ ရိုးရာ”

“မသိဘူး . . . ဗိုက်ထဲက တအားအောင့်လာတယ် ရိုးရာမှာ အစာအိမ်ရှိတယ် . . . အစာအိမ်များပေါက်သလားမသိဘူး . . . နာလွန်းလို့ သေတော့မယ်”





သူ ပျာသွားတယ်။ ဝုန်းခနဲထ,ပြီး ရိုးရာကို ပွေ့ချီတယ်။ ရိုးရာက အကယ်ဒမီရှော့ခ် အပြည့်နဲ့ကို ဗိုက်ကို နှိပ်ပြီး ကိုယ်ခန္ဓာကို ပုစွန်တုပ်လိုကွေးထားတာ။

“ဟာ . . . မဖြစ်ဘူး . . . ဒါဆိုရင် ဆေးရုံအမြန်ပို့မှ ပေါ့၊ ရိုးရာ ကိုယ့် မင်းကို ဒီအတိုင်းပွေ့ချီပြီး တက္ကစီ ပြေးငှား လိုက်မယ်၊ ဒါမှမဟုတ် အိမ်သားတွေကို နှိုးလိုက်ရမလား၊ ဟာ . . . မဖြစ်သေးပါဘူး . . . တက္ကစီနဲ့ပဲ သွားမယ်ကွာ”

သူက ရိုးရာကို ပွေ့ချီရက်သားနဲ့ လမ်းထိပ်ဆီ အသားကုန်ပြေးတာ။ ရိုးရာ အံတင်းတင်းကြိတ်ထားပြီး ရယ်ချင်လွန်းလိုက်တာ။ နှုတ်ခမ်းကို နာနာကိုက်ထားရတယ်။ နေဦး သင်းကို မှတ်လောက်သားလောက်အောင်တော့ ပညာပေးလိုက်ဦးမယ်ဆိုပြီး လွှတ်ပေးထားလိုက်တယ်။ လမ်းထိပ်ရောက်တော့ သူမှာ ရိုးရာကို ပွေ့ချီလျက်သားပဲ တက္ကစီတားဖို့ ကြိုးစားတယ်။ ရိုးရာ တသိမ့်သိမ့် ကျိတ်ရယ်နေမိပြီ။ သူက အမတော့ ရိုးရာရယ်နေတယ်လို့ မထင်ဘူး။ နာလွန်းလို့ ငိုနေတယ်လို့ ထင်တာ။ တဖြည်းဖြည်း ရယ်သံထွက်လာတော့မှ သူ ဖြန်းခနဲ ငုံ့ကြည့်တယ်။

“ရိုးရာ မင်း ငိုနေတာလား ရယ်နေတာလား”



www.burmeseclassic.com

www.burmeseclassic.com

လို့ သံသယနဲ့ ပြန်မေးတယ်။ အဲဒီတော့မှ ရိုးရာ ပိုရယ်ချင်လာပြီး အသံထွက်အောင် ရယ်မိတယ်။

"ဟား ဟား ရှင် ဂိုးဝင်သွားပြီ ကျူးရင့်၊ ကျွန်မ ရှင့်ကို ဂိုးသွင်းလိုက်တာ၊ ဟားဟားဟား အမလေး ရယ်ရလွန်းလို့ ဗိုက်တောင်တကယ်နာလာတယ်"

"ဟာကွာ . . . ကျစ် လူဆိုးမလေး၊ ကိုယ် တကယ် ဟော့ဂ်အတက်(ခ်)တောင် ရတော့မလို့၊ ကိုယ့်မှာ ဟော့ထ် ဖြို့တယ်ဟ"

"အို . . . ဟုတ်လား၊ အံ့သြစရာကြီးနော် . . . ကျွန်မမှာလည်း အစာအိမ်ရှိတယ်လေ၊ ကဲ . . . ရှင့် အလှည့် ကျတော့ မနွှဲ့စတမ်းပေါ့လေ၊ မနက်ဖြန် ကျောင်းကင်နေပဲ အသင့်စောင့်နေပါ၊ ကျွန်မ ဘာခိုင်းမလဲဆိုတာ အဲဒီကျမှ ပြောမယ်"

ခုထက်ထိ ရယ်ရှိန်မသတ်နိုင်သေးတဲ့ ရိုးရာကို သူက စိတ်ဆိုးဟန်မပြဘဲ ပြုံးကြည့်နေခဲ့တယ်။ ရိုးရာမှာ သူ့ကို ပညာပေးဖို့ အကောင်းဆုံးနည်းလမ်းကို ရှာတွေ့ပြီးသား။ ဒီ တစ်ညတော့ ရိုးရာ တကယ်ပျော်မိတဲ့ ညပါ။





သူ့ကို ရိုးရာကားနဲ့ တင်ခေါ်လာခဲ့တာမို့ သူက သတိအနေအထားနဲ့ လိုက်လာခဲ့တယ်။

"ကိုယ့်ကို ဘယ်ခေါ်သွားမလို့တုံး ရိုးရာ၊ ဒိုး တော့မပြေးနဲ့နော် . . . ကိုယ် ကြောက်တယ်"

သူက ရွတ်နောက်နောက် ထေ့တော့တော့ ပြော နိုင်တုန်း။

"ရှင် ကြောက်ရမှာ ကြောက်ရမှာ မပူနဲ့၊ အာဖြုပြီးတော့ ကို အော်ရဦးမယ်"

ရိုးရာက waxing လုပ်တဲ့ခြံကလေးထဲ ကားဝင် လာ ခဲ့တယ်။

"ဟော့ . . . ကိုယ့်ကို ဘာတွေလုပ်မှာတုံး ရိုးရာ"

"ရှင့်ရဲ့ ခြေသလုံးမွေးတွေကို ဖယောင်းကပ်ခွာတွေနဲ့ ဆွဲခွာခိုင်းမှာလေ၊ ရှင်အော်တဲ့အသံကို နားထောင်မလို့"

"ဟာ . . .၊ ရက်စက်ပြီ . . . သူတော့ ကိုယ့်မှာ



www.burmeseclassic.com

www.burmeseclassic.com





ဒီခြေ သလုံးမွှေးတွေပဲ ချမ်းသာတာကွာ၊ ဒါတွေ ဖယောင်းနဲ့ ခွာပစ်တော့ ခြေသလုံးပြောင်ပြောင်ကြီး ဖြစ်ကျန်ခဲ့မှာပေါ့ ကိုယ်မနေတတ်ဘူးကွ"

"စကားမရှည်နဲ့ ဆင်ခြေမပေးနဲ့၊ ပြောင်ပြောင်ပဲနေ"

ရိုးရာက သူ့ကို လုပ်ပေးမယ့်ကောင်မလေးလက်ထဲ အပ်လိုက်ပြီး မညှာမတာခွာပေးဖို့ ဖယောင်းပူပူကလေး သုံးပေးဖို့ပါ အငြိုးတကြီးနဲ့ ကိုတ်မှာရတယ်။ သူ့ပုံစံက တော်တော်စိတ်လေနေတဲ့ဟန်။ ရိုးရာကတော့ လက်ပိုက်ပြီး တော့ကို စောင့်ကြည့်ဖို့ အဆင်သင့်။ ကောင်မလေးက ဖယောင်း ပူပူကပ်ခွာစက္ကူရှည်ကလေးတွေ သူ့ရဲ့ခြေသလုံးမှာ ကပ်ပေးတယ်။ သူက ကုတင်ရှည်ကလေးမှာ ပက်လက်ကလေး။ သနားစရာတော့ မကောင်းပါဘူး။ ရိုးရာကတော့ ခေါင်းပေါ်က ကျစ်ဆံမြီးရှည်ရှည် တွဲလောင်းကလေးတွေ တလှုပ်လှုပ်ခါ အောင်ကို သဘောကျနေမိတာ။

ခဏနေတော့ ကောင်မလေးက ဖယောင်းစက္ကူ ချပ်တွေ သူ့ခြေသလုံးဆီကနေ ဆွဲခွာတယ်။ သူ တစ်ချက်အော် ညည်းလိုက်တိုင်း ရိုးရာကတော့ ပျော်လို့။ ဘာကြောင့် ဒီစိတ်ကူးကို ရမိမှန်းလည်း မပြောတတ်ပါဘူး။ သူ့ကို အမြင်ကတ်လွန်းလို့ စပ်ဖျဉ်းဖျဉ်းကလေးကို နာကျင်ခံစားစေ ချင်နေမိတာ။ ပထမတော့ သူ့ကို တက်တူးတစ်ခုတောင် ထိုးခိုင်းဦးမလို့။ နောက်တော့ ဖျက်မရတဲ့ ဒဏ်ရာမျိုး မပေး ချင်တာနဲ့ ဒီမလောက်အဆင့်လေးနဲ့ပဲ ကျေနပ်လိုက်ရတာ။

သူ့မျက်နှာမှာ နာကျင်မှု တစ်ချက်တွေ့တိုင်း ရိုးရာ ကျေနပ်မိရင်း အားလုံးပြီးသွားချိန်မှာ ခြေသလုံးပြောင်ချော ကြီးနဲ့မို့ ရိုးရာ သဘောကျစွာ တခိခိရယ်မိတယ်။ သူ့ခြေသလုံး တွေက မိန်းမတစ်ယောက်ရဲ့ ခြေသလုံးတွေထက်တောင် လှနေသေး။ သွယ်လျကျစ်လျစ်နေတာလေ။

"ကဲ . . . ကျေနပ်ပြီလား အမိ၊ မိန်းမတွေများတယ် ခက်သကွး၊ သူတစ်ပါးရဲ့ မရှိမဲ့ရှိမဲ့ အမွှေးကိုတောင် ချမ်း သာမပေးချင်ဘူး၊ ခုတော့ အားလုံးပြောင်ပြီ . . . ကဲ"

သူ့မျက်နှာပေါ်မှာ စိတ်ဆိုးနာကျင်မှုမရှိ။ ပြုံးတောင် ပြုံးနေလိုက်သေး။ ရိုးရာက ဘာမှပြန်မပြောဘဲ သူ့ကိုသာ ခပ်ပြုံးပြုံး ပြန်ကြည့်နေလိုက်တယ်။

"ကိုယ့်ကို ကော်ဖီတိုက်ကွာ . . .၊ ဗိုက်ဆာလာပြီ"

ရိုးရာက Fuji House ဆီ မောင်းလိုက်တယ်။

"ပြောလို့ပြောတာ မဟုတ်ဘူးနော်၊ မင်းက ကျစ်ဆံမြီး





www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနဲ့ တကယ်လိုက်တယ်၊ အရမ်းလှတယ်ကွ"

သူက မိုးရာမျက်နှာဆီ သေသေချာချာစိုက်ကြည့်ရင်း ပြောတယ်။ မိုးရာက သူ့ကို မျက်စောင်းချိရင်း . . .

"ရှင်ကလည်း ခြေသလုံးပြောင်ပြောင်ကြီးနဲ့ ချောမှချော"

လို့ ပြန်ရွတ်လိုက်တယ်။ နှစ်ယောက်စလုံး လွတ်လပ်ပေါ့ပါးစွာ ရယ်မိကြတယ်လေ။

• ⁓ • ⁓ •





လူတစ်ယောက်ရဲ့ အကြောင်းဆိုတာ ပေါင်းကြည့်မှပဲ သိခွင့်ရလာတာမျိုးပါ။ ကျူးရင့်ကို သိစ,က အင်မတန်ချစ်ကန်ကန်နိုင်တဲ့ ပေါင်းရသင်းရ လက်ပေါက်ကတ်မယ့် ဆောင့်ကြွားကြွား အပေအတေကလေးလို့ မိုးရာ ထင်ထားခဲ့တာ။ သူ့ကို ဘယ်လိုမှ ကြည့်လို့မရနိုင်ခဲ့။ ဆရာကြီးသမ္မာကြီးစတိုင်လ်ဖမ်းပြီး ပညာတွေ တတ်ကျွမ်းလွန်းတဲ့ မာယာသည်တစ်ယောက်လို့လည်း ထင်ခဲ့မိတာ။ မိုးရာတို့ တွေ့ဆုံခဲ့တာကိုတ ကောင်းသောတွေ့ဆုံခြင်းမှ မဟုတ်ခဲ့တာ။ 'မချစ်မိကြေး" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ဟန်ဆောင်ထားတဲ့ အတုအယောင်တွေနဲ့ ဆွဲဆောင်ဖြားယောင်းနေခဲ့ကြတာလေ။

ဒါပေမယ့် တစ်ခါတစ်ရံမှာ စိတ်လိုလက်ရ စကားပြောကြည့်ရင် သူဟာ နားထောင်ပေးတတ်သူ . . . စကားကိုသုံးပြီး ဖြတ်မပြောတတ်သူ . . . စိတ်ကူးကောင်း အကြံဉာဏ်



www.burmeseclassic.com

ကောင်းကလေးတွေ ပေးတတ်သူမှန်း ရိုးရာ အလိုလိုနေရင်း သတိထားလာခဲ့မိတာပါ။ သူ့ရဲ့ ပင်ကိုယ်စရိုက် အမှန်ကို ဟန်ဆောင်မှုတွေကြားကနေပဲ ရိုးရာ ဆွဲယူဖမ်းထုတ်ကြည့် ရတာပါ။

သူ့ဘက်ကလည်း ရိုးရာနဲ့ပတ်သက်ပြီး ပွင့်လင်းတဲ့ ဝန်ခံမှုတွေ လုပ်လာခဲ့သေးတာ။

"ကိုယ် အရင်တုန်းကတော့ ရိုးရာကို တော်တော် အမြင်ကတ်တာကွ . . . သိလား၊ သူ့ကိုယ်သူ သိပ်လှတယ်ဆို ပြီး သွေးနားထင်ရောက်နေတဲ့ မိန်းမလို့ ထင်ခဲ့တာ၊ ဒီကြားထဲ ယောကျ်ားတွေ တော်တော်များများကို ပညာတွေ စွတ်ပေးနေ တာဆိုတော့ ကြည့်လို့ကိုမရတော့ဘူး၊ တော်တော် ပေါင်းရ သင်းရ လက်ပေါက်ကတ်မယ့် မိန်းကလေးလို့ ထင်ခဲ့မိတာ တကယ် အနီးကပ်ပေါင်းကြည့်တော့မှ ရိုးရာက တကယ် ခင်ဖို့ကောင်းတဲ့မိန်းကလေးမှန်း သိခွင့်ရလာတာ၊ တစ်ခါတစ်ခါ ရိုးရာရဲ့ အဖြူခံစိတ်ကလေးကို ကိုယ်မြင်ရတယ်"

"အဲဒါ တကယ်ပြောနေတာလား၊ ကျွန်မကြွေအောင် ပြောနေတာလား"

"တကယ်ပြောတာပါ၊ မင်းမှာ တကယ် အဆိပ် မရှိပါဘူး ရိုးရာ၊ အဆိပ်ရှိချင်ဟန်ဆောင်ထားတာပါ . . . ဟုတ်တယ်မှလား"

"ရှင်ပဲပြော . . ."

ဘာပဲဖြစ်ဖြစ် သူ အမှန်အတိုင်းပြောနေတယ်ဆိုတာ ရိုးရာယုံပါတယ်။ တဖြည်းဖြည်းနဲ့ ရိုးရာတို့နှစ်ယောက်ဟာ ပိုပြီးနီးကပ်လာတယ်။ တစ်ယောက်အကြောင်း တစ်ယောက် အထာကို ပိုသိလာခဲ့တယ်လို့ ဆိုရမယ်။ တစ်ခါတစ်ရံ ပြောမနာဆိုမနာရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်လိုတောင် ခံစားလာမိတဲ့အထိ . . .။ သူ့မှာလည်း အဆိပ်မရှိဘူးဆိုတာ ရိုးရာ တဖြည်းဖြည်းနဲ့ သိခွင့်ရလာခဲ့တာပါ။

• ⁂ • ⁂ •



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အဲဒီညကတော့ တော်တော်ကို ထူးဆန်းတယ်။ ရိုးရာရဲ့ ခေါင်းတစ်ခေါင်းလုံး ကျစ်ဆံမြီးတွေ ထပ်ကျစ်စရာ မလိုတော့အောင် လုံးဝပြည့်သွားတဲ့နေ့ပေါ့။ ညတိုင်း အချိန်မှန်မှန် သူရောက်လာတတ်ပြီး ကျစ်ဆံမြီးကလေးတွေ နှစ်ချောင်းရရ သုံးချောင်းရရ စိတ်ရှည်လက်ရှည် ကျစ်ပေးသွားပြီး စကားစမြည်ကလေးပြော ကော်ဖီသောက်ပြီးမှ ပြန်သွားတတ်တာ နှစ်ပတ်လောက်ကို ကြာမြင့်ခဲ့တာပါ။ ဒီနှစ်ပတ်အတွင်းမှာ တစ်ခါတစ်ရံ သူ တမင်သက်သက် ဆွဲဆောင်နေတာပါလားဆိုတာကို လုံးဝမေ့လျော့သွားမိတဲ့အထိ ရိုးရာ ကြည်နူးစွာ သာယာပျော်ဝင်ခဲ့မိဖူးတာကို ဝန်ခံချင်ပါတယ်။ သူ့ရဲ့ ပြားယောင်းမှုတွေဟာ အတုတွေမှန်းသိရက်နဲ့ အစစ်တွေလို ထင်မှတ်မှားပြီး သာယာတိမ်းမူး အငိုက်မိသွားတတ်တာဟာ . . . သူကပဲ ညို့နိုင်လွန်းခဲ့တာလား ရိုးရာကပဲ နမော်နမဲ့ သတိလက်လွှတ် နိုင်ခဲ့မိတာလား မပြောတတ်တော့ပါ။

ခေါင်းမှာ ကျစ်ဆံမြီးလေးတွေနဲ့ တစ်မျိုးဆန်းသစ်လှပနေတာကို မှန်ထဲမှာ ရိုးရာငေးကြည့်မိတိုင်း နှုတ်ခမ်းကလေးတွေက အလိုလိုပြုံးလာမိတတ်တယ်။ ဒီကျစ်ဆံမြီးတွေကို ပြန်မဖျက်ပစ်ရက်သေးဘူး။ နှမြောနေမိတယ်။ ညဆယ်နာရီမှာ သူ ရောက်မလာတော့ဘူး။ ရိုးရာ မျှော်မိသေးတယ်။ ဘာအတွက်လဲ . . .။ ရင်ထဲမှာ လှမ်းသလိုလို တစ်မျိုးလေးဟာနေတာမို့ ကိုယ့်ကိုယ်ကိုယ်လည်း အမြင်ကပ်မိပါရဲ့။

သူ မလာတဲ့အဆုံးမှာ ရိုးရာ သူ့ဆီ ဖုန်းခေါ်မိတယ်။ သူ ဖုန်းမကိုင်။ မကိုင်မှန်းသိတော့ ဘာဖြစ်လို့ပါလိမ့် ဆိုတဲ့ သိချင်မှုနဲ့ အထပ်ထပ်ခေါ်မိတယ်။ missed calls တွေ သူ့ဆီမှာ အများကြီး ပေါ်နေမှာပဲ။ သူ ပြန်ခေါ်သင့်တယ်။ ဒါဟာ ဘာသဘောလဲလို့ ရိုးရာတွေးမိတယ်။ သူ ရိုးရာကို စမ်းသပ်နေတာလား။ ရိုးရာကရော ဘာဖြစ်နေတာလဲ။ သူတောင်မှ နေနိုင်သေးရင် ပစ်ထားလိုက်ပါလား။ ရိုးရာနဲ့သူ့အကြားမှာ မငြိတွယ်ကောင်းတဲ့ စိန်ခေါ်မှုတစ်ခုက ရှိနေခဲ့ပြီးသားလေ။ အဆုံးသတ်ဇာတ်သိမ်းမှာ ဘာဖြစ်မယ်ဆိုတာ ကြိုသိထားရက်နဲ့ မလိမ္မာရင် ကိုယ်ခံစတမ်းပေါ့။ အဲဒီည တစ်ညကို လုံးဝ ပကတိ တိတ်ဆိတ်စွာနဲ့ ဖြတ်သန်းကြည့်တယ်။ ဒါပေမယ့်





www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာကောင်းတာက သူနဲ့ စကားအရမ်း ပြောချင်နေတာကို ဆာလောင်မွတ်သိပ်မှုတစ်ခုလို ခံစားနေမိတာပါ။ အရမ်းသတိရတယ်။ ရိုးရာ ဘာဖြစ်နေတာလဲ။ ဒါဟာကောင်းတဲ့ရလဒ်တော့မဟုတ်။ ရင်ဘတ်ထဲမှာ အောင့်သီးအောင့်သက်နဲ့ လှုပ်ဟာမှုဟာ ရိုးရာအတွက်တော့ ယောကျ်ားတစ်ယောက်အတွက် ခံစားမိတဲ့ ပထမဆုံးဝေဒနာပါ။ ဟင့်အင်း ... ဒီပွဲမှာ ရိုးရာရှုံးလို့မဖြစ်။ သူ့ကို အနိုင်မပေးနိုင်ပါ။ ဒီတော့ သူ့ရဲ့ လွမ်းမိုးမှု ... ဆွဲဆောင်မှု ... ဖမ်းစားမှု မပါဘဲ ရိုးရာ ဒီတစ်ည အိပ်ကြည့်မယ်။ ခက်တာက ရိုးရာ အိပ်လို့မပျော်ပါ။ သူ့အကြောင်း မတွေးဘူးလို့ ကိုယ့်စိတ်ကို ချုပ်ထိန်း ကြည့်လေ ... ပိုပြီးတော့ တွေးမိလေ ... အဲဒါကို ကိုယ်တိုင်တောင် သတိမထားမိ။ သတိထားမိချိန်မှာ သူ့ အကြောင်း တွေးနေမိရက်သား ... ဟင့်အင်း ... ရိုးရာ တစ်ခါမှ ခုလို မခံစားခဲ့ဖူးပါဘူး။

ထူးဆန်းတာက တစ်ညလုံး တစ်ရေးမှ မပျော်ခဲ့တာပါ။

•~•~•





နောက်တစ်နေ့ ကျောင်းရောက်တော့ သူ့ကို လိုက်ရှာမိတယ်။ မတွေ့။ ဖုန်းခေါ်ကြည့်လည်း မကိုင်။ အဲဒါ ဘာဖြစ်တာလဲ။ တစ်ခုခုတော့ မှားနေပြီမှန်း သိလိုက်တယ်။ သူ့သူငယ်ချင်းတွေကို လိုက်ရှာပြီး မေးကြည့်တယ်။ သူငယ်ချင်းတွေက တအံ့တသြ။

"ကျွန်တော်တို့လည်း ဒီကောင့်ကို လိုက်ရှာနေတာ၊ ဖုန်းဝ အဆက်အသွယ်လုပ်လို့ မရဘူး၊ ဒီကောင် ဘယ်ပျောက်နေမှန်းကို မသိတာ"

ဆိုတဲ့ အဖြေကိုပဲ မရေမရာ ရတယ်။ ကျူးရင့်ကဲ့ဘက်များသူတစ်ယောက်မို့ သူ တမင်သက်သက်များ ပုန်းရှောင်နေတာလားလို့ သံသယဖြစ်မိသေးတယ်။ နောက်တော့ ဖြည်းဖြည်း စိုးရိမ်ပူပန်တဲ့ဘက်ကို ကူးလာတယ်။ သူ တစ်နေရာရာမှာများ တစ်ခုခုဖြစ်နေသလား။ ဒီလိုနဲ့ပဲ သူ့အိမ်အထိ စိုးရိမ်တကြီးလိုက်သွားမိတယ်။ သူ့မေမေနဲ့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

"ကျွန်မ ရိုးရာမေပါ အန်တီ၊ ကျူးရင့်ရဲ့ သူငယ်ချင်းပ[...]

သူပျောက်နေလို့ . . . ဘယ်မှာများရှိနိုင်မလဲလို့ပါ၊ ကျောင်[...]

မှာလည်းမတွေ့ဘူး . . . ဖုန်းလည်း ဆက်လို့မရဘူး"

"အေး . . . သမီးရယ်၊ သူ့ သူငယ်ချင်းတစ်ယောက်[...]

ပြည်ကို လိုက်သွားမယ်လို့ ပြောတယ်၊ သားက မှာသွားသေ[...]

တယ်၊ ရိုးရာမေဆိုတဲ့ မိန်းကလေးတစ်ယောက် လာမေးခဲ့ရ[...]

ဒီစာအိတ်ကလေး ပေးပေးပါတဲ့၊ သားက ဒီလိုပဲ သမီးရေ[...]

. . . ၊ သူငယ်ချင်း သိပ်ခင်တယ်၊ ပြည်ဆိုပြီး ပုဂံထိ ပါခဲ့[...]

ပါသွားတတ်တာ၊ အမေကို စိတ်မပူအောင်တော့ ရောက်ရ[...]

အရပ်ကနေ ဖုန်းဆက်ဖော်ရလို့ တော်သေးတယ်၊ ခဏလေ[...]

နော် သမီး၊ အန်တီ သားရဲ့စာအိတ်ကလေး သွားယ[...]

လိုက်ဦးမယ်"

ရိုးရာရင်ထဲ သိချင်ပြင်းပြမှုနဲ့ အခုန်မြန်လာတယ်။ [...]

မေမေက စာအိတ်ကလေးတစ်အိတ် လှမ်းပေးတာ မို့ . . .

အလောတကြီးပဲ သူ့မေမေရှေ့မှာ ဖွင့်ဖတ်လိုက်မိတယ်။ ရ[...]

တရက် ပါးပြင်နှစ်ဖက်လုံးမှာ ရှိန်းမြပူနွေးသွားတဲ့ ခံစား[...]

ရိုးရာ စာရွက်ကလေးကို လုံးထွေးဆုပ်ကိုင်ထားလိုက်မိတ[...]







. . . ။ တစ်ခါမှ ခုလို အရှက်မရခဲ့ဖူးပါ။

"ကျွန်မကို ခွင့်ပြုပါဦး အန်တီ"

"အေး . . . အေး သမီး၊ သားပြန်လာရင်

[...]ဘာပြောပေးရမလဲ၊ မှာချင်မှာခဲ့လေ"

"ကစားပွဲ ပြီးသွားပြီ . . . လို့ပဲ ပြောပေးပါ အန်တီ"

"ဟော . . . အေး အေး"

ရိုးရာ ကား သူ့ခြံထဲက အထွက်မှာ စက္ကူလုံး ကလေး

[...] ဒေါသတကြီး ပစ်ပေါက်ခဲ့မိတယ်။ ဘာမှရေးမထားတဲ့

[...]ရွက်ဗလာတစ်ရွက်ဟာ ရိုးရာတစ်ကိုယ်လုံးကိုတော့ နေရာ

[...]ယ် မကျန်အောင် စပ်ဖျဉ်းနာကျင်စေနိုင်စွမ်းရှိပါတယ်။

[...]တ်ကားခံရပြီဆိုတဲ့ အချိန်မှာမှ မာနနဲ့ ခံပြင်းမှုက ရှန်းကြွ

[...]ာခဲ့တာ။

"တောက်"

နေပါဦး။ ရိုးရာ သူ့ဆီက ဘာကိုမျှော်လင့်ခဲ့တာလဲ။

[...]ိုးသားမှုနဲ့ စတင်ခဲ့တဲ့ ဒီဇာတ်လမ်းဟာ မရိုးသားမှုနဲ့ပဲ

[...]ဆုံးသတ်ရမှာ မဟုတ်ဘူးလား။ အစစ်ကို မျှော်လင့်မိသူ

[...]ာ အရှုံးလေ။

• ~~~ • ~~~ •



www.burmeseclassic.com

www.burmeseclassic.com

# ယဉ်ကျေးမှု

(၉)

www.burmeseclassic.com

www.burmeseclassic.com

"တစ်စုံတစ်ယောက်ကို စိတ်ချယုံကြည်ပေးလိုက်တာဟာ ယဉ်ကျေးမှုတစ်ခုပါ"

www.burmeseclassic.com

www.burmeseclassic.com

လွန်းထားထား
(ဆေးတက္ကသိုလ်)

ယဉ်ကျေးမှု (၉)

အင်းလျားရေပြင်ကြီးက သူ့ကက္ကနွေနဲ့သူ ရင့်ကျက် တည်ငြိမ်လို့။ ကျူးရင့်ဆိုတဲ့ လူတစ်ယောက်ရဲ့ မျက်နှာထား ကလည်း အင်းလျားရေပြင်နဲ့အပြိုင် အေးစက်ငြိမ်သက်လို့ပါ။ မိုးရာကိုယ်တိုင်လည်း တည်ငြိမ်ဟန် ဆောင်ထားပါတယ်။ ဒါပေမယ့် ရင်ထဲမှာတော့ မုန်တိုင်းထန်နေပြီ။

"ကစားပွဲ တကယ်ပြီးပြီလား ရိုးရာ"


www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီလေ၊ ပြီးဖို့သင့်ပြီပေါ့၊ ရိုးသားမှုမပါတဲ့ ဒီပွဲကို ဘယ်လောက်ထိကြာအောင် ဆွဲဆန့်ကစားနေမလို့လဲ"

"ရပါတယ် ကိုယ့်ဘက်ကတော့ ရယ်ဒီပါပဲ ... ကိုယ်က မင်းကို စောင့်နေခဲ့တာ၊ မင်း ကိုယ့်ကိုများ စိတ်ဆိုးနေတာလား ရိုးရာ၊ ပြည်ကို လိုက်သွားမိတဲ့ကိစ္စ မင်းကို အသိမပေးတဲ့ကိစ္စ ဖုန်းယူမသွားမိတဲ့ ကိစ္စတွေဟာ ကိုယ် စနစ်တကျ စီစဉ်သွားခဲ့တာပါ၊ ပြီးမှ မင်းကို ပြန်ပြောပြမလို့ပါ၊ ကိုယ် 'လွမ်းတမ်း' ကစားကြည့်ခဲ့တာပါ၊ တစ်ချိန် မှာ မင်းနဲ့ဝေးသွားရင် အဆက်အသွယ် မရှိတော့ရင် ကိုယ်ဘယ်လောက်ထိ လွမ်းမလဲ ဆိုတာ သိချင်လို့ စမ်းသပ်ကြည့်တဲ့သဘောပါ"

ရိုးရာ သူ့ကို စိတ်ဝင်တစားကြည့်မိပါတယ်။ သူ့မျက်လုံးတွေက ညို့ရိပ်ဆင်လွန်းစွာနဲ့ ရိုးရာဆီ လှမ်းကြည့်နေခဲ့တာမို့ မျက်လုံးချင်းအရှိန်ပြင်းစွာ ထိခတ်မိကြတယ်။

"ကိုယ်မလိမ်ဘူး၊ မင်းကို အရမ်းလွမ်းတယ် ... သိလား၊ မင်းရော"

ဟင့်အင်း။ သူတကယ်ပြောနေတာဟု ရိုးရာ မယုံချင်ပါ။

"ကျွန်မကတော့ စာရွက်ဗလာကြီးနဲ့ကို နင်သွားခဲ့တယ်၊ ရှင် ကျွန်မကို သက်သက်ပညာပြတာလို့ ... ကျွန်မ ယူဆတယ်၊ ဟုတ်တယ်မှုလား ... အဲဒါ ဘာအဓိပ္ပာယ်လဲ၊ ကျွန်မ သိချင်တယ်"





"ရိုးရာ ...၊ မင်းက ပါးနပ်မလိုလိုနဲ့ တော်တော်တုံးတယ်နော်၊ ကိုယ်ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကို မင်းက ဟလွဲကြီး အဓိပ္ပာယ်ကောက်တာကိုး၊ အသံမပါတဲ့ စကားလုံးတွေက ပိုပြီးတော့ အင်အားရှိတယ်လို့ ... ကိုယ်ဆိုလိုချင်တာ၊ မင်းအတွက်ပြောဖို့ စကားလုံးတွေ ကိုယ့်ရင်ထဲမှာ ပျောက်ဆုံးကုန်ပြီလို့ ကိုယ်ဆိုလိုချင်တာ"

"ကျွန်မ ရှင့်ကို မယုံတော့ဘူး ကျူးရင့်"

"မယုံတာဟာ ... မယဉ်ကျေးတာပဲ ရိုးရာ၊ တစ်စုံတစ်ယောက်ကို စိတ်ချ ယုံကြည်ပေးလိုက်တာဟာ ... ယဉ်ကျေးမှုတစ်ခုပါ"

ရိုးရာ သူ့ကို စူးရှစွာ ကြည့်မိတယ်။

"ထားလိုက်ပါတော့ ... ကျွန်မ မယဉ်ကျေးဘူးလို့ပဲ၊ ကျွန်မ စ,ပြောမယ် ... ရှင့်ကို ကျွန်မ လုံးဝ မချစ်မိခဲ့ဘူး၊ ရှင့်ရဲ့ ပြားယောင်းမှုတွေ ဆွဲဆောင်မှုတွေက အဆင့်မြင့်ပါတယ်၊ ပညာလည်းပါ,ပါတယ်၊ ဒါပေမယ့် ကျွန်မကိုယ်ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com





ကာကွယ်နိုင်ခဲ့တယ်၊ ရှင့်ဆီမှာ ကျွန်မ လုံးဝ မကျဆုံးခဲ့ဘူး၊ ဒီလောက်ဆို ကျွန်မ့ မရှုံးဘူးပေါ့၊ ရှုပြီလား"

ရိုးရာ အဲဒီစကားတွေကို တည်တည်ငြိမ်ငြိမ်ပဲ ပြောခဲ့တာပါ။ သူက မမှိတ်မသုန် စိုက်ကြည့်နေတယ်။ ရိုးရာရဲ့ မျက်လုံးတွေထဲမှာ တစ်ခုခုကို ရှာဖွေနေတဲ့ ပုံစံမျိုး။ ရိုးရာက ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်ကောင်းသူ တစ်ယောက်လို့ ယုံကြည် ပြီးသားလေ။

"ကဲ . . . ရှင့်အလှည့် . . . ပြော"

"ကိုယ် တစ်ခုလောက် အရင်မေးပါရစေ၊ မင်းခေါင်းက ကျစ်ဆံမြီးတွေဘာလို့ မဖြည်သေးတာလဲ"

သူက ခပ်ဆဆမေးတယ်။ ရိုးရာမျက်နှာပျက်သွား မယ်ထင်ပါရဲ့။

"အဲဒါ ဘာဖြစ်လို့လဲ၊ ကျွန်မ ပြန်မဖြည်ချင်သေးလို့ပေါ့"

"ဟုတ်လား၊ ထားလိုက်ပါတော့လေ၊ ကဲ . . . ကိုယ် ပြောပါ့မယ်၊ ကိုယ်အမှန်အတိုင်းပြောရမှာလား၊ ညာပြော ရမှာလား"

"ရှင့်သဘောပဲ၊ ကြိုက်သလို ပြောနိုင်တယ်



ကျွန်မသိချင်တာ အနိုင်အရှုံးပဲ"

"သေချာစဉ်းစားပါဦး ရိုးရာရယ်၊ အနိုင်အရှုံးကို သိချင်တာလား ကိုယ့်ဆီကဝန်ခံမှုကို သိချင်တာလား"

သူ့စကားက တစ်ခုခုကို ရည်ရွယ်နေမှန်း ရိုးရာ သိတယ်။ တကယ်တော့ သူ ဝန်ခံတာကို ရိုးရာ ပိုသိချင်နေခဲ့ တာပါ။

"ကျွန်မ အနိုင်အရှုံးကိုပဲ စိတ်ဝင်စားတယ်ဆိုရင် ကော"

သူက ရိုးရာကိုပဲ ခပ်စူးစူး စိုက်ကြည့်နေတယ်။ သူ ချင်မှ ယုံလိမ့်မယ်။ သူ မယုံလည်း ရိုးရာ ဂရုမစိုက်ချင်။

"ကောင်းပြီ . . . ၊ ဒါဆိုရင် အနိုင်အရှုံးကိုပဲ ကိုယ်ပြောတော့မယ်၊ 'မချစ်မိကြေး' ဆိုတဲ့ကိုယ်တို့နှစ်ယောက်ရဲ့ ခေါ်ပွဲရဲ့ စည်းကမ်းအရဆိုရင် ကိုယ်ရှုံးခဲ့ရင် ဆိုလိုတာက မင်းကို ကိုယ်ချစ်မိသွားခဲ့ရင် မင်းနဲ့ အဝေးဆုံးမှာနေရမယ်၊ မင်းရဲ့မြင်ကွင်းထဲမှာ ကိုယ့်ကို မမြင်စေချင်ဘူး၊ အရိပ်ကလေး တောင် မမြင်ချင်ဘူး၊ မတော်တဆတောင် မဆုံချင်ဘူး . . . တ်ဘယ်နေ့၊ အဲဒါကြောင့် ကိုယ်မရှုံးချင်ဘူး ရိုးရာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် မင်းကို မရှောင်နိုင်ဘူး၊ မရှောင်



www.burmeseclassic.com

www.burmeseclassic.com





ချင်ဘူး၊ မတော်တဆကလေးဖြစ်ဖြစ် မင်းနဲ့ ပြန်ဆုံချင်မိသေးတယ်၊ ဒါကြောင့် ကိုယ့်အဖြေက မင်းနဲ့ထပ်တူပဲ . . . မင်းကို ကိုယ် လုံးဝ မချစ်မိခဲ့ဘူး ရှီးရာ"

ရှီးရာ နားထဲ ခါးသက်သွားခဲ့တယ်။ တကယ်တော့ ဒီအဖြေကို ရှီးရာမျှော်လင့်ထားခဲ့ပြီးသားပါ။ ဒါပေမယ့်လည်း သူ့နှုတ်ကထွက်တဲ့ စကားသံကို နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတဲ့အချိန်မှာတော့ နှလုံးသားတည့်တည့်ကို တစ်ခုခုက အရှိန်ပြင်းပြင်းနဲ့ ဝင်ဆောင့် တိုက်ပစ်လိုက်တာကို ခံလိုက်ရသလိုပဲ . . . လွင့်စင်သွားခဲ့တာ။

"ကျွန်မတို့ စည်းကမ်းတစ်ခုတော့ ရှိခဲ့တယ်နော် မလိမ်ကြေးဆိုတာ"

"မင်းက ကိုယ် လိမ်နေတယ် ထင်လို့လား၊ အဲဒါဆိုရင် ကိုယ့်ဘက်ကလည်း မင်းလိမ်နေတာလို့ ထင်ခွင့်ရှိတယ်နော် လူတိုင်း . . . အနည်းဆုံးတော့ ကိုယ့်ကိုယ်ကိုယ် ပြန်လိမ်နေတတ်ကြတာ ဘာမှမထူးဆန်းဘူး ရှီးရာ"

"ကဲပါ . . . ထားလိုက်ပါတော့၊ ဒီပွဲမှာ ကျွန်မလည်း မရှုံးဘူး၊ ရှင်လည်း မရှုံးဘူးဆိုပါတော့ ဒါဆိုရင် သရေပေါ့ ဟုတ်လား"

"ဒါပေါ့ . . . ၊ မင်း ကျေနပ်ရဲ့လား"

"ဩော် . . . ၊ မကျေနပ်လို့မှ မရတာလေ၊ ကျေနပ်တယ်ပဲ ထားလိုက်ပါတော့"

"ရှီးရာ"

"ဘာလဲ . . ."

"ဟားဟား ထူးပုံကတော့ ယဉ်ကျေးတယ်နော်၊ မင်းကို တစ်ခု ပြောခဲ့ချင်လို့ပါ"

"ပြော . . ."

"ချစ်ခြင်းဆိုတာ . . . သိပ်ကို တန်ဖိုးထားစရာကောင်းတဲ့ ယဉ်ကျေးမှုတစ်ခုပါကွာ၊ အဲဒီချစ်ခြင်းကို မင်းလေးမစား ကပျက်ကရယ် မလုပ်သင့်ပါဘူးလို့၊ ချစ်ခြင်းမှာ မြင့်မြတ်ထားတဲ့ ယဉ်ကျေးမှုတွေရှိတယ်"

"ဟုတ်ကဲ့ . . . ၊ လေးစားပါတယ်ရှင်"

ရှီးရာ ခပ်ရွဲ့ရွဲ့ကလေး ပြောလိုက်တယ်။ သူ ဆရာကြီးစတိုင်လ်ဖမ်းနေတာကိုပဲ ကြည့်မရချင်တာ။ ရှီးရာ စိတ်ထဲ သူ့ကို စိတ်ချဉ်ပေါက်လာတယ်။

"ရှင် သိလား၊ အချစ်မှာ မလိမ်မညာရဘူး၊ အဲဒါလည်း ယဉ်ကျေးမှုတစ်ခုပဲ"





www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကို ပြောပြီးတာနဲ့ ရိုးရာ သူ့ကို နှုတ်ဆက်တော့ဘဲ လှည့်ထွက်လာခဲ့တော့တယ်။ ရိုးရာ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်မိတယ်။ ရိုးရာကရော ယဉ်ကျေးမှု ရှိပါရဲ့လားလို့လေ။

• ~~~ • ~~~ •

သူနဲ့ရိုးရာကြားမှာ ပြီးဆုံးသွားကြတာလည်း မဟုတ် . . . ဝေးလွင့်ပြတ်စဲသွားကြတာလည်း မဟုတ်၊ မုန်းတီးကြည့်မရ ဖြစ်နေကြတာလည်းမဟုတ်ဘဲ ဖြုန်းခနဲ သူစိမ်းဆန်သွားခဲ့ကြတဲ့ အဖြစ်မျိုးပါ။ ရိုးရာနဲ့သူ မဆုံဖြစ်တော့သလို တစ်ယောက်နဲ့တစ်ယောက် ဖုန်းဆက်တာ၊ မက်ဆေ့ချ်ပို့တာတွေလည်း မလုပ်ဖြစ်တော့တာ။ သူလည်း သူ့လမ်းသူ ဆက်လျှောက်နေသလို ရိုးရာလည်း ကိုယ့်ဘဝထဲမှာ ပုံမှန် ပြန်လည်ပျော်မွေ့ရှင်သန်နေမိတော့တာ။ မတော်တဆ လမ်းမှာ ဆုံမိကြရင်တော့ ပြုံးပြ နှုတ်ဆက်မိကြပါတယ်။ ရိုးရာ ဖြစ်စေချင်ခဲ့တဲ့အတိုင်း ရိုးရာကို တမင်သက်သက်လိုက်ပြီး ရိတာသော့တာ၊ ပညာပေးတာ နှောင့်ယှက်တာမျိုး မရှိတော့တာမို့ စိတ်အနှောင့်အယှက်ဖြစ်ရတာ၊ စိတ်ဆိုးဒေါသထွက်ရတာမျိုးတွေ မရှိတော့ပေမယ့် ရိုးရာရင်ဘတ်ထဲမှာ တစ်ခုခုဆို့အပ်နေသလိုပဲ လှပ်ဟာနေမှုကို သိသိသာသာပဲ ခံစားနေရ




www.burmeseclassic.com

www.burmeseclassic.com

တာ။ တနည်းအားဖြင့် ရိုးရာ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ဝန်ခံရရင် ရိုးရာ သူ့ကို လွမ်းနေမိတာ။ ကြက်တူရွေးကလေး၊ ခွေးကလေး၊ ကြောင်ကလေးတွေက ရိုးရာကို ပိုပြီးတော့ လွမ်းစေတယ်။ စကားတွေအများကြီးပဲ ပြောခဲ့ကြတာ . . . ကစားပွဲကလေးတွေ ကစားခဲ့ကြတာကိုလည်း လွမ်းမိတယ်။ သူ ဆိုပြခဲ့တဲ့ သီချင်းကို မတော်တဆ ဖွင့်မိတဲ့အခါ . . . ခေါင်းတစ်ခေါင်းလုံး ကျစ်ဆံမြီးတွေအပြည့် စည်းနှောင်ထားတဲ့ မိန်းကလေးတစ်ယောက်ကို အမှတ်မထင် တွေ့မိတဲ့အခါ ရိုးရာ သူ့ကို လွမ်းမိတတ်တယ်။ သူရော . . . ရိုးရာကို တကယ် မလွမ်းမိဘူးတဲ့လား တကယ် မချစ်မိဘူးတဲ့လား။ ဟင့်အင်း ရိုးရာ မယုံပါ။

ရိုးရာ နည်းနည်းတော့ ပြောင်းလဲသွားခဲ့တယ်။ အဲဒါက ဘာလဲဆိုတော့ ရိုးရာဆီ ချဉ်းကပ်လာတတ်တဲ့ သကောင့်သားတွေကို ပညာမပေးမိတော့တာပါ။

"ကျွန်မ . . . စိတ်မဝင်စားဘူး"

ဆိုတဲ့ စကားကို ယဉ်ယဉ်ကျေးကျေးနဲ့ ချိုချိုသာသာပဲ ပြောတတ်ခဲ့ပြီ။ ဇွတ်တရွတ်သမားဆိုရင်တော့ နည်းနည်းပိုပြီး အတိုက်အခံပြောရတာပေါ့လေ။ အဲဒါထက် မပို





တော့ဘူး။ မျှော်လင့်ချက်ကလေးပေးပြီး ရက်စက်တဲ့ ပညာပေးမှုမျိုးကို မလုပ်ဖြစ်တော့တာပါ။ ထာဝရနဲ့ သော်ကကတော့ အံ့ဩစွာနဲ့ မှတ်ချက်ပေးကြတယ်။

"ရိုးရာ . . . ရှင် နည်းနည်းတော့ ပြောင်းလဲသွားတယ်၊ ဟုတ်တယ်မှလား၊ အဲဒါကျူးရင့်ကြောင့်လား"

"မဟုတ်ပေါင်၊ ငါ့ကို ဘယ်သူကမှ ပြောင်းလဲအောင် မလုပ်နိုင်ပါဘူး၊ ငါဘာသာပဲ ပြောင်းလဲချင်လို့ ပြောင်းလဲတာမျိုးပဲ ဖြစ်မှာ"

ရိုးရာက တစ်စက်ကလေးမှကို မလျှော့ချင်တာ။ သူ့ကို သတိရမိတာကိုလည်း ဝန်မခံချင်ဘူး။ လွမ်းနေမိတဲ့ ခံစားချက်ကိုတောင် အမည်တစ်မျိုး လွှဲပြောင်းချင်မိတာ။ သူ့ဆီမှာ ရှုံးနိမ့်သွားမှာကို အကြောက်ဆုံးပဲ။ မတွေးချင်ဘဲ တွေးမိရက်သားဖြစ်နေတဲ့ သူ့အကြောင်းမှန်သမျှ ခေါင်းထဲကနေ ထုတ်ပစ်ချင်မိတယ်။ မအောင်းတချင်ဘဲ တမ်းတမိရက်သားဖြစ်နေတဲ့ အလွမ်းတွေမှန်သမျှ ရင်ဘတ်ထဲကနေ ဖယ်ရှားပစ်ချင်မိတယ်။ အဲဒီအတွက် ရိုးရာရဲ့ စိတ်နှလုံးကို လမ်းလွှဲပေးရတော့မယ်။ တနည်းအားဖြင့် အစားထိုးခြင်းလို့လည်း အစိပ္ပာယ် ရပါတယ်။ အဲဒီစိတ်ကူးနဲ့ ရိုးရာ သတင်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ပြန် ကြေငြာလိုက်မိတယ်။ တခြားသူတွေကိုတော့ မဟုတ်ပါဘူး။ ထာဝရနဲ့ သော်ကတို့ကိုပါ။

"ငါ . . . ရည်းစားထားတော့မလို့"

◆ ◆





တကယ်တမ်း ရည်းစားထားဖို့ဆိုတာ ရိုးရာ အတွက်တော့ အတော်စွန့်စားရတဲ့ အလုပ်တစ်ခုပါ။ လူတစ်ယောက် ကိုယ်နဲ့ ရင်ဘတ်ချင်း ကာရန်ညီဖို့ဆိုတာ လွယ်တာမှတ်လို့နော့်။ ရိုးရာရဲ့ နံဘေးမှာ ရိုးရာကို ရှုသွပ်နေမယ့် လူတစ်ယောက်ကို နေရာပေးတော့မယ်လို့ ဆုံးဖြတ်ပြီးချိန်ကစပြီး ရိုးရာဆီ ချဉ်းကပ်လာသမျှ ကောင်လေးတွေကို အရင်ကလို ပညာတွေမပေးတော့ဘဲ အရေးတယူ တုန့်ပြန်လာခဲ့မိတယ်။ အနည်းဆုံးတော့ သူတို့ပြောတဲ့ စကားတွေကို နားထောင်ကြည့်တယ်။ ကော်ဖီဆိုင် ထိုင်ကြည့်တယ်။ သူတို့ ရိုးရာကို ဘယ်လောက်ဆွဲဆောင်နိုင်မလဲဆိုတာ . . . အခွင့်အရေး ပေးကြည့်တယ်။ ဒါပေမယ့်လည်း တစ်ယောက်မှ ရိုးရာရင်ကို မတိုးတာအမှန်။

အမြဲတမ်း အတတ်ဆန်းတွေ ထွင်လေ့ရှိတတ်တဲ့ ဘကြူးရင့်ဟာ ရိုးရာ လုံးဝမျှော်လင့်မထားတဲ့ တစ်ရက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရိုးရာကို အံ့ဩမြင်သက်စေခဲ့ပြန်ရော။ အဲဒီနေ့က ရိုးရာကျောင်းက အပြန်ပါ။ ဧည့်ခန်းထဲမှာ ဖေဖေနဲ့ ဧည့်သည်တစ်ယောက် စစ်တုရင်ကစားနေကြတာကို အမှတ်တမဲ့ပဲ သတိထားမိတာ။ ရိုးရာဝင်လာတဲ့ဘက်ကို သူက ကျောပေးထားတာဆိုတော့ ရိုးရာလည်း ဂရုမစိုက်မိ။ ထမင်းစားခန်းထဲ တန်းဝင်ခဲ့ပြီး . . . သံပုရာရည်အေးအေးလေးတစ်ခွက် သောက်နေခဲ့တာ။

"ချက်(စ်)" ဆိုတဲ့ အသံတစ်ခုကြားတော့ ဒီအသံကို ရင်းနှီးလိုက်တာဆိုပြီး ကိုယ်ခန္ဓာလေးတောင် ဆတ်ခနဲ ဖြစ်မိသေး။

"ဟာကွာ . . . အန်ကယ်လ် ဒီအကွက်ကို အငိုက်မိသွားတာကွ၊ မင်းကတော့ လျှင်တယ်ကွာ"

"ကျွန်တော်က အန်ကယ်လ် မြင်မယ်မှတ်တာ၊ စိတ်မကောင်းပါဘူးဗျာ၊ ကဲ . . . ကျွန်တော် ပြန်လိုက်တော့မယ်၊ မနက်ဖြန် အန်ကယ်လ် လမ်းလျှောက်ဦးမှာမှလား၊ ကျွန်တော် ကန်ဘောင်မှာ ရှိမယ်လေ"

အိုး . . .။ ဒီအသံဟာ ကျုးရင့်ပဲ။ ရိုးရာလေ အဟုန်လို လျှင်မြန်စွာနဲ့ ဧည့်ခန်းထဲရောက်သွားမိတယ်။





ဖေဖေနဲ့ ဖက်လှဲတကင်း သူငယ်ချင်းတွေလိုလို ဘာလိုလိုနဲ့ နှုတ်ဆက်စကားဆိုသူဟာ ကျုးရင့်ပါပဲ။ ရိုးရာ မျက်လုံးအဝိုင်းသား ဖြစ်သွားချိန်မှာ သူက ရိုးရာဆီ တစ်ချက်လှမ်းကြည့်တယ်။ ပြီးတော့ သူ့စတိုင်လ်အတိုင်း ခပ်နွေးနွေးပြုံးပြလေရဲ့။

"ဟော . . . သမီး ပြန်ရောက်နေတာလား၊ ဒါဖေဖေ့ သူငယ်ချင်းလေ ကန်ဘောင်မှာ လမ်းလျှောက်ရင်း နေ့တိုင်းဆုံတယ်၊ ဖေဖေတို့ Tai Chi ဆော့တဲ့အဖွဲ့မှာ လာဂျိုင်းရင်း ခင်သွားကြတာ၊ လမ်းလျှောက်ပြီးရင် လက်ဖက်ရည်ဆိုင်မှာ အတူထိုင်ပြီး လေပေးဖြောင့်နေကျလေ၊ တစ်ခါတစ်ခါ ချိန်းပြီး ချက်(စ်) ထိုးကြတာ"

ဖေဖေကတော့ ရိုးရိုးသားသားပဲ မိတ်ဆက်ပေးတယ်။ ရိုးရာ သူ့ကို မျက်စောင်းမထိုးမိအောင် သတိထားရတယ်။ သူကတော့ ပိပိရိရိပဲ။ အင်မတန် သေသပ်လွန်းတဲ့သူ။

"ကျုးရင့်၊ ဒါ အန်ကယ့်လ်သမီး၊ ရိုးရာမေတဲ့ကွ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ချင်း သိပြီးသားပါ အန်ကယ်လ်၊ ကျွန်တော်လည်း YUFL မှာ French တက်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com





"ဟေ . . . ဟုတ်လား၊ အေး ကိုယ်တို့ စကားမစပ်မိကြဘူးနော်၊ အေးကွာ . . . လူငယ်ချင်းလည်း ခင်ထားတော့ ကောင်းတာပေါ့၊ ဒီကောင်လေးက ခင်ဖို့ကောင်းတယ် သမီးရဲ့ တခြားလူငယ်တွေလို ဆောင့်ကြွားကြွား မဟုတ်ဘူး၊ စကားပြောလို့လည်း ကောင်းတယ်၊ ဗဟုသုတလည်း ကြွယ်တယ်၊ သူမသိတာ ဘာမှမရှိသလိုပဲ၊ ဘာ အကြောင်းပြောပြော . . . ပြောလို့ရတယ်"

ဖေဖေကတော့ ဘာမှမသိရှာဘူး၊ အမှတ်တွေ ချွတ်ပေးနေတာ။

"ဩော် . . . ခုမှသတိရတယ် ရိုးရာ၊ မတွေ့တာတောင် ကြာပြီနော်၊ ကိုယ် အင်တာနက်ထဲကနေ မုသားဖော်စက် (lie detector) အကြောင်းရှာဖတ်နေတာ။ နောက်တစ်ခု က truth serum အမှန်တရား ပြောစေတဲ့ ဆေးရည်ဆိုတာလေ၊ လိမ်နေတဲ့သူတွေ စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သတ်ပြီး ခံစားနေရတဲ့သူတွေအတွက် အသုံးဝင်တယ်"

"အဲဒါ ကျွန်မက ဘာလုပ်ရမှာလဲ"

"ဩော် . . .၊ စမ်းသပ်ကြည့်ရအောင်လို့ပါ၊ truth serum ဆိုရင် အတိတ်မေ့နေတဲ့ လူတစ်ယောက်ကိုပဲဖြစ်ဖြစ်ထိုးပေးလိုက်ရင် အဲဒီလူက အိပ်ငွေ့ချခံလိုက်ရသလို ဖြစ်သွားပြီး . . . သူ့ရင်ထဲမှာ သိမ်းဝှက်ထားတဲ့ အမှန်တရားတွေကို ဝန်ခံလာတတ်တယ်တဲ့"

ရိုးရာ သူ့ကို ခပ်စူးစူး စိုက်ကြည့်မိတယ်။ သူ ဘာကို ရည်ရွယ်ဆိုလိုနေမှန်း ရိုးရာ သဘောပေါက်သွားပဲ။

"အေး၊ အဲဒီဆေးရည်ကို ရှင်ပဲ ကိုယ့်ဘာသာကိုယ် ထိုးကြည့်လိုက်ပြီး ကိုယ့်ဘာသာကိုယ် ဝန်ခံစရာရှိတာတွေ ဝန်ခံပေါ့၊ ကျွန်မကတော့ စိတ်မဝင်စားဘူး"

"ဟေ . . .၊ အန်ကယ်လ် စိတ်ဝင်စားတယ်ကွ ဘူးရင့်၊ မနက်ဖြန်ဆုံရင် အဲဒီ truth serum အကြောင်း ပြောပြစမ်းပါ"

အရေးထဲ ဖေဖေကဝင်ပြီး စိတ်ဝင်စားနေသေးတယ်။ ရိုးရာနဲ့သူက ကိုယ့်အထာနဲ့ကိုယ် ပြောနေကြတာလေ။ သူက ရိုးရာကို လှမ်းကြည့်ပြီး ပြုံးတယ်။ အဲဒီအပြုံးလောက် အမြင်ကတ်စရာ အသည်းယားစရာကောင်းတာ မရှိတော့ဘူး။ အဟုတ်။

• ⁓ • ⁓ •



www.burmeseclassic.com

www.burmeseclassic.com

# ယဉ်ကျေးမှု

(၁၀)



www.burmeseclassic.com

www.burmeseclassic.com

"လူတစ်ယောက်ဆီက အများကြီး မျှော်လင့်ထားခဲ့ပြီးမှ
ဘာမှမရလိုက်တဲ့အခါ ခံစားရတဲ့ဝေဒနာနဲ့
သူ့ဆီက ဘာမှ မမျှော်လင့်ထားဘဲ ရလိုက်တဲ့အခါ
ရှိလိုက်တဲ့ပီတိ
ဘယ်ဟာကို သင် ပိုမက်မောပျော်ရွှင်မလဲ"

www.burmeseclassic.com

www.burmeseclassic.com

လွန်းထားထား
(သေးတက္ကသိုလ်)

## ယဉ်ကျေးမှု (၁၀)

အဲဒီညမှာပဲ ကျူးရင့်ဆီက ဖုန်းဝင်လာခဲ့တယ်။ ရိုးရာက သူ့ဆီကနေ ဘာကိုမှ မျှော်လင့်မထားတော့တာပါ။ သူ ဖုန်းများဆက်လာမလားလို့လည်း မျှော်လင့်မနေချင်ဘူး။ ရိုးရာကိုများ သူ သတိရနေမလား . . . ရိုးရာနဲ့ မတော်တဆ ဟန်မျိုးနဲ့ တစ်နေရာရာမှာ ပြန်ဆုံအောင်များ သူ ဆီဦ





www.burmeseclassic.com

www.burmeseclassic.com



အကြွက်ချနေမလားလို့လည်း မှန်းဆမနေချင်ဘူး။ ရိုးရာကို ချစ်နေမိရက်သားနဲ့ လိမ်ညာ ဖုံးကွယ်နေတာများလားလို့လည်း သံသယမဝင်ချင်တော့ဘူး၊ အဲဒီလို ဘာဆိုဘာမှ မမျှော်လင့်တော့ဘဲ ကိုယ့်ဘက်က သူနဲ့ပတ်သက်ပြီး ခံစားနေမိသမျှကိုလည်း တတ်နိုင်သမျှ ဖယ်ရှားရှောင်လွှဲထုတ်နေမိတာလေ၊ သူဖုန်းဝင်လာတော့ ရင်ထဲထိတ်ခနဲတော့ ဖြစ်သွားမိတယ်။ သူ ဘာတွေများ ဇာတ်လမ်းဆင်ဦးမလို့လဲ ဆိုပြီးတော့လေ။

"ရိုးရာ"

"ဆို . . ."

"ကိုယ့်ကို သတိမရဘူးလား"

"ဘာကိစ္စ သတိရရမှာလဲ"

"ဩော် . . . ထားလိုက်ပါတော့လေ၊ ကိုယ်နဲ့ အန်ကယ်လ် ဘော်ဒါတွေ ဖြစ်နေကြတာကိုရော . . . ရိုးရာ သံသယမဝင်မိဘူးလား"

"ကျစ် . . . လာပြန်ပြီ၊ ဘာကို သံသယ ဝင်ရမှာတုန်းရှင် ဘာတွေ ဖြစ်နေတာလဲ ကျုပ်ရင့်၊ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြော၊ ကျွန်မကို ပဟေဠိတွေ လာလုပ်မနေနဲ့၊ ရှင်းလောက် ကျွန်မ ဉာဏ်မမီဘူး"





သူဆီက ခပ်တိုးတိုး ရယ်သံထွက်လာတယ်။ ဒီ ရယ်သံမျိုးကို ကြားရတာနဲ့တောင် ရိုးရာစိတ်ထဲကနေ သူ့ကို လှမ်းပြီး အမြင်ကတ်စွာနဲ့ မျက်စောင်းထိုးချင်မိတယ်။

"ကိုယ်တို့ ကစားပွဲကလေးတစ်ပွဲလောက် . . . ပြန် ကစားကြည့်ရအောင်"

ရိုးရာ နားရွက်ကလေးတွေ ထောင်သွားတယ်။ လာပြန်ပြီ။ သူ ဘာ ဉာဏ်များဦးမလို့လဲ။

"လာပြန်ပြီ၊ ရှင်ဟာလေ . . . သိပ်ကစားသန်တာပဲ နော်၊ ကလေးမဟုတ် သူငယ်မဟုတ်"

"ကိုယ်က ဉာဏ်သုံးရတဲ့ ကစားနည်းတွေကိုပဲ စိတ်ဝင်စားတာပါကွာ၊ အဲဒါက အတွေးအခေါ်နဲ့ ဖြတ်ထိုး ဉာဏ်ကို ပိုပြီး ထက်မြက်စေတယ်လေ"

"ထားလိုက်ပါတော့၊ ပြောပါဦး . . . ဘယ်လိုကစားပွဲလဲ၊ ဘာတွေဉာဏ်များဦးမလို့လဲ"

"တစ်စုံတစ်ယောက်ကို အယုံသွင်းတမ်းကစားရအောင်"

"ဘယ်လို!"

သူ့ခေါင်းစဉ်က ရိုးရာ စိတ်မဝင်စားဘဲ မနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



စရာ။

"လူတစ်ယောက်ကို . . . မင်းနဲ့ကိုယ် ဘယ်သူပြောတာကို ယုံမလဲဆိုတာ ယှဉ်ပြိုင်ရမှာ၊ ဥပမာ သူ့ကို ကိုယ်က ယုံကြည်သွားအောင် လုပ်ပြပြောပြနိုင်တယ်ဆိုရင် ကိုယ်နိုင်တယ်၊ မင်းက သူ့ကို အယုံသွင်းနိုင်တယ်ဆိုရင် မင်းအနိုင်ပေါ့"

"အရှုံးအနိုင်က ဘာကြေးလဲ"

"ဟော၊ မင်း စိတ်ဝင်စားတယ်မှုလား၊ နိုင်တဲ့သူက ရှုံးတဲ့ သူဆီမှာ သူအလိုချင်ဆုံး ဆုတစ်ခုတောင်းကြေးပေါ့၊ ရှုံးတဲ့သူက နိုင်တဲ့သူ တောင်းဆိုတဲ့အရာကို ကြည်ဖြူလိုက်လျောစွာနဲ့ ပေးရမယ်"

ရိုးရာ မျက်မှောင်ကလေးတွန့်ပြီး စဉ်းစားတယ်။ သူနဲ့ လုံးဝ အဆက်အသွယ် မရှိတော့တာထက်စာရင် တစ်ခုခုကို စိန်ခေါ်ပြီး ကစားနေရတာက ရိုးရာအတွက် ပိုပြီး စိတ်ဝင်စားဖွယ်ကောင်းမယ်ထင်ပါရဲ့။

"နေပါဦး၊ ဘယ်သူ့ကို အယုံသွင်းရမှာတုန်း"

"ရိုးရာရဲ့ဖေဖေ . . ."

"ဘာ . . ."





"ဩော် . . . ဖြေးဖြေးအော်ပါ . . . မိန်းကလေးရယ်၊ လန့်လိုက်တာ ကလူကလူ"

"ရှင်နော်၊ ရှင့်မှာ ဘာအကြံအစည်တွေရှိနေတာလဲ၊ ဖေဖေ့ကို တမင်သက်သက် ဖွတ်ဝင်ရောပြီး ဘော်ဒါဖွဲ့ထားတာကိုက ရှင် မရိုးသားတာ"

"ကိုယ် ရိုးသားပါတယ်လို့ မညာချင်ပါဘူး ရိုးရာ၊ ဒီကစားပွဲလေးအတွက် ကိုယ့်ဘက်က ကြိုတင်ပြင်ဆင်ခဲ့တဲ့ သဘောပါ။ မဖြစ်နိုင်တဲ့ အဖြစ်အပျက်တစ်ခုကို တကယ်ဖြစ်ခဲ့တယ်လို့ အန်ကယ်လ်ယုံကြည်သွားအောင် ကိုယ်နဲ့မင်း . . . အပြိုင်ကစားရမှာ၊ ဘယ်လိုလဲ ကစားမှာလား"

"ရှင်လုပ်ပုံက ကျွန်မဖေဖေကို အရူးလုပ်သလိုဖြစ်မနေဘူးလား၊ တကယ်မဟုတ်တာကို အဟုတ်ထင်အောင် လူကြီးကို လှည့်စားရမှာလေ"

"အန်ကယ့်လ်ကို ဘာမှ မထိခိုက်စေရပါဘူးကွာ၊ ကိုယ့် မှာ ယဉ်ကျေးမှု ရှိပါတယ်၊ အန်ကယ့်လ်ကို မလေးမစား ဘာမှမလုပ်ပါဘူး၊ ကိုယ် . . . ပါးပါးကလေးပဲ အယုံသွင်းမှာပါ"

"ရှင်က ဘာကို အယုံသွင်းမှာလဲ"



www.burmeseclassic.com

"မဖြစ်နိုင်တဲ့ အဖြစ်အပျက်တစ်ခုကိုလေ"

"အင်းလေ . . .၊ အဲဒါဘာလဲလို့ ဆိုနေ"

"သိချင်ရင် . . . ဒီကစားပွဲကို မင်းလက်ခံလိုက်လေ"

"ကျစ်၊ ရှင်ဟာလေ . . . တကယ် ဉာဏ်များနိုင်တဲ့လူ"

ရိုးရာ ခဏကလေးပဲ စဉ်းစားမိပါတယ်။ သူ့ရဲ့ကစားပွဲကို စိတ်ဝင်စားနေခဲ့ပြီ။ သူ ဖေဖေ့ကို ဘယ်လိုအဖြစ်အပျက်ကို အယုံသွင်းမှာလဲ။ အဲဒါကို သိချင်စိတ်နဲ့ပဲ . . .

"ကောင်းပြီလေ၊ ရှင့်ကစားပွဲကို ကျွန်မ လက်ခံတယ်၊ ဘယ်တော့ စ,မလဲသာပြော"

"မနက်ဖြန် စ,တာပေါ့ ရိုးရာ"

ရိုးရာ ခေါင်းညိတ်လိုက်မိတယ်။

• ~~ • ~~ •





အင်းလျား မနက်ခင်းက ခါတိုင်းလိုပဲ လမ်းလျှောက်သူတွေ . . . လေ့ကျင့်ခန်းလုပ်သူတွေနဲ့ စည်ကားသက်ဝင်နေခဲ့တယ်။ ကျူးရင့်ကတော့ ရိုးရာရဲ့ဖေဖေ အန်ကယ်လ်သုတနဲ့ လေပေးတွေ ဖြောင့်နေခဲ့တာ။ လက်ဖက်-ရည်ဆိုင်မှာ အတူထိုင်ရင်း ကျူးရင့်က မနေ့က သူပြောခဲ့တဲ့ truth serum အကြောင်း အန်ကယ့်လ်ကို ပြန်ရှင်းပြနေခဲ့တာပါ။ အန်ကယ်လ်ကလည်း စိတ်ဝင်တစား နားထောင်နေခဲ့တာ။ သူက အကွက်ဝင်လာတာနဲ့ . . .

"ကျွန်တော် . . . အဲဒီ truth serum နဲ့ တစ်ယောက်ယောက်ကို တကယ်စမ်းသပ်ကြည့်ချင်တာ အန်ကယ်လ်ရဲ့ သူ့ရင်ထဲမှာ လျှို့ဝှက်ထိမ်ချန်ထားတဲ့ အမှန်တရားတချို့ကို ကျွန်တော်တကယ်သိချင်လို့ပါ"

"အေး . . . အန်ကယ်လ်လည်း မင်းရဲ့ truth serum ကို တကယ် စိတ်ဝင်စားသွားကွ၊ အိမ်က ကိုယ့်အဘွားကြီးကို



www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်ကြည့်ချင်တာကွ ဟားဟား . . . ကိုယ့်ကို ဘာတွေများ လိမ်ညာထိမ်ချန်ထားမလဲလို့"

"ကျွန်တော်က ရိုးရာမေကို စမ်းသပ်ချင်တာပါ အန်ကယ်လ်"

"ဟေ . . . ဘယ်လို"

"ဟုတ်ကဲ့ အန်ကယ်လ်၊ နားနဲ့မနာ ဖဝါးနဲ့မနာ နှလုံးသားနဲ့ပဲ နာပေးပါ အန်ကယ်လ်ရာ . . .၊ ကျွန်တော်နဲ့ ရိုးရာမေ ချစ်သူတွေဖြစ်ခဲ့ဖူးပါတယ်၊ ဒါကြောင့် အန်ကယ့်လ်ကို ကျွန်တော် သိနေခဲ့တာပါ"

"ဟေ ! ဒါဆို မင်း ကိုယ့်ကို လာပေါင်းတာ သွေးရိုးသားရိုးမဟုတ်ဘူးပေါ့၊ တောက် . . . မင်းကွာ၊ မင်းတို့ လူငယ်ချင်းကိစ္စကို ငါ့ကို လာပြောနေရသလားဟ၊ ငါ့ မျက်နှာက ဘယ်နေရာ သွားထားရမှာလဲ"

"စိတ်မဆိုးပါနဲ့ အန်ကယ်လ်ရာ၊ ကျွန်တော် ရိုးရိုးသား
သားနဲ့ ပြောပြထားချင်လို့ပါ၊ ကျွန်တော်တို့ ချစ်သူတွေဖြစ်ခဲ့ပြီးမှ သူက ကျွန်တော့်ကို အကြောင်းမရှိ အကြောင်းရှာပြီး အဆက်ဖြတ်ပစ်လိုက်တယ်၊ သူ ကျွန်တော့်ကိုချစ်တာ ကျွန်တော်သိတယ် အန်ကယ်လ်၊ ဒါပေမယ့် သူ ကျွန်တော့်ကို ညာနေတယ်၊ ကျွန်တော့် ကို မချစ်ဘူးတဲ့"

"ဟာ . . . ဘာတွေလဲ၊ ရှုပ်လိုက်တာကွာ၊ ဟေ့ မင်းတို့ ချင်းကိစ္စ မင်းတို့ဘာသာ ရှင်းကြကွာ၊ ငါ့ကို လာဆွဲမထည့်နဲ့၊ ငါ မပါဘူး"

"မဟုတ်ပါဘူး အန်ကယ်လ်ရယ်၊ ကျွန်တော်က အန်ကယ့်လ်ကို ရင်ဖွင့်တဲ့သဘောပါ၊ ကျွန်တော် သူ့ကို တကယ်ချစ်တာပါ၊ အန်ကယ်လ် ယုံပေးပါနော်"

"ဟေ . . .၊ ငါ မယုံဘူးလို့လည်းမပြောချင်ဘူး၊ ယုံတယ်လို့လည်း မပြောချင်ဘူးကွာ၊ တော်ပြီ တော်ပြီ မင်း ဘာမှ ဆက်မပြောနဲ့တော့ ကျုးရင့်ရာ၊ သူယုံအောင်ပဲ မင်း ကြိုးစား၊ ငါနဲ့ခင်မင်တာကို မင်း အခွင့်ကောင်းမယူနဲ့၊ ငါ့သမီးကို ငါ ဘာမှပြောပေးမှာမဟုတ်ဘူး၊ သူ့နှလုံးသားရေးရာကိစ္စ သူ့ကို လွတ်လပ်ခွင့် အပြည့်အဝပေးထားပြီးသား၊ သူ့ဘာသာသူ ဆုံးဖြတ်လိမ့်မယ်"

"ဟုတ်ပါတယ် အန်ကယ်လ်၊ သူပဲ ဆုံးဖြတ်ရမှာပါ၊ သူ ကျွန်တော့်ကိုချစ်ရက်သားနဲ့ လိမ်နေတာကိုပဲ ကျွန်တော် နားလည်ရခက်နေတာပါ"

"မင်းက သူ မကြိုက်တဲ့ အပြစ်တစ်ခုခု ဘာကျူးလွန်ခဲ့







www.burmeseclassic.com

www.burmeseclassic.com





သလဲမှ မသိတာ၊ တော်ပြီ တော်ပြီဟေ့ . . .၊ ဒီ အကြောင်း ဒီမှာတင်ရပ်၊ ငါ့သမီးအကြောင်း ငါ့ကို မင်း လာပြောနေမယ် ဆိုရင် မင်းနဲ့ငါ အပေါင်းအသင်း မလုပ်တော့ဘူး"

"ဟုတ်ကဲ့ပါ အန်ကယ်လ်၊ အန်ကယ်လ် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရင် ကျွန်တော်တောင်းပန်ပါတယ်၊ ဒီနေ့ ညနေ ချက်(စ်) ကစားဦးမလား အန်ကယ်လ်"

"ဟေ့အေး၊ ငါ စိတ်မပါသေးဘူး၊ မင်း သွားတော့ ကျိုးရင့်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ကျိုးရင့်က ခပ်ယို့ယို့ကလေး ပြန်ထွက်လာခဲ့တယ်။ သူ့ရဲ့ ပထမအကွက်ကိုတော့ လှပစွာ ရွှေ့ခဲ့ပြီးပြီ။ ရိုးရာ ဘယ်လိုတုန့်ပြန်မလဲ ဆိုတာကိုပဲ သူ အသာလေး စောင့်ကြည့်နေရုံ။

• ⁓ • ⁓ •



ညနေစာ စားပြီးချိန်မှာ ဖေဖေက . . .

"သမီးရေ ခြံထဲ ဆင်းလျှောက်ရအောင်"

လို့ ခေါ်တာမို့ ရိုးရာ ဖေဖေနဲ့ ခြံထဲဆင်းလျှောက်မိတယ်။ ဖေဖေ့မျက်နှာက တစ်ခုခုတော့ ဖြစ်နေသလိုပဲ။ ရိုးရာကို တစ်ခုခုပြောချင်နေဟန်လည်းပေါ်တယ်။

"ဖေဖေ . . . ဘာပြောချင်လို့လဲ"

လို့ ရိုးရာ စ, မေးလိုက်မိတယ်။

"သမီးကို . . . ဖေဖေ တစ်ခုမေးချင်လို့"

"ဟုတ်ကဲ့ . . . မေးပါ ဖေဖေရဲ့၊ သားအဖချင်းပဲဥစ္စာ"

ဖေဖေက ချက်ချင်းမမေးသေးဘဲ ချင့်ချိန်နေသေးတာ။ ရိုးရာ နည်းနည်းတော့ စိတ်လှုပ်ရှားလာတယ်။ ဖေဖေ့ကို ကျိုးရင့် တစ်ခုခု အယုံသွင်းလိုက်ပြီ။ အဲဒါဘာပါလိမ့် . . . ရိုးရာ ပိုသိချင်လာတယ်။



www.burmeseclassic.com

“သမီး . . . ကျူးရင့်ကို ဘာဖြစ်လို့ အဆက်ဖြတ်လိုက်တာလဲ . . . ဖေဖေ သိခွင့်ရှိမလားလို့၊ ဖေဖေသိသလောက်တော့ ဒီကောင်လေး မဆိုးပါဘူး၊ ထက်ထက်မြက်မြက်နဲ့ အတွေးအခေါ်ရှိတဲ့ လူငယ်လေးတစ်ယောက်ပါ”

ရိုးရာ ပါးစပ်အဟောင်းသား ပွင့်သွားမိတယ်။ ကြည့်စမ်း . . . သူ အဲ့ယုံသွင်းခဲ့တဲ့ မုသားကြီးက တနင့်တပိုးကြီးပါလား။

“အာ . . . ဖေဖေကလည်း . . . အဲဒါ ဖေဖေ့ကို သူ လိမ်သွားတာ၊ သမီးနဲ့သူ ဘာချစ်သူမှ မဟုတ်ခဲ့ဘူး သမီးဘက်ကလည်း ဘာမှ အဆက်ဖြတ်စရာ အကြောင်း မရှိဘူး”

“ဟေ . . . ၊ သူကပြောတော့ သမီးနဲ့ချစ်သူတွေဖြစ်ခဲ့တယ်တဲ့၊ သမီးကပြောတော့ ချစ်သူတွေ မဟုတ်ဘူးတဲ့ ဘယ်သူ့စကားကို ဖေဖေ ယုံရမှာလဲကွ ဟေ၊ နှစ်ယောက်ထဲက တစ်ယောက်ယောက်တော့ ဖေဖေ့ကို လိမ်နေခဲ့ပြီ”

“အဲဒါ သူလိမ်သွားတာ ဖေဖေ . . .”

ရိုးရာကပြောတော့ ဖေဖေက ရိုးရာကို ခပ်နက်နက်စိုက်ကြည့်တယ်။ အဲဒီအကြည့်ရဲ့ အဓိပ္ပာယ်ကို ရိုးရာ ရိပ်

ထားမိသား။ သမီး လိမ်နေတာရော မဖြစ်နိုင်ဘူးလားဆိုတဲ့ အကြည့်။ ရိုးရာ မျက်နှာတစ်ပြင်လုံး ရှိန်းမြပူနွေးသွားမိတယ်။ အဲဒါ ရိုးရာရှက်သွားခဲ့မိတာ။ ဖေဖေ့ကိုရှက်တာလား . . . ‘သူနဲ့ ရိုးရာ ချစ်သူတွေဖြစ်ခဲ့တယ်’ ဆိုတဲ့ တကယ်မဟုတ်ခဲ့တဲ့ အဖြစ်အပျက်ကို ရှက်တာလား ရိုးရာ မဝေခွဲတတ်။

အဲဒီညမှာတော့ ရိုးရာ သူ့ဆီကို ဖုန်းခေါ်ခဲ့မိ တယ်။

“ရှင် ဘယ်လိုလုပ်ပိုက်တာတုံး ကျူးရင့် . . . ဖေဖေ့ကို ဘာတွေသွားပြောခဲ့တာလဲ”

သူက ရိုးရာ ခုလိုမေးလာမှာကို ကြိုသိမျှော်လင့်ထားတဲ့ စတိုင်လ်မျိုးနဲ့ တဟားဟား ရယ်နေလိုက်သေးတယ်။ ပြီးမှ . . .

“အန်ကယ့်လ်ကို အယုံသွင်းလိုက်တာလေ၊ တကယ်မဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို တကယ်ဖြစ်ခဲ့တယ်လို့ အန်ကယ်လ် ယုံသွားအောင် လုပ်နိုင်ရင် ကိုယ်နိုင်ပြီပေါ့”

ရိုးရာ တကယ်ပဲ နင်နေမိတယ်။ ကိုယ်ကလည်း သူမျှားခေါ်တဲ့ လမ်းကြောင်းထဲ သက်ဆင်းမိလျက်သား ဖြစ်နေခဲ့ပြီကိုး . . . ။

“ရှင်ဟာလေ တော်တော်ညာဏ်များနိုင်တဲ့လူ . . . ၊





www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကိုတော့ တကယ် သြချပါတယ်"

"မင်းဘက်ကလည်း အန်ကယ့်လ်ကို ကြိုက်သလို ပြန်အယုံသွင်းနိုင်သားပဲ ရိုးရာ၊ ကိုယ် စိတ်မဆိုးပါဘူးလေ ဟဲဟဲ . . ."

"စောင့်ကြည့်လေ . . . ဖေဖေက ရှင်ပြောတာကို လုံးဝ ယုံမှာမဟုတ်ဘူး၊ ကျွန်မပြောတာထက် ဘယ်သူ့ကို ပို ယုံမှာတဲ့တုံး"

"လုပ်ပါ လုပ်ပါ . . . မင်းဘက်က ကြိုက်သလို ချေပ ခွင့်ရှိပါတယ်၊ ကိုယ့်ဘက်ကလည်း ကိုယ်နိုင်ဖို့အရေး ဆက်ပြီး အယုံသွင်းရဦးမှာပဲ၊ မင်းကို အားတော့နာပါတယ်လေ"

ရိုးရာ ခေါင်းတရမ်းရမ်းခါမိရင်း ဖုန်းချလိုက်မိတယ်။ သူ ရိုးရာဆီက ဘာလိုချင်တာပါလိမ့်။

• ⁂ • ⁂ •





နောက်တစ်နေ့ အင်းလျားကန်ဘောင်ဆီ သူရောက်သွားချိန်မှာ ရိုးရာဖေဖေက . . .

"ကျူးရင့် မင်း ငါ့ကို လိမ်တယ်"

လို့ ကသိကအောက်အသံနဲ့ ဆိုတယ်။ သူက ပျာပျာသလဲနဲ့ . . .

"ဟာ . . . မဟုတ်တာ အန်ကယ်လ်ရယ်၊ အန်ကယ့်လ်ကို ကျွန်တော် ဒီလောက်ခင်တာ၊ လေးလည်း လေးစားပါတယ်၊ ဒီလို လူကြီးတစ်ယောက်ကို ကျွန်တော် ဘာလို့ လိမ်ရမှာလဲ အန်ကယ်လ်ရာ"

"အေး . . . ဘယ်သူလိမ်နေသလဲတော့ မသိဘူးဟေ့၊ တစ်ယောက်ယောက်ကတော့ ငါ့ကို လိမ်နေတယ်၊ မနေ့က သမီးကို စကားမစပ် မေးမိတော့ မင်းနဲ့သမီး ဘာ ချစ်သူမှ မဟုတ်ခဲ့ဘူးတဲ့၊ မင်းလိမ်တာတဲ့"

သူ မျက်လုံးတွေ မှေးစင်းလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com





"အဲဒါကို ကျွန်တော် နားမလည်တာပါ အန်ကယ်လ် ရယ်၊ သူ ဘာဖြစ်လို့ ကျွန်တော်နဲ့ချစ်သူဖြစ်ခဲ့တာကို ဖုံးကွယ် လျှို့ဝှက်ချင်နေရတာလဲဆိုတာကိုပါ၊ အဲဒါ ကြောင့် ကျွန်တော့် သူ့ကို truth serum သွင်းပြီး အမှန် အတိုင်း သိချင်နေတာ၊ ကျွန်တော်ပြောမယ် အန်ကယ်လ် . . . သူ့ကို ကျွန်တော် အမှတ်တရ သက်ရှိ လက်ဆောင်ကလေးတွေ ပေးခဲ့ဖူးပါတယ်၊ ကြွက်တူရွေး ကလေးနာမည်က မိုက်ခဲတဲ့၊ ကြောင်ကလေးနာမည် က ရွှန်းလဲ့တဲ့၊ ခွေးမွှမွှကလေးနာမည်က ဖြူလွတဲ့၊ သူ ပေးထားတဲ့ နာမည်တွေပါ"

အန်ကယ့်လ်မျက်ခုံးတွေ ပင့်တက်သွားခဲ့တယ်။

"အေး . . . အဲဒီအကောင်တွေက သမီးရဲ့ Pet တွေ ပဲကွ၊ မင်းပေးခဲ့တာလား . . . သေချာရဲ့လားကွာ"

"ရှိးရာကို မေးကြည့်နိုင်ပါတယ် အန်ကယ်လ်"

"မင်းတို့တွေကို ငါ လိုက်မမီတော့ပါဘူးကွာ၊ ငါ့သမီး ကိုတောင် ငါ နားမလည်နိုင်တော့ဘူး . . . တော်ပြီ ဒီအကြောင်းကို ဆက်မဆွေးနွေးစို့နဲ့၊ ဒီညနေ ငါ အားတယ် ကွာ၊ အိမ်လာခဲ့ဦး ချက်(စ်)ထိုးရအောင်"

"ဟုတ်ကဲ့ အန်ကယ်လ် . . ."

သူ ကျိတ်ပြီး ပျော်သွားမိတယ်။ ဘာကြောင့် သူမရဲ့ ဘအဲ့တသြမျက်နှာကလေးကို သူ ခဏခဏ မြင်ချင်မိမှန်း မသိဘူး။ အင်း . . . မသိတာတော့ မဟုတ်ပါဘူး။ သူ သိပါတယ်။ အဲဒါကြောင့်လည်း . . . ။

• ⁂ • ⁂ •





www.burmeseclassic.com

ရိုးရာ ကျောင်းကပြန်လာချိန်တိုင်း အိမ်အဝမှာ စောင့်ကြိုနှုတ်ဆက်လေ့ရှိသူတွေက ရွှန်းလဲ့နဲ့ ဖြူလွတို့ပါ။ ရိုးရာကလည်း သူတို့ကို တွေ့လိုက်ရတိုင်း အမောပြေပြီး ရွှင်လန်းသွားမိတတ်တာပါ။ သူတို့နှစ်ကောင်စလုံးကို ရင်ခွင်မှာ တစ်ဖက်စီ ပွေ့ပိုက်နမ်းရှုံ့ပြီး ထမင်းစားခန်းထဲဝင်ဖို့ ဟန်ပြင်စဉ်မှာ . . .

"သမီးပြန်ရောက်ပြီလား . . . လာပါဦးကွာ"

ဆိုတဲ့ ဖေဖေ့အသံကိုကြားရတယ်။ ဖေဖေနဲ့ အတူထိုင်ပြီး ချက်(စ်)ထိုးနေတဲ့ ကျူးရင့်ကို မြင်လိုက်ရတော့ ရိုးရာ မျက်ခုံးကလေးတွေ အလိုလို တွန့်သွားမိတယ်။ သူကတော့ အေးဆေး . . .။ ရိုးရာကို လှမ်းကြည့်နေဟန်က သူ့ ချစ်သူတစ်ယောက်ကို လှမ်းကြည့်နေတဲ့အတိုင်း ရွှန်းမြမြ နွေးထွေးထွေး။

"ဖေဖေ့ကို အမှန်အတိုင်းဖြေကွာ၊ ဖြူလွတို့ ရွှန်းလဲ့တို့





ကို ဘယ်သူပေးထားတာလဲ၊ တကယ်တော့ ဖေဖေနဲ့ ဘာမှ မဆိုင်ပါဘူး၊ စိတ်လည်း မဝင်စားဘူး၊ ခုဟာက နှစ်ယောက်ထဲက တစ်ယောက်ယောက်က ဖေဖေ့ကို ပိပိရိရိနဲ့ လိမ်နေတယ်လို့ ခံစားရတယ်၊ အဲဒါကို မခံစားနိုင်တာ၊ ကဲ . . . ဘယ်သူဝန်ခံမှာလဲ"

ဖေဖေ့ကြည့်ရတာ နည်းနည်းတော့ စိတ်တိုနေသလိုပဲ။ ဖေဖေ့ကို ရိုးရာ သိပ်သိတာပေါ့။ ဖေဖေက သူ့ကို လိမ်တာကို အမုန်းဆုံး။ အပြစ်တစ်ခု ကျူးလွန်မိရင်တောင် ဖုံးကွယ်လိမ်ညာမထားဘဲ ပွင့်ပွင့်လင်းလင်း ဖွင့်ဝန်ခံတတ်တာကို ပိုအားပေးတတ်သူလေ။ ဖေဖေ့ကိုမှ သူက အယုံသွင်းတမ်းလာကစားခဲ့တာကို ရိုးရာ ဘာကြောင့်များ လက်ခံခဲ့မိပါလိမ့်။ ကြာရင် ဖေဖေ စိတ်ဆိုးလိမ့်မယ် . . .။

"သမီး ဖြေလေ . . . ဒီကောင်တွေကို ဘယ်သူ ပေးထားတာလဲဆိုနေ"

ရိုးရာ သူ့ဆီ ဆတ်ခနဲ လှမ်းကြည့်လိုက်မိတယ်။ သူ့ဘက်က ဖေဖေ့ကို အယုံသွင်းနိုင်ဖို့အတွက် သက်သေတွေ နဲ့ဆိုပါတော့ . . .။ ရိုးရာ နှုတ်ခမ်းကလေး ကိုက်ထားမိရင်း မပွင့်တပွင့် ဖြေမိတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com





"ကျူးရှင့် ပေးထားတာပါ ဖေဖေ . . ."

"ဟုတ်ပြီ . . . သူပေးတာကို သမီး ဘာဖြစ်လို့ လက်ခံထားရတာလဲ၊ သမီးနဲ့ချစ်သူတွေ မဟုတ်ဘဲနဲ့လေ"

"အို . . . ဖေဖေကလည်း၊ အဲဒါက long story ပါ ဖေဖေ၊ ဖေဖေနားလည်အောင် ရိုးရာ မရှင်းပြတတ်ဘူး၊ ဒါပေမယ့် ရိုးရာနဲ့သူ ချစ်သူတွေတော့ လုံးမဟုတ်ဘူး၊ သူပြောတာ မယုံပါနဲ့ ဖေဖေရယ်၊ သူ ဖေဖေ့ကို လိမ်နေတာ"

"အေး . . . ငါကတော့ မင်းတို့နှစ်ယောက်စလုံးကို truth serum သာ သုံးလိုက်ချင်တာပဲ၊ ဘယ်လိုဖြစ်လို့ ကျူးရှင့်က ဟုတ်ပါတယ်ဆိုတာကို သမီးက ငြင်းနေရတာလဲ ဖေဖေလည်း နားမလည်ပါဘူး၊ သမီးလည်း အရွယ်ရောက်နေပြီပဲ၊ ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ခွင့်နဲ့ လက်ထပ်ခွင့်လည်း ပေးထားခဲ့ပြီးသားပဲ၊ သမီးကို ဖေဖေ ဆူမှာမှ မဟုတ်တာ သမီး ရွေးချယ်ထားတဲ့ လူကို ဖေဖေ အကဲခတ်ပေးမယ်၊ ကြည့်ဖြုပေးနိုင်တယ်"

"အာ . . . ဖေဖေကလည်းကွာ၊ မဟုတ်ပါဘူးလို့ဆိုနေ . . . တော်ပြီ ကျူးရှင့်၊ ရှင် ဖေဖေ့ကို ဆက်ပြီးတော့ အယုံသွင်းမနေနဲ့တော့၊ ရပ်တန်းကရပ်တော့၊ ကျွန်မခွင့်မပြုနိုင်တော့ဘူး"

ရိုးရာ စိတ်ပျက်လက်ပျက်ကြီးနဲ့ အခန်းထဲသာ ဝင်လာခဲ့မိတယ်။ ဖေဖေ့ကြည့်ရတာ သူ့ကိုယုံပြီး ရိုးရာ ဇွတ်လိမ်နေတယ်လို့ သံသယရှိနေပုံပါ။ သူ့ရဲ့ အယုံသွင်းနည်းကလည်း ပိရိသကိုး . . .။ ခုလည်း ဖေဖေ့ရှေ့မှာ စကားတစ်ခွန်းမှမဆိုဘဲ မျက်လုံးအကြည့်ကလေးတွေနဲ့ပဲ သက်သေပြနေခဲ့တာ။ အဲဒါဟာ အစစ်မဟုတ်မှန်းသိနေခဲ့တော့ ရိုးရာပဲ ပိုခံစားရပါတယ်။ သူ့ဆီက ဘာမှကို မျှော်လင့်မထားခဲ့တော့ တာ အစစ်မှန်သမျှ အကုန်လုံးပါပဲ။ သူ့မှာက မာယာတွေ ပရိယာယ်တွေ ဖြတ်ထိုးဉာဏ်တွေ လှည့်စားမှုတွေနဲ့ ကစားနည်းတွေ အပြည့်မဟုတ်လား။

• ⁂ • ⁂ •





www.burmeseclassic.com

www.burmeseclassic.com

# ယဉ်ကျေးမှု

# (၁၁)



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူကပြဋ္ဌာန်းတဲ့ ချစ်ခြင်းယဉ်ကျေးမှု

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှု (၁၁)

ဖုန်းမြည်သံကြောင့် ရှိုးရာ နာရီကို အမှတ်တမဲ့ လှမ်းကြည့်မိတော့ ဆယ်နာရီအတိ . . .။ ဟိုတလောက ရှိုးရာ ဆီကို ညတိုင်း ကျစ်ဆံမြီးလာကျစ်ပေးတိုင်း သူ ရောက်လာနေကျ အချိန်ပေါ့။

"ဟယ်လို . . ."

"ရှိုးရာ . . . ကိုယ် ကော်ဖီဆာလို့ ခြံရှေ့မှာ ရောက်နေတယ်၊ ကော်ဖီတစ်ခွက်လောက် လာပို့ပေးနော်"



www.burmeseclassic.com

“အံမာ . . . ကော်ဖီဆာရင် ကော်ဖီဆိုင်ကို သွားပါလား၊ ဒီနံပါတ်က ကော်ဖီအော်ဒါမှာတဲ့ နံပါတ်မဟုတ်ဘူးနော်၊ ရှင့်ကို သိပ်ကြည့်လို့ရတာမဟုတ်ဘူး သိလား၊ အေးဆေးနေ . . .”

“ရပါတယ်လေ . . . မင်း မဖျော်ပေးလည်း ကိုယ် အန်ကယ့်လ်ကို ဖုန်းဆက်နှိုးလိုက်ရုံပေါ့”

“တော်ပြီ ကျုပ်ရှင့် . . . ဒီကစားပွဲကို ကျွန်မ ဆက်မကစားတော့ဘူး၊ ရပ်လိုက်တော့၊ ဖေဖေ့ကို ရှင် ဘာမှ ဆက်ပြီး အယုံမသွင်းနဲ့တော့၊ ဖေဖေက သူ့ကို လိမ်တာညာတာ လုံးဝ ကြိုက်တာမဟုတ်ဘူး သိလား၊ ဖေဖေ အရမ်း စိတ်ဆိုးလိမ့်မယ်”

“ကောင်းပြီလေ ရိုးရာ . . . ကစားပွဲကနေ အရင်ဆုံး နှုတ်ထွက်သူဟာ အရှုံးပေးတာပဲလို့ မင်းလက်ခံရင် ပြီးပြီပေါ့၊ အန်ကယ့်လ်ကို ကိုယ်လည်း အားနာပါတယ်”

ရိုးရာ ကိုယ့်ကိုယ်ကိုယ် သတိမထားမိခင်မှာပဲ travel mug ကလေးနဲ့ ကော်ဖီတစ်ခွက် ဖျော်နေမိခဲ့ပြီ . . . ။





“ရှင် သိပ်နိုင်ချင်တယ်ပေါ့လေ . . . ဟုတ်လား ကျုပ်ရှင့်”

“အနိုင်မယူချင်ပါဘူး ရိုးရာရယ်၊ တကယ်ချစ်လာမိပြီဆိုရင် လူတိုင်းက ကိုယ်ချစ်တဲ့သူကို အလိုလို အရှုံးပေးမိပြီးသားပါ၊ မင်းက ကိုယ့်ကို အရှုံးပေးခွင့်မှ မပေးခဲ့တာ၊ ကိုယ်ရှုံးတာနဲ့ မင်းဆီကနေ အဝေးဆုံးကို လွင့်စင်သွားရတော့မှာလေ၊ မတော်တဆတောင် ပြန်မဆုံချင်ဘူးဆို။ ကိုယ်မှ မင်းနဲ့ အဝေးကြီးမှာ မနေနိုင်တော့တာ၊ ဘယ်လိုလုပ်ပြီး မင်းကို အရှုံးပေးလို့ ဖြစ်မလဲ ကောင်မလေးရယ်”

သူ့အသံက တိတ်ဆိတ်လွန်းတဲ့ညမှာ သိမ်မွေ့ချင်တိုင်း သိမ်မွေ့လို့နေပါတယ်။ ရိုးရာ လုံးဝ မင်သက်ထုံထိုင်းသွားမိတယ်။ အို . . . သူ ဝန်ခံနေတာပါလား။ ‘တကယ်ချစ်လာမိပြီဆိုရင် လူတိုင်းက ကိုယ်ချစ်တဲ့သူကို အလိုလို အရှုံးပေးမိပြီးသားပါ . . .’ တဲ့။ အဲဒါဟာ ချစ်သူကပြဋ္ဌာန်းတဲ့ ချစ်ခြင်းယဉ်ကျေးမှုတစ်ခုလား။ ဒီလိုဆိုရင် ရိုးရာကရော ကိုယ်ချစ်မိသွားတဲ့ လူတစ်ယောက်ဆီမှာ အရှုံးပေးဖို့ ဘာလို့ ဝန်လေးနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်နေရမလဲ။ ရိုးရာရဲ့ခြေထောက်တွေဟာ မြေပြင်မှာတောင် မထိသလိုပဲ။ လေထဲမှာ လွင့်မျောနေသူလို တလွင့်လွင့် မြောလွင့်လာခဲ့မိတယ်။ ဒီအချိန်ကလေးဟာ ရိုးရာအတွက် အင်မတန်အရေးကြီးတယ် ဆိုတာကို ရိုးရာအာရုံနဲ့ အလိုလို သိမြင်ခံစားနေမိတယ်။ ဒီအချိန်ကလေးကို အမှားမခံချင်ဘူး။ လက်လွှတ်အဆုံးရှုံး မခံနိုင်တော့ဘူး။ အတိမ်းစောင်းလည်း မခံချင်တော့ဘူးလေ။ အချစ်မှာ ရိုးသားမှုရှိဖို့က အရေးကြီးဆုံးပဲဆိုတာကို ယဉ်ကျေးမှုတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သူလို အတွေ့အကြုံအရ ရိုးရာ သိခွင့်ရခဲ့ပြီလေ . . .။ ရိုးရာ ဆက်ပြီး ဟန်ဆောင်လိမ်ညာမထားချင်တော့ဘူး။ ရိုးရာရဲ့ သွေးကြောတွေထဲ truth serum တွေ စိမ့်ဝင်လာခဲ့သလိုပဲ . . . အရာရာကို ဖွင့်ဟဝန်ခံချင်နေခဲ့ပြီ။

ရိုးရာ သတိဝင်လာချိန်မှာ သူနဲ့ မျက်နှာချင်းဆိုင်ရပ်နေခဲ့မိပြီ။ ရင်တစ်ခုလုံး ရှိန်းမြလိုက်ဖိုလို့ရယ်။ သူနဲ့ မျက်ဝန်းချင်း အကြာကြီးပဲ ဆုံစည်းမိကြတယ်။ ဒီတစ်ကြိမ်လောက် နွေးထွေးအသက်ဝင်တာ ရင်ခုန်လှိုက်မောရတာ မရှိတော့ဘူးရယ်။





"မေမေ့ကို ဆက်ပြီးတော့ အယုံသွင်းမနေပါနဲ့တော့ ကျုးရင့်၊ ရှင့်ကို ကျွန်မ အရှုံးပေးပါတယ်"

အမြဲတမ်း တွေးကြောက်ခဲ့မိတာက ဘဝမှာ တစ်စုံတစ်ယောက်ကို အရှုံးပေးလိုက်ရရင်ဖြင့် ရိုးရာရဲ့ ရှိရှိသမျှမာနတွေ ဂုဏ်သိက္ခာတွေ ပွန်းပဲ့ထိရှကုန်မှာပဲလို့လေ။ ခုတော့ဖြင့် သူ့ကို 'ကျွန်မ အရှုံးပေးပါတယ်' လို့ ဝန်ခံလိုက်ရခြင်းမှာ သာယာလှိုက်ဖိုနေခဲ့မိပါလား။ သူ့မျက်ဝန်းတွေက သိမ်မွေ့နက်နဲလွန်းစွာ တောက်ပအသက်ဝင်လာသလိုပဲ . . .။

"တကယ်လား ကောင်မလေးရယ်၊ ကိုယ်က မင်းကို အနိုင် မယူရက်ပါဘူး၊ တစ်ခုပဲ တောင်းဆိုချင်တာပါ၊ အဲဒီအခွင့်အရေးကလေးရဖို့အတွက် ကိုယ့်မှာ ဒီကစားပွဲတွေကို အဆင့်ဆင့် ဖန်တီးတီထွင်ခဲ့ရတာ အုံးစားလိုက်တာ"

"ဘာအခွင့်အရေးလဲဟင် . . ."

"မင်းနဲ့တစ်သက်လုံး ချစ်သူတွေဖြစ်ခွင့်ပါ၊ ဘယ်တော့မှ လမ်းမခွဲကြေးလေ"

ရိုးရာ အလိုလို ပြုံးမိရက်သား ဖြစ်သွားမိတယ်။ သူ့မို့ပဲ တောင်းဆိုတတ်လိုက်တာ . . .။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ကျွန်မက ရှုံးတဲ့လူဆိုတော့ ရှင်တောင်းတဲ့ အခွင့်အရေးကို လိုက်လျောရတော့မှာပေါ့နော်၊ အကယ်၍ ကျွန်မက ရှင်တောင်းဆိုတာကို ညစ်ပြီး မလိုက်လျောခဲ့ရင်ကော"

"အဲဒါဆိုရင် အတိုးတွေ တရိပ်ရိပ် တက်သွားမှာပေါ့၊ အတိုးပါ ထည့်တောင်းရကြေးဆိုရင်တော့ လက်ထပ်ခွင့် အထိ ဖြစ်သွားလိမ့်မယ်၊ တစ်သက်လုံး ဇနီးမောင်နှံတွေ ဖြစ်ခွင့်ပေါ့"

"သွား . . . ရှင် အရမ်းလည်တယ် သိလား"

ရိုးရာ သူ့ကို ချစ်စနိုး မျက်စောင်းချိမိရင်း သူ့ လက်ထဲ ကော်ဖီ mug ကလေး လှမ်းထည့်ပေးမိတယ်။ သူက ကော်ဖီကို ဇိမ်ဆွဲသောက်ရင်း . . .

"ကဲ . . . လုပ်လေကွာ၊ အချိန်ဆွဲမနေနဲ့ . . . အချိန်ဆွဲနေရင် အတိုးတွေ တဖြည်းဖြည်း တက်လာလိမ့်မယ် နော်"

လို့ . . . အကျပ်ကိုင်တယ်။ ရိုးရာကလည်း ဒီအဖြေကို ရင်ဘတ်ထဲမှာ သိထားနှင့်ခဲ့တာ ကြာပါပြီ။ ဖွင့်ဟ





ပြီးတော့သာ ဝန်မခံဖြစ်သေးတာလေ။ အဲဒီအတွက် တစ်ခုခုကို သယ်ပိုးထားရသလို လေးလံနေခဲ့မိတာ။ သူ့ကို ဖွင့်ဟဝန်ခံလိုက်ရရင် ရင်ထဲမှာ ဘယ်လောက်ရှင်းသွားမလဲ။ ရိုးရာ သူ့ရဲ့ မျက်ဝန်းတွေထဲ မြူးဖျရွှင်လန်းစွာ စိုက်ကြည့်လိုက်မိတယ် . . .။

"ကောင်းပြီ . . . ကျုရှင့်၊ ရှင့်ကို ကျွန်မနဲ့ တစ်သက်လုံး ချစ်သူတွေ ဖြစ်ခွင့်ပေးလိုက်ပြီ၊ ဘယ်တော့မှ နှုတ်ထွက်ခွင့် မပေးတော့ဘူး သိလား၊ တစ်ရက်တစ်လေ နားခွင့်ကလေးတောင် မပေးနိုင်ဘူး၊ ကျွန်မရဲ့ချစ်သူ အဖြစ် တစ်သက်လုံး အမှုတော် ထမ်းခွင့်ပြုလိုက်တယ်"

သူက အားပါးတရ ပြုံးတယ်။

"ပြောပုံကလေးက မဆိုးဘူး၊ ဒီကလေးမ တော်တော် ယဉ်ကျေးလာပြီပဲ၊ လူတစ်ယောက်က ကိုယ့်ကို တကယ် ချစ်တယ်ဆိုရင် ကိုယ်ကလည်း သူ့ကို ပြန်ချစ်ခဲ့မိပြီဆိုရင် မာနတွေ အရှုံးအနိုင်တွေကို ဘေးဖယ်ထားပြီး ရိုးရိုးကလေး ဖွင့်ဟဝန်ခံလိုက်တာဟာလည်း ယဉ်ကျေးမှုတစ်ခုပဲ ကောင်မလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com





သူကပြောရင်း ရိုးရာဆီ လက်တစ်ဖက် ကမ်းပေးတယ်။ ရိုးရာ ကြည်ကြည်ဖြူဖြူပဲ သူ့လက်ထဲ ရိုးရာရဲ့ လက်ကလေး ပြန်ထည့်ပေးလိုက်မိတော့ ရင်ထဲအလိုလို နွေးသွားတယ်။

"ပြောထားလိုက်မယ်နော် . . . ကိုယ့်ချစ်သူကို အမြဲအလိုလိုက် အလိုက်သိရမှာကလည်း ကျွန်မ ပြဌာန်းတဲ့ ချစ်ခြင်းယဉ်ကျေးမှုတစ်ခုပဲ"

"အိုကေပါတယ်ဗျာ . . . ကိုယ့်ချစ်သူကို ဘယ်တော့မှ မညစ်ဖို့ အနိုင်မကျင့်ဖို့ကလည်း ယဉ်ကျေးမှုတစ်ခုပါ"

"ကိုယ်လိုချင်တာကို ရဖို့အတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ထားတဲ့ ကစားပွဲ game တွေ ဖန်တီးပြီး တစ်ဖက်လူကို လှည့်မကျဖို့ကလည်း ယဉ်ကျေးမှုတစ်ခုပဲ . . ."


" . . . . . . . . ယဉ်ကျေးမှုတစ်ခု . . . ."

" . . . . . . . . ယဉ်ကျေးမှု . . . ."

" . . . . . . . . ယဉ်ကျေးမှု . . . . . . . . . ."

အပြန်အလှန် စကားသံကလေးတွေ တိုးတိတ်ပျောက်ကွယ်သွားတဲ့ထိတိုင် ညက ယဉ်ယဉ်ကျေးကျေး လှပနက်ရှိုင်းနေတော့တယ် . . . .။

စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံနိုင်ပါစေ . . .
မေတ္တာအားဖြင့် . . . .



လွှန်းထားထား (ဆေးတက္ကသိုလ်)
၁၉. ၁၀. ၂၀၁၀



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မရဲ့ချစ်သော ပရိသတ်ကြီးသို့ ...

ကျွန်မရဲ့အုပ် ၂၀၀ ပြည့် အထိမ်းအမှတ်စာအုပ်ဖြစ်တဲ့

**'ကိုယ့်ရင်ဘတ်ရဲ့တခြားအခြမ်း'** ဆိုတဲ့ စာအုပ်ကလေးကို

ဇန်နဝါရီလအတွင်းမှာ

ဆန်းသစ်ထူးခြားစွာ တင်ဆက်ပေးဖို့ ကြိုးစားထားပါတယ်...

နှစ်ပေါင်း နှစ်ဆယ်ကျော်လုံးလုံး

ကျွန်မကို ချစ်ခင်မြတ်နိုးစွာ အားပေးခဲ့တဲ့

ချစ်ပရိသတ်ကြီးကို ချစ်ခင်ရင်းနှီးစွာ

အမှတ်တရ တွေ့ဆုံချင်ပါတယ် ...

ဒါကြောင့် ...

စာအုပ်ထွက်တဲ့နေ့မှာ ကျွန်မနဲ့ ချစ်ပရိသတ်ကြီးနဲ့

တွေ့ဆုံဖို့အတွက် ကျွန်မ မြန်မာပြည်ကို ပြန်လာမှာပါ ...

အဲဒီနေ့မှာ လုပ်တဲ့ အစီအစဉ်ကလေးတစ်ခု စီစဉ်ထားပါတယ်...

ပထမဆုံးရောက်ရှိလာတဲ့ ကျွန်မကိုချစ်တဲ့ ... ကျွန်မကချစ်တဲ့

ချစ်ပရိသတ် အယောက် ၂၀၀ ကို ကျွန်မရဲ့ အုပ် ၂၀၀ ပြည့်

စာအုပ်ကလေးမှာ ကျွန်မကိုယ်တိုင် လက်မှတ်ထိုးပေးပြီး

မေတ္တာလက်ဆောင်အဖြစ် အမှတ်တရ လက်ဆောင်ပေးမှာပါ။

ချစ်တဲ့ ပရိသတ်နဲ့ ရင်းနှီးချစ်ကြည်စွာ စကားတွေပြောချင်ပါတယ် ...

နေရာနဲ့ အချိန်ကို နီးရင် ထပ်ပြီးကြေညာပေးပါမယ်နော်...

ဆက်ဆက်လာခဲ့ကြဖို့ နွေးထွေးစွာ ဖိတ်ကြားအပ်ပါတယ်ရှင်...

ချစ်ခြင်းများစွာဖြင့်

**ချွန်းထားထား**



www.burmeseclassic.com

www.burmeseclassic.com




**လွန်းထားထား (ဆေးတက္ကသိုလ်)**
**၏**
**ထုတ်ဝေပြီးသုံးချင်းဝတ္ထုများ**

၁။ အကြင်နာသူစိမ်း
၂။ အတူတူရှိလှည့်ပါ
၃။ မခွဲထာဝစဉ်
၄။ မြတ်နိုးမိသည်မှအပ
၅။ ဆုံစည်းဖို့ရာ
၆။ ခွဲခဲ့ရသော်
၇။ ချစ်မြတ်နိုးလွန်းသူ၏ နှလုံးသားမှသည်
၈။ သက်ဆုံးတိုင်
၉။ သမုဒယကင်း
၁၀။ အကြွေပန်း၏နိဒါန်း
၁၁။ ပဲ့ကြွေသွားသော နှလုံးသားတစ်ခု၏တမ်းချင်း
၁၂။ ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား
၁၃။ ချစ်ခြင်း၏အခြားမဲ့၌
၁၄။ ချစ်ခြင်းတစ်ခုတည်းဖြင့်သာ
၁၅။ ရစ်ဖွဲ့နှောင်သောကြိုး
၁၆။ မိုးကဲ့သို့ထစ်ချုန်းသော
၁၇။ ကောင်းကင်ထက်ကနှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com

၁၈။ အရိပ်၏အရိပ်
၁၉။ မမေ့အပ်တဲ့ကဗျာ
၂၀။ မျှက်ဝန်းတွင်စွဲထင်ရစ်သော
၂၁။ အတောင်ပံတစ်စုံ အပြာရောင်ကြိုးတစ်စနှင့်
၂၂။ ဆိတ်ငြိမ်သောချစ်ခြင်း၏အသံ
၂၃။ ချစ်သူကပေးသော တစ်စုံတစ်ရာ
၂၄။ မိုးကောင်းကင်သို့တမ်းမက်သော
၂၅။ တောင်ထိပ်ဖျားက ပန်းတစ်ပွင့်
၂၆။ အနီရင့်ရောင်နှလုံးသား၏ အတ္ထုပ္ပတ္တိ
၂၇။ သစ္စာဖြင့်စီရင်အပ်သော
၂၈။ ကရုပ်ကလေး
၂၉။ အချစ်၏ဖြားယောင်းသော
၃၀။ အချစ်၏ ခံယူနိုင်စွမ်းအင်
၃၁။ မုန်တိုင်း၏ကဗျာ
၃၂။ ပေါက်ကွဲသံစဉ်
၃၃။ ဂန္ထဝင်မြောက်ချစ်ခြင်းဆီ
၃၄။ ပင်လယ်ပြင်နှင့်ကောင်းကင်ပြာ
၃၅။ မိုးတိမ်တိုက်နှင့်လက်ထပ်ခြင်း
၃၆။ မေတ္တာစစ်၏ပြတင်းပေါက်များ
၃၇။ ချစ်ခြင်း၏ပဋ္ဌလက်
၃၈။ ကြယ်တွေစုံသောည
၃၉။ လိပ်ပြာတစ်ကောင်၏ရင်ခုန်သံ
၄၀။ ရင်ခွင်နန်းတော်
၄၁။ ရင်ခုန်ခြင်းရဲ့အနုပညာ
၄၂။ အဆိပ်ဖြင့်နူးညံ့သိမ်မွေ့သော
၄၃။ တစ်ယောက်ကတစ်ယောက်ကိုဖန်ဆင်းကာ
၄၄။ မိဖုရားရဲ့ချစ်သူ
၄၅။ နှလုံးသားဆုံချက်၏အလည်ဗဟိုတည့်တည့်
၄၆။ ပန်းနုရောင်နှင်းဆီမွေ့ယာ
၄၇။ နှလုံးသားဆီသို့လျှို့ဝှက်တံခါး
၄၈။ နှစ်ဦးသဘောတူ
၄၉။ ကောင်းကင်နှင့်ကြယ်
၅၀။ လမင်းရဲ့ဥယျာဉ်မှူး
၅၁။ သက်တော်စောင့်ရဲ့ သတို့သမီး
၅၂။ နှလုံးသားဖြင့်မြင်နိုင်သည်
၅၃။ နှုတ်မဆက်တမ်း
၅၄။ အချစ်ဖြင့်ကမ္ဘာတည်သောကောင်လေးနှင့်
အချစ်ကမ္ဘာပေါ်တွင်နေထိုင်သောကောင်မလေး
၅၅။ အဖြူရောင်မြစ်တစ်စင်းရဲ့လျှို့ဝှက်ချက်
၅၆။ ချစ်သူချော့တေး
၅၇။ ကောင်းကင်နှစ်စင်းပြိုင်
၅၈။ အချစ်စစ်မှာ
၅၉။ ပန်းတစ်ပွင့်ဖန်ဆင်းခြင်း
၆၀။ ရင်ခွင်တံခါး



www.burmeseclassic.com

www.burmeseclassic.com

၆၁။ စစ်မှန်စွာ . . . ရူးသွပ်စွာ . . . နက်ရှိုင်းစွာ
၆၂။ မာယာရထား
၆၃။ အချစ်ရဲ့တန်ခိုးများ
၆၄။ ချစ်သူတို့ရဲ့တိုက်ပွဲ
၆၅။ မြားနတ်မောင်နဲ့ချစ်ပုံပြင်
၆၆။ ပန်းသီသူရဲ့ပုံပြင်
၆၇။ အချစ် = အဆိပ်
၆၈။ ရင်နှင့်ရင်း၍
၆၉။ ပန်းနုရောင်သင်္ကေတ
၇၀။ အနက်ရှိုင်းဆုံးပင်လယ်
၇၁။ နှလုံးသားလျှို့ဝှက်ခန်း
၇၂။ နှလုံးသားမြို့သူ
၇၃။ အစွန်းရောက်ချစ်တတ်သူ
၇၄။ နှုတ်ခမ်းထက်ကစားသွား
၇၅။ သင်ချစ်လျှင်ကျွန်ုပ်မမုန်းပါ
၇၆။ အချစ်သင့်သူ
၇၇။ ဒေါင်အိပ်မက်
၇၈။ ချစ်ခြင်းသင့်လက်တွင်းသို့သက်ဆင်းခွင့်ပြုပါ
၇၉။ အချစ်စစ်ပြိုင်ပွဲ
၈၀။ ပဉ္စလက်ရင်ခွင်
၈၁။ နှုတ်၍မရသောမြား
၈၂။ အချစ်စစ်ရှာဖွေသူများ
၈၃။ နောက်ဆုံးထွက်သက်ထိတိုင်
၈၄။ အသက်လိုငြိသူမယ်
၈၅။ သင့်ကိုချစ်၍ သင်ကချစ်သော
၈၆။ ကောင်းကင်ရဲ့အဖော်
၈၇။ လမင်းရဲ့ရံရွှေဖော်
၈၈။ သက်တံ့စီးသူများ
၈၉။ ၁၀၁ ပွင့်နှင်းဆီ
၉၀။ မှန်ဇာဖြူပြုတင်းနောက်ဝယ်
၉၁။ အချစ်ကို ဦးညွှတ်ခြင်း
၉၂။ အမုန်းမဲ့မုသား
၉၃။ မြားတစ်စင်းနှင့် ဘယ်ဘက်ရင်အုံ
၉၄။ ညို့သောပင်လယ် ဆွဲငင်သောလမင်း
၉၅။ ညို့မီးလျှံနှင့် မေတ္တာရေစင်
၉၆။ ဂန္ဓဝင်မြောက်သစ္စာ
၉၇။ ဒုတိယမြောက်ဟန်းနီးမွန်း
၉၈။ သက်တံ့မျှော်စင်
၉၉။ ထပ်တူထပ်မျှ
၁၀၀။ မာန၏နောက်ဆက်တွဲများ
၁၀၁။ ပုံတူ
၁၀၂။ တစ်သက်စာ
၁၀၃။ ချစ်ခြင်းသီတဲ့လက်များ
၁၀၄။ အချစ်မျက်နှာကို တွေ့ဖူးချင်တယ်



www.burmeseclassic.com

www.burmeseclassic.com


၁၀၅။ ရင်ရိုပ်ဥယျာဉ်
၁၀၆။ သတ္တုမပြောက်သတို့သမီး
၁၀၇။ တိမ်ယံထက်က နှင်းဆီဖြူတွေ
၁၀၈။ လူယဉ်ကျေးရဲ့သစ္စာဝတ်မှုံ
၁၀၉။ အစစ်
၁၁၀။ အချစ်ကစားသည်
၁၁၁။ ရာဇဝင်တွင်မယ့်သစ္စာ
၁၁၂။ လမင်းသစ်ပင်
၁၁၃။ အမုန်းနှင့်လက်တစ်ကမ်းအလို
၁၁၄။ ညို့ချက်ပြင်းတယ်
၁၁၅။ သိင်္ဂါရပင်လယ်
၁၁၆။ နှလုံးသွေးကြောရဲ့စီးဆင်းရာ
၁၁၇။ သူ . . . စေညွှန်ရာစေ
၁၁၈။ နှလုံးသားရဲ့အမိန့်တော်အတိုင်း
၁၁၉။ မနောက်နဲ့နော်
၁၂၀။ ရင်ဘတ်ခဏငှားပါ
၁၂၁။ မျက်နှာဖုံးချစ်သူများ
၁၂၂။ ဖွင့်ဟဝန်ခံ၍မရသော
၁၂၃။ ရင်သို့ချိန်ရွယ်ပစ်ခွင်းသော
၁၂၄။ မာယာမဝင်ရ
၁၂၅။ ရှိတော့ရှိတယ်ရှားတယ်
၁၂၆။ ကောင်းကင်တစ်ခုအလိုရှိသည်
၁၂၇။ မနက်ဖြန်ဆိုတာမရှိခဲ့ရင်
၁၂၈။ ပြင်းပြင်းရှုရှုရသ
၁၂၉။ ကျွန်တော်နှင့်နတ်မိမယ်များ
၁၃၀။ မာယာတံတိုင်း
၁၃၁။ ချစ်ခြင်းရဲ့အပြစ်ဒဏ်
၁၃၂။ မီးလျှံထက်ကနှင်းဆီ
၁၃၃။ လှပသောဝဋ်
၁၃၄။ တိမ်ဇာပဝါနောက်ကလမင်း
၁၃၅။ ချစ်၍မုန်းခဲ့သည်။
၁၃၆။ အတောင်ပံတွေရှိခဲ့ရင်
၁၃၇။ ချစ်သူရဲ့ ပုခုံးတစ်ဖက်
၁၃၈။ ချစ်တဲ့ဘက်က
၁၃၉။ ရင်ဖွင့်ခွင့်ပေးပါ
၁၄၀။ နှလုံးသားစီးချင်း
၁၄၁။ တိမ်တွေစီမျောလွင့်သူ
၁၄၂။ မမှောင်သောည မမှိန်သောအလင်း
၁၄၃။ ရည်းစားဟောင်း
၁၄၄။ ပဉ္စလက်မိုး
၁၄၅။ ရှုးအောင်ချစ်မဲ့လူ
၁၄၆။ စိတ်ညို့သူ
၁၄၇။ ချစ်နတ်ဆိုး
၁၄၈။ ပန်းနှစ်ပွင့်ကမ္ဘည်း




www.burmeseclassic.com

www.burmeseclassic.com


၁၄၉။ အချစ်သည်ကိုးကွယ်ရာ

၁၅၀။ ညို့အားပြင်းတဲ့မြစ်တစ်စင်း

၁၅၁။ ချစ်တတ်သူတို့အကြောင်း

၁၅၂။ သတို့သမီးဝတ်စုံ

၁၅၃။ တို့ မဆုံဖြစ်ခဲ့ရင်

၁၅၄။ အမုန်းဖွဲ့တေး

၁၅၅။ မေတ္တာရဲ့သင်္ကေတ

၁၅၆။ စိတ်ဖတ်သူ

၁၅၇။ စိတ်မဆိုးကြေး

၁၅၈။ ရင်ဘတ်ထဲကမြစ်တစ်စင်း

၁၅၉။ အိပ်မက်မျှားသောကျွန်း

၁၆၀။ အမုန်းမြို့မှအပြန်

၁၆၁။ တုံ့ပြန်ခွင့်

၁၆၂။ စတေးခဲ့သော

၁၆၃။ ခေါ်သံ

၁၆၄။ မျက်လှည့်

၁၆၅။ သိမ်မွေ့သော လမင်း . . . နက်ရှိုင်းသော ပင်လယ်

၁၆၆။ အပြာရောင်မိုး ခရမ်းရောင်သစ္စာ

၁၆၇။ နှလုံးသားကမလိမ်တတ်ဘူး

၁၆၈။ လျှို့ဝှက်လက်မျှားဖြင့်ဖန်ဆင်းသော

၁၆၉။ နတ်သမီးစကားထာ

၁၇၀။ ညို့တတ်တယ်

၁၇၁။ တစ်ဘဝကြေး

၁၇၂။ သင်အလိုရှိလျှင်

၁၇၃။ ဆယ်ကျော်သက်ရဲ့ ဒိုင်ယာရီ

၁၇၄။ သစ္စာရှင်းတမ်း

၁၇၅။ ဆဋ္ဌမအာရုံ

၁၇၆။ မုန်းမိမယ်

၁၇၇။ ညို့သခင်နဲ့ ကိုယ်ရောင်ဖျောက်သူ

၁၇၈။ တစ်ခေတ်ဆန်းနှလုံးအိမ်မှာ ထိုးထွင်းခဲ့သော tattoo ရာဇဝင်

၁၇၉။ လရောင်နဲ့လင်းရတဲ့ နှလုံးသားရဲ့အိမ်

၁၈၀။ သစ္စာတရားက သိမ်းပိုက်ထားတဲ့ မြို့တော်

၁၈၁။ အမိရာ

၁၈၂။ ဖနီးချောမျှားကွန်ရက်

၁၈၃။ လေပြေညှင်းရဲ့ အသက်ဆက်တေး

၁၈၄။ ငါ့ရဲ့လမင်းဘယ်သူဝှက်ထားသလဲ

၁၈၅။ အပြင်းစားဥယျာဉ်မှူး

၁၈၆။ ဆယ့်နှစ်ကြိုးကဝေ

၁၈၇။ ပြိုင်မြင်းတို့ရဲ့ ရာဇဝင်

၁၈၈။ ပျားရည်မြစ်တစ်စင်းထဲက ပဥ္စလက်နှင်းဆီ

၁၈၉။ မချစ်တတ်အောင်သင်ပေးပါ

၁၉၀။ ကြယ်စင်ကိုရင်ဘတ်နဲ့မျှားတဲ့သူ

၁၉၁။ ချစ်သူ့ရင်ခုန်သံ ကျွန်မရဲ့ဂီတ




www.burmeseclassic.com

www.burmeseclassic.com

၁၉၂။ သူ့နှလုံးသားမှာခြေရာတွေနဲ့
၁၉၃။ ကျိန်ဆိုတတ်သောပန်းတစ်ပွင့်
၁၉၄။ ချစ်ခြင်းဧရိယာအတွင်း ရောက်ရှိနေပါသဖြင့်
ခေါ်ဆို၍ရနိုင်ပါသည်။
၁၉၅။ သုခဘုံသို့အလည်တစ်ခေါက်
၁၉၆။ ချစ်မြတ်နိုးခြင်းတွေ ဆွဲသီထားတဲ့ လည်တိုင်ဆီ
၁၉၇။ မျှော်လင့်ခြင်းရဲ့ အစွန်းတစ်ဖက်
ယနုလ
၁၉၈။ ချစ်သူက ပြဋ္ဌာန်းတဲ့ ချစ်ခြင်းယဉ်ကျေးမှု
၁၉၉။
၂၀၀။ ကိုယ့်ရင်ဘတ်ရဲ့ တခြားအခြမ်း
(အုပ် - ၂၀၀) ပြည့်အထူး



တံခွန်တိုင်စာပေ၏ ဂုဏ်ယူစွာ စီစဉ်တင်ဆက်မှု -

**ပြည့်လင်း**
စီစဉ်ထုတ်ဝေသည်။

# လွန်းထားထား (ဆေးတက္ကသိုလ်)
# 'ကိုယ့်ရင်ဘတ်ရဲ့တခြားအခြမ်း'

(၂၀၀ အုပ်ပြည့်မြောက်အထိမ်းအမှတ်)

ကိုယ့်ရင်ဘတ်ရဲ့တခြားအခြမ်းက စတော့
သူ့ရင်ဘတ်ဆီမှာ အံဝင်ခွင်ကျ တပ်ဆင်လို့ ......။
ဘယ်တော့မှ လွဲချော်ဝေးကွာခြင်း မရှိတော့မှာကိုလည်း
သူ တစ်ဘဝစာ ယုံကြည်စိတ်ချ ကျိန်းသေလို့လေ ......။

ကြိုတင်ပြင်ဆင်နေပါသည်။

**တံခွန်တိုင်စာပေတိုက်**



www.burmeseclassic.com

www.burmeseclassic.com

တံခွန်တိုင်စာပေ၏ လူငယ်လက်စွမ်းထက်စာရေးသမားများ ဖော်ထုတ်စီစဉ်ထုတ်ဝေမှု

ပြည့်လည်း စီစဉ်ထုတ်ဝေသည်

လူငယ် လက်စွမ်းထက် စာရေးသမား

# မင်းတခေတ်

## မိုးသားစတွဲယား

အချစ် (Love) ဇိတ်ကူးယဉ် အချစ် (Romance) စိတ်ဓာတ်မှုလုံးချင်းဝတ္ထုသစ်

မှန်တန်ရွာ မှာပဲဖြစ်ဖြစ် – ရှိရှိသမျှသော ကောက်တူစိမ်းသူရဲ
နက်မှောင်တဲ့ အမြှူရောင်ကိုမှ ရှိရှာရွာ တစ်ယောက်မိခဲ့တော့
ရှိရှိသမျှ ခံသက်ခဲ့ရရင်း

လွဲမှားခြင်းခြင်း တိကျသူကို မှလောင်သောချစ်ခြင်း၊
အမှတ်တရ မေ့ထားလိုက်ပါ
ကျွဲကောက်တဲ့ လမ်းခြောက်တစ်ခိုင်အပေါ်
လျှောက်လှမ်းရင်တန်ရင်း နှင်းမတုတ်တဲ့ နှင်းကို
သိမှတ်ရှာခဲ့ပေါ့

ဝင်လှည့်မျှော်မြင်မှိုတိုင်း
အတိတ်ကို ကြိုးတွေ့မိတိုင်း၊
ရယ်ရယ်မောမော မျက်ရည်စိုင်းလို့
နှင်းတိုချင်တဲ့ ငါ့ကို မုန်းမိတာကတော့
မေသာရှုခြင်းတွေနဲ့ သောရှာခဲ့ရပြီး

**MIN TA KHIT**

**(4-Thar)²**

(Romantic Love-Story)

ကြိုးစားပြစ်ဆင်နေပါသည်။

**တံခွန်တိုင်စာပေ**



www.burmeseclassic.com

www.burmeseclassic.com

တံခွန်တိုင်စာပေ၏ လူငယ်လက်ရွေးစင်ထက်တာရေးသားများ ဓတ်ထုတ်စိစဉ်ထုတ်ဝေမှု
ပြည်လမ်း စီစဉ်ထုတ်ဝေသည်

လူငယ် လက်ရွေးစင်ထက် စာရေးသား

# မင်းတခေတ်
## အချစ်ပုံပြင်

အချစ် (Love) စိတ်ကူးယဉ် အချစ် (Romance) ခံစားမှုလုံးချင်းဝတ္ထုသစ်

ဂျက်ဖိတွေများတဲ့လမ်းမှာ
အချစ်က လောင်းကြေး
ဆုံနိုင်မယ့် နေ့တစ်နေ့ကို
စိတ်ကူးနဲ့ပဲ အရိပ်ယူခဲ့မိတယ် …၊
တမ်းဆောင်မှု အတတ်ပညာ
မသင်ခဲ့ဘူးလေတော့
မျက်နှာပေါ်က အလွမ်းငွေ့တွေကို
မင်းရှာကြိုက်မိမှာပါ …

# MIN TA KHIT
## LOVE STORY

(Romantic Love-Story)

ထြို့တင်ပြင်ဆင်နေပါသည်။

**တံခွန်တိုင်စာပေ**



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တံခွန်တိုင်စာပေ၏ လူငယ်လက်စွမ်းထက်စာရေးသမားများ ဖော်ထုတ်စီစဉ်ထုတ်ဝေမှု

ပြည်လမ်း စီစဉ်ထုတ်ဝေသည်

လူငယ် လက်စွမ်းထက် စာရေးသမား

# မင်းတခေတ်

## ဆန္ဒတို့၏ရှိုက်သံ

အချစ် (Love) စိတ်ကူးယဉ် အချစ် (Romance) ခံစားမှုလုံးချင်းဝတ္ထုသစ်

အခုတော့ —
ဘယ်သူ့ ဘယ်သူမှ
မက်မက်မောမော မစားချင်ကြတဲ့
ပြုံးသသီးတောင်ပျော့ စားဖွယ်ရုံတွေက
ဖိုးအာဝ — ဖိုးအိပ်မက်
ညတာ စားပွဲမှာ
အငွေ့တထောင်းထောင်းနဲ့ပဲလေ
ကဲ ...
လက်တွယ်ညှော်ဖို့
မပြီးပြည့်ချင်တော့ပါဘူးကွယ်။

# MIN TA KHIT

## The Silent Crying Of Wish

(Romantic Love-Story)

ကြိုတင်ဖြစ်ဆင်နေပါသည်။

တံခွန်တိုင်စာပေ



BURMESE CLASSIC .com
www.burmeseclassic.com